# လူ့အခွင့်အရေးချိုးဖောက်မှုများကို အဓိပ္ပါယ်သတ်မှတ်ခြင်း

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသည့်ခုနှစ် | – | စက်တင်ဘာလ၊ ၂၀၂၂ ခုနှစ်။ |
| ကာတွန်း | – | K@K |
| မျက်နှာဖုံးနှင့်တွင်းအပြင်အဆင် | – | MMMLwin |
| မူပိုင်ခွင့် | – | လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ) |

Federal Foreign Office

ယခုစာအုပ် ထုတ်ဝေနိုင်စေရန်အတွက် ဂျာမနီ နိုင်ငံမှ
တစိတ်တပိုင်းကူညီပံ့ပိုးပါသည်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | အမှာစာ | ၅ |
| ၂။ | သတ်ဖြတ်ခြင်း | ၇ |
| ၃။ | အစဖျောက်ပစ်ခြင်း | ၁၃ |
| ၄။ | ညှဉ်းပမ်းနှိပ်စက်မှု | ၁၉ |
| ၅။ | အဓမ္မလုပ်အားပေးစေခိုင်းခြင်း | ၂၅ |
| ၆။ | ကလေးစစ်သား | ၃၃ |
| ၇။ | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | ၃၈ |
| ၈။ | ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း | ၄၄ |
| ၉။ | မုဒိမ်းပြုကျင့်မှုနှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း | ၅၀ |
| ၁၀။ | လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်း | ၅၇ |
| ၁၁။ | အတင်းအဓမ္မ လက်ထပ်စေခြင်း | ၆၁ |
| ၁၂။ | မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်ခြင်း | ၆၇ |
| ၁၃။ | လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း | ၇၄ |
| ၁၄။ | လူကုန်ကူးခြင်း | ၈၀ |
| ၁၅။ | လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ကို ပိတ်ပင်တားမြစ်ခြင်း | ၈၅ |

# အမှာစာ

မြန်မာနိုင်ငံမှာဖြစ်ပွားသော လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများကား များပြားလှသည်ဖြစ်ရာ (ND–Burma) ၏ အဖွဲ့ဝင် အသီးသီးသည် မိမိတို့၏ သတ်မှတ်ထားသော တာဝန်နှင့် အထူးသက်ဆိုင်သော ချိုးဖောက်မှုများကိုသာ အာရုံစိုက် မှတ်တမ်းတင်ကြပါသည်။ အဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်ရေးအတွက် စည်းမျဉ်းကန့်သတ်ချက် ဘောင်တခု ပေါ်ပေါက်လာရေးတွင် ဦးစားပေးလုပ်ငန်းတာဝန်တခုမှာ ကွန်ရက်အဖွဲ့အနေနှင့် အထူးအာရုံစိုက်မည့် လူ့အခွင့်အရေး ချိုးဖောက်မှုအမျိုးအစားများကို "သတ်မှတ်ထားသော ဝေါဟာရများ" စာရင်းဖြင့် ပြုစုထားကြရန်ဖြစ်ပါသည်။ဤစာရင်းကို အခြေခံလျှက် (ND–Burma)မှ မှတ်တမ်းတင်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှု (၁၇) ခုကို အထူးပြုထားသည့် လက်စွဲစာစောင်များနှင့် အထွေထွေမှတ်တမ်းပြုခြင်း လက်စွဲစာစောင်တို့ပါဝင်သော မှတ်တမ်းပြုခြင်း လက်စွဲစာစောင်များကို ရေးသားပြုစုကာ ၂၀၁၉ တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

ချိုးဖောက်မှု ၁၇ ခု (Top 17 List) တွင်–

၁။ သတ်ဖြတ်ခြင်း (Killings)

၂။ အစဖျောက်ပစ်ခြင်း (Disappearances)

၃။ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း (Torture Inhumane Degrading Treatment)

၄။ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း (Forced labour)

၅။ ကလေးစစ်သား အသုံးပြုမှု (Use Child Soldiers)

၆။ အတင်းအဓမ္မ နေရပ်မှ ရွှေ့ပြောင်းခံရခြင်း (Forced relocation)

၇။ ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း (Confiscation destruction of property)

၈။ မုဒိမ်းကျင့်ခြင်း (Rape)

၉။ အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ (Other sexual violence)

၁၀။ အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း (Forced prostitution)

၁၁။ အတင်းအကြပ် လက်ထပ်စေခိုင်းခြင်း (Forced marriage)

၁၂။ မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထိန်း သိမ်းခြင်း (Arbitrary illegal arrest detention)

၁၃။ လူကုန်ကူးခြင်း (Human trafficking)

၁၄။ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း (Obstruction freedom of movement)

၁၅။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်း (Obstruction of freedom of expression assembly)

၁၆။ အဓမ္မ အခွန်ကောက်ခြင်း၊ သိမ်းဆည်းခြင်း (Taxation/Extortion

၁၇။ လွတ်လပ်စွာ ဘာသာရေး ယုံကြည်ကိုးကွယ်မှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်း (Obstruction Freedom of Religion) တို့ဖြစ်သည်။

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှု မြောက်ရန်မှာ ချိုးဖောက်မှု၏ အဓိကအင်္ဂါရပ်များ ပြည့်မီရန် လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေနှင့် ဆန့်ကျင်သောလုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေး အတွက် ရှိနေရမည့် ပတ်ဝန်းကျင်အခြေအနေတစုံ လိုအပ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ်စာတမ်း ပြဋ္ဌာန်းချက်များမှ နေ၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှု မှန်သမျှကို စတင်မှတ်တမ်းတင်ခြင်း မပြုမီ ချိုးဖောက်မှုဟူသော အဓိပ္ပာယ်ကို သတ်မှတ်ရာ၌ လိုအပ်သည့် အင်္ဂါရပ်များ အကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤစာအုပ်တွင် ချိုးဖောက်မှု ၁၇ ခု (Top 17 list) နှင့် ပတ်သက်သည့် အဓိပ္ပါယ် အင်္ဂါရပ်များကြောင်း ရှင်းလင်း ဖော်ပြထားပါသည်။

ယခုအခါတွင် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးဆိုးရွားရွား ဖြစ်ပေါ်လျှက်ရှိရာ သက်ဆိုင်ရာ လူ့အခွင့်အရေး ချိုးဖောက်မှုအလိုက် အဓိပ္ပါယ်များကို ခွဲခြားသိမြင်မှသာလျှင် မှတ်တမ်းတင်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ND-Burma အဖွဲ့ဝင်များမှ မှတ်တမ်းတင်လျှက်ရှိသည့် ချိုးဖောက်မှု ၁၇ ခု (Top 17 list) ကို ပြန်လည် ထုတ်ဝေလိုက်ပါသည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND-Burma)
၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ။

# သတ်ဖြတ်ခြင်းကို အဓိပ္ပါယ်သတ်မှတ်ခြင်း။ (Killing)



**(က) နိုင်ငံတကာဥပဒေအရဆိုလျှင် သတ်ဖြတ်ခြင်း၏ အင်္ဂါရပ်များကား အဘယ်နည်း။**

သတ်ဖြတ်ခြင်းကို လူ့အခွင့်အရေး ချိုးဖောက်မှုတရပ်အဖြစ် မှတ်တမ်းပြုရန်အလို့ငှာ အောက်ပါ အင်္ဂါ ရပ် (၄)ရပ် ထင်ရှား ကြောင်းဖော်ပြရပါမည်။[၁]

၁။ လူ့အသက်ကို သေစေခြင်း။

၂။ တရားဥပဒေမဲ့ သတ်ဖြတ်ခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

---

၁။ လူတို့၏ အသက်ရှင်နေထိုင်ခွင့်ကို ကာကွယ်ပေးထားသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ပုဒ်မ-၃။ Universal Declaration of Human Rights (Article 3)
- လူမှုရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ-၆။ ICCPR) (Article 6)
- ဂျီနီဗာ ကွန်ဗင်းရှင်း (အထွေထွေ ပုဒ်မ-၃)။ ၎င်းမှာ စစ်ပွဲနှင့်ဆိုင်သော ဥပဒေများ၏ တစိတ်တပိုင်းဖြစ်ပြီး၊ မြန်မာနိုင်ငံက ပါဝင် လက်မှတ်ရေးထိုး ထားပါသည်။
- ကလေးများ အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ-၆။ The Covenant on the Rights of the Child (Article 6) အကယ်၍ နစ်နာရသူသည် အသက်-၁၈ နှစ်အောက်ဖြစ်ပါက အသုံးပြုနိုင်သည်။ မြန်မာနိုင်ငံက ဤသဘောတူညီချက်ကို ချွင်းချက်ဖြင့် အသိအမှတ်ပြု လက်မှတ်ရေး ထိုးထားသည်။

## (ခ) အပြည်ပြည်ဆိုင်ရာ ဥပဒေ– လူတဦး၏ အသက်ရှင်နေထိုင်ခွင့်

အသက်ရှင်နေထိုင်ခွင့်ကို အတင်းအကြပ် ရုပ်သိမ်းခြင်းကို အပြည်ပြည်ဆိုင်ရာ ဥပဒေများက ပိတ်ပင်တားမြစ်ထားပါသည်။ သတ်ဖြတ်ခြင်းသည် အသက်ရှင်နေထိုင်ခွင့်ကို ရုပ်သိမ်းခြင်းအဖြစ် အပြည်ပြည်ဆိုင်ရာ ဥပဒေကို ချိုးဖေါက်ရာ ရောက်သည်။

---

လူ့အခွင့်အရေးဆိုင်ရာ ဥရောပ သဘောတူညီချက်၊ ပုဒ်မ–၂၊ European Convention on Human Rights (Article 2)၊ အမေရိကန် လူ့အခွင့်အရေးဆိုင်ရာ သဘောတူ ညီချက်၊ ပုဒ်မ–၄ the American Convention on Human Rights (Article 4) တို့ကဲ့သို့သော ဒေသဆိုင်ရာ သဘောတူညီချက်များသည် လည်း လူများ၏ အသက်ရှင် နေထိုင်ခွင့်ကို ကာကွယ်မှုပေးထားပါသည်။ အာဆီယံအဖွဲ့တွင် အလားတူ သဘောတူညီမှု ရှိသော်လည်း လက်မှတ်ရေးထိုး ခြင်း မပြုရသေးပါ။

ဥပဒေအရ စည်းနှောင်မှု မရှိသော်လည်း လူတို့၏ အသက်ရှင်နေထိုင်ခွင့် အခွင့်အရေးကို ကာကွယ်ပေးထားသည့် နိုင်ငံတကာ စာချုပ်စာတမ်း များရှိ နေပါသည်။ ၎င်းတို့မှာ – ဥပဒေစည်းကြပ်ရေး အရာရှိများ၏ အင်အားသုံးခြင်းနှင့် လက်နက်အသုံးချခြင်းဆိုင်ရာ မူဝါ the Basic Principles on the Use of Force and Firearms by Law Enforcement Officials /

သေဒဏ်အပြစ်ကျခံရသူများ၏ အခွင့်အရေးကို အာမခံကာကွယ်ပေးရန်မူများ the Safeguards Guaranteeing Protection of the Rights of those Facing the Death Penalty

တရားမဝင်၊ အတင်းအကျပ်သဘောနှင့် အကျဉ်းရုံး သတ်ဖြတ်မှုများကို ထိရောက်စွာ ကာကွယ်ပေးရေးနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ လမ်းညွှန်မှုများthe Principles on the Effective Prevention and Investigation of Extralegal, Arbitrary and Summary Executions နှင့် ရာဇဝတ်မှုကြောင့် နစ်နာရသူများနှင့် အာဏာ အလွဲသုံးစားမှုများအတွက် နစ်နာရသူများ တရားမျှတမှုရရှိရေး မူဝါဒများဆိုင်ရာ ကြေညာစာတမ်း the Declaration of Basic Principles of Justice for Victims of Crime and Abuse of Power တို့ ပါဝင်ပါသည်။ အထူးသဖြင့် တရားမဝင်၊ အတင်းအကျပ်သဘောနှင့် အကျဉ်းရုံး သတ်ဖြတ်မှုများကို ထိရောက်စွာ ကာကွယ်ပေးရေးနှင့် စုံစမ်းစစ်ဆေး ရေးဆိုင်ရာ လမ်းညွှန်မှုများအရ အစိုးရများသည် ဥပဒေကြောင်းအရ၊ သို့မဟုတ် အခြားသောပုံစံများဖြင့် ဤသို့ သေစေမည်ဟု ခြိမ်းခြောက်စာပေးခံရသူများ အပါအဝင်၊ သတ်ဖြတ်ခံရမည့်အရေး ကြုံတွေ့နေရသူများကို ကာကွယ်ပေးရန် တာဝန်ရှိပါသည်။ ထို့အပြင် ဤမူများ၏ ပုဒ်မ–၁ အရ ပြည်တွင်း မငြိမ်မသက်မှုများ၊ သို့မဟုတ် လူထုအရေးပေါ် အခြေအနေများ ကဲ့သို့သော သာမာန်မဟုတ်သည့် အခြေအနေများအရ ဤသို့ အကျဉ်းရုံးသတ်ဖြတ်မှုကို ဆင်ခြေပေး၍မရပါ။

ပုဒ်မ–၂၀ အရ နစ်နာရသူ ကာယကံရှင်များ၏ မိသားစုဝင်များ ကိုလည်း ကာလတခုတာ သင့်လျော်သော ထောက်ပံ့ကြေးပေးခြင်းများ ဆောင်ရွက်ပေးရပါမည်။ See Principles on the Effective Prevention and Investigation of Extra–legal, Arbitrary and Summary Executions: Recommended by Economic and Social Council resolution 1989/65 of 24 May 1989, Article 1, http://www.unhchr.ch/html/menu3/b/54.htm (last visited July 31, 2008) and Fact Sheet No 11 (Rev. 1), Extrajudicial, Summary or Arbitrary Executions, http://www.unhchr.ch/html/menu6/2/fs11.htm (last visited Nov 1, 2005).

ဤမှတ်တမ်းများကို အင်တာနက်စာမျက်နှာတွင် ကြည့်ရှုရယူနိုင်ပါသည် see http://www2.ohchr.org/english/law/ (last visited 27 July 2008).

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်းမရှိပါ။အစိုးရ ၏ ယေဘုယျလုပ်ဆောင်ချက်မှ လာသည့်ဥပဒေကျောရိုးတခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခု သည် စဉ်ဆက်မပြတ်ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှုမရှိပါ။

သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးမထားသော်လည်း၊ ဤ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆက်နွယ်မှုရှိနေသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရစည်းနှောင်းမှုမရှိစေရန် အစဉ်အဆက်ငြင်း ပယ်ဖော်ပြမှုမျိုး ပြုလာရမည်ဖြစ်သည်။ လူအများစုက လက်ခံယူဆထားကြရာတွင် လူတဦး၏ အသက်ရှင်နေ ထိုင်ခွင့်သည် ယေဘုယျ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများ၏ တန်ဖိုးထားချက်တခုသာ ဖြစ်သည်မကa jus cogens norm တခုလည်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ၎င်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အခြေခံတန်ဖိုးထားချက်ဖြစ်ပါသည်။ မည်သည့်နိုင်ငံကမျှ (အကယ်၍အမြဲတစေ ကန့်ကွက်နေခဲ့လျှင်သော်မှ) ချိုးဖောက်ခွင့်မရှိပါ။ တနည်းဆိုရသော် နိုင်ငံတော် အစိုးရများသည် ဤတန်ဖိုးထားချက်ကို ပစ်ပယ်ရောင်းစားခြင်းမပြုရပါ။ See, Fact Sheet No 11 (Rev. 1), Extrajudicial, Summary or Arbitrary Executions, http://www.unhchr.ch/html/menu6/2/fs11.htm (last visited 1 November 2005).

Abuse of Power တို့ ပါဝင်ပါသည်။ အထူးသဖြင့် တရားမဝင်၊ အတင်းအကျပ်သဘောနှင့် အကျဉ်းရုံး သတ်ဖြတ်မှုများကို ထိရောက်စွာ ကာကွယ်ပေးရေးနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ လမ်းညွှန်မှုများအရ အစိုးရများသည် ဥပဒေကြောင်းအရ၊ သို့မဟုတ် အခြားသောပုံစံများဖြင့် ဤသို့ သေစေမည်ဟု ခြိမ်းခြောက်စာပေးခံရသူများ အပါအဝင်၊ သတ်ဖြတ်ခံရမည့်အရေး ကြုံတွေ့နေရသူများကို ကာကွယ်ပေးရန် တာဝန်ရှိပါသည်။ ထို့အပြင် ဤမူများ၏ ပုဒ်မ–၁ အရ ပြည်တွင်း မငြိမ်မသက်မှုများ၊ သို့မဟုတ် လူထုအရေးပေါ် အခြေအနေများ ကဲ့သို့သော သာမာန်မဟုတ်သည့် အခြေအနေများအရ ဤသို့ အကျဉ်းရုံး သတ်ဖြတ်မှုကို ဆင်ခြေပေး၍မရပါ။

ပုဒ်မ–၂၀ အရ နစ်နာရသူ ကာယကံရှင်များ၏ မိသားစုဝင်များ ကိုလည်း ကာလတခုတာ သင့်လျော်သော ထောက်ပံ့ကြေးပေးခြင်းများ ဆောင်ရွက်ပေးရပါမည်။ See Principles on the Effective Prevention and Investigation of Extra–legal, Arbitrary and Summary Executions: Recommended by Economic and Social Council resolution 1989/65 of 24 May 1989, Article 1, http://www.unhchr.ch/html/menu3/b/54.htm (last visited July 31, 2008) and Fact Sheet No 11 (Rev. 1), Extrajudicial, Summary or Arbitrary Executions, http://www.unhchr.ch/html/menu6/2/fs11.htm (last visited Nov 1, 2005).

ဤမှတ်တမ်းများကို အင်တာနက်စာမျက်နှာတွင် ကြည့်ရှုရယူနိုင်ပါသည် see http://www2.ohchr.org/english/law/ (last visited 27 July 2008).

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်းမရှိပါ။အစိုးရ ၏ ယေဘုယျလုပ်ဆောင်ချက်မှ လာ သည့် ဥပဒေကျောရိုးတခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခု သည် စဉ်ဆက်မပြတ်ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှုမရှိပါ။

သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးမထားသော်လည်း၊ ဤ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆက်နွယ်မှုရှိနေသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရစည်းနှောင်းမှုမရှိစေရန် အစဉ်အဆက်ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည်ဖြစ်သည်။ လူအများစုက လက်ခံယူဆထားကြရာတွင် လူတဦး၏ အသက်ရှင်နေ ထိုင်ခွင့်သည်ယေဘုယျ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများ၏ တန်ဖိုးထားချက်တခုသာ ဖြစ်သည်မကa jus cogens norm တခုလည်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ၎င်း သည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အခြေခံတန်ဖိုးထားချက် ဖြစ်ပါသည်။ မည်သည့်နိုင်ငံကမျှ (အကယ်၍အမြဲတစေ ကန့်ကွက်နေခဲ့လျှင်သော်မှ) ချိုးဖောက်ခွင့်မရှိပါ။

တနည်းဆိုရသော် နိုင်ငံတော် အစိုးရများသည် ဤတန်ဖိုးထားချက်ကို ပစ်ပယ်ရောင်းစားခြင်းမပြုရပါ။ See, Fact Sheet No 11 (Rev. 1), Extrajudicial, Summary or Arbitrary Executions, http://www.unhchr.ch/html/menu6/2/fs11.htm (last visited 1 November 2005).

## (ဂ) တရားဥပဒေမဲ့ သတ်ဖြတ်ခြင်းဆိုသည်ကို မည်သည့်အချက်များက အထမြောက်စေသနည်း။

"တရားဥပဒေမဲ့"သတ်ဖြတ်ခြင်းတွင် ဥပဒေမဲ့သတ်ဖြတ်ခြင်း သို့မဟုတ် တရားရုံးမှာ စီရင်ခြင်းမရှိသော၊ အကျဉ်းရုံးစီရင်သော သတ်ဖြတ်ခြင်း သို့မဟုတ် အတင်းအကျပ် သတ်ဖြတ်ခြင်းတို့ အကျုံးဝင်ပါသည်။ ယေဘုယျအားဖြင့် ဆိုရလျှင်၊ သတ်ဖြတ်မှုတရပ်သည် တရားမမျှတမှု ဖြစ်စေ၊ ကျိုးကြောင်းမခိုင်လုံမှု ဖြစ်စေ၊ လက်လွတ်စပယ်ပြုခြင်း ဖြစ်စေ ပါရှိနေပါက ၎င်းသည် တရား ဥပဒေမဲ့သတ်ဖြတ်ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အောက်ပါတို့သည် တရားဥပဒေမဲ့သတ်ဖြတ်ခြင်း၏ သာဓကအချို့ဖြစ်ပါသည်။[၂]

◆ ညှဉ်းပမ်းနှိပ်စက်ရာမှ သေဆုံးခြင်း

◆ တရားမျှတသော တရားရုံးကြားနာစစ်ဆေးမှု မရှိဘဲ ကွပ်မျက်ခြင်း

◆ စစ်သုံ့ပန်းကို သတ်ဖြတ်ခြင်း[၃]

◆ အလွန်အကျွံ အင်အားအသုံးပြုရာမှ သေဆုံးခြင်း (အထူးသဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများမှာ ဖြစ်ပွားသည်။)

◆ ထိန်းသိမ်းချုပ်နှောင်ထားစဉ် ကာလအတွင်း အသက်သေစေလောက်သော အခြေအနေများမှနေ၍ သေဆုံးခြင်း။ သာဓကအားဖြင့် အစားအစာမကျွေးဘဲ ထားခြင်း၊ သို့မဟုတ် ဆေးဝါးကုသ မပေးခြင်း။

သတ်ဖြတ်ခြင်းသည် လက်နက်ကိုင်တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ရာမှသေဆုံးခြင်း သို့မဟုတ် တရားမျှတသော တရားရုံး ကြားနာစစ်ဆေးမှု လုပ်ပြီးနောက် သေဒဏ်ပေးမှုကြောင့် သေဆုံးခြင်းကဲ့သို့သော အနည်းအကျဉ်းမျှသော အခြေအနေများမှာသာလျှင် "ဥပဒေနှင့်အညီ"ဖြစ်သည်ဟု ဆိုနိုင်ပါသည်။[၄] ကျန်သတ်ဖြတ်ခြင်း အများစု (နိုင်ငံ၏ အရေးပေါ်အခြေအနေများအတွင်းမှာ ကျူးလွန်သော

---

၂။ တရားမဝင်၊ အတင်းအကျပ်သဘောနှင့် အကျဉ်းရုံး သတ်ဖြတ်မှုများကို ထိရောက်စွာ ကာကွယ်ပေးရေးနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ လမ်းညွှန်မှုများ (ပုဒ်မ-၁) See, Prin- ciples on the Effective Prevention and Investigation of Extra-legal, Arbitrary and Summary Executions (Article 1) ESifh Fact Sheet No 11 (Rev. 1): Extrajudicial, Summary or Arbitrary Executions, http://www.unhchr.ch/html/menu6/2/fs11.htm (last visited 1 November 2005) ကိုကြည့်ပါ။

၃။ အပြည်ပြည်ဆိုင်ရာ စစ်ပွဲဥပဒေများအရ စစ်သားများနှင့် လက်နက်ကိုင် အတိုက်အခံအုပ်စုဝင်များကိုပင်လျှင် စစ်ပွဲ တိုက်ခိုက်နေသည့် အခြေအနေမျိုး မဟုတ်လျှင် သတ်ဖြတ်ခြင်းကို ခွင့်ပြုထားခြင်းမရှိပါ။ ဤပြဋ္ဌာန်းချက်သည် စစ်အကျဉ်းသားများအတွက်ကိုမူ ရှင်းလင်းစွာ ဆက်လက်ဖော်ပြထား ခြင်း မရှိပါ။ အပြည်ပြည်ဆိုင်ရာ စစ်ပွဲဥပဒေများအရလက်နက်ချ လာသူကို သတ်ဖြတ်သုတ်သင်ခွင့်မရှိပါ။ အကယ်၍ ဤသူသည် အတိုက်အခံအုပ်စု၊ စစ်တပ်၏ အဖွဲ့ဝင်၊ လက်နက်ကိုင် အဖွဲ့ဝင်ဖြစ်နေလျှင်သော်မှ သတ်ဖြတ်ခွင့်မရှိပါ။ ထို့အပြင်နှိပ်စက်ညှဉ်းပမ်းခြင်းကြောင့် သေဆုံးရခြင်းသည် အစဉ်သဖြင့် တရားမ ဝင် ဆောင်ရွက်သည်ဟု သတ်မှတ်ထားကြပါသည်။

၄။ လူအများစုက သေဒဏ်အပြစ်ပေးမှုကို နိုင်ငံတကာ ဥပဒေများက တားမြစ်ထားသည်ဟု ယုံကြည်နေကြပါသည်။ အနည်းဆုံးအနေနှင့် နိုင်ငံတကာ ဥပဒေက အရွယ်မရောက်သေးသည့် ကလေးသူငယ်များအပေါ်၊ ကိုယ်ဝန်ဆောင်အမျိုးသမီး၊ မိခင်အသစ်နှင့် ရူးသွပ်နေသူများကို သေဒဏ်အပြစ်ပေး ခြင်းကို တားမြစ်ထားပါသည်။ သေဒဏ် အပြစ်ပေးခံရသူများ၏ အခွင့်အရေးများကို အာမခံပေးခြင်းဆိုင်ရာ မူများကိုကြည့်ပါ See, Safeguards Guaranteeing Protection of the Rights of those Facing the Death Pen- alty, ECOSOC resolution 1984/50 of 25 May 1984, http://www.unhchr.ch/html/menu3/b/h_comp41.htm (last visited 1 November 2005); see also Article 6(5) of the International Covenant on Civil and Political Rights, http://www.unhchr.ch/tbs/doc.nsf/(Symbol)/84ab9690ccd81fc7c12563ed 0046fae3?Opendocument (last visited 1 November 2005) and General Comment No. 06: The Right to life (Art. 6).

သတ်ဖြတ်ခြင်း အပါအဝင်ဖြစ်သည် ) သည် တရားဥပဒေနှင့်မညီသော သတ်ဖြတ်မှုများဖြစ်သည်)။

## (ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်း အမှုမြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုး ဖြစ်ရန်လို အပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား (နိုင်ငံတော် အဆင့်) အဖွဲ့အစည်း" ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။[၅] သို့ဖြစ်ရာ အစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရ အရာရှိတဦးက သတ်ဖြတ်မှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၆] အစိုးရလုပ်ဆောင်ချက်တွင် တရားဝင် အသိအမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသောချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့်ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။[၇] သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ သတ်ဖြတ်မှုကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ပါသည်။

## ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့အာဏာ ကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ

---

၅။ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East–West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (State) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

၆။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

၇။ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏ လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

၏အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံ ပြည်သူ့စစ်များ နှင့် အစိုးရကဲ့သို့ပြု မူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမ ဟုတ်သော အခြား အင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေ မှုများအတွက် တာဝန်ခံ ရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစု များ (Non State Actors – NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုး တုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှု မျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့ အခွင့်အရေးချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည်ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

၁။ သတ်ဖြတ်ခြင်းအဖြစ်သတ်မှတ်ခြင်း

- ◆ မည်သူသေဆုံးခဲ့သနည်း။
- ◆ မည်သည့်ဖြစ်ရပ်များ ဖြစ်ပွားခဲ့သနည်း။
- ◆ မည်သည့်အချိန်အခါမှာ သေဆုံးခဲ့သနည်း။
- ◆ မည်သည့်နေရာမှာ သေဆုံးခဲ့သနည်း။
- ◆ မည်သို့ သေဆုံးခဲ့သနည်း။
- ◆ ဖြစ်ပွားခဲ့သည်တို့ကို သင်မည်သို့သိပါသနည်း။

၂။ တရားဥပဒေမဲ့သတ်ဖြတ်ခြင်း အဖြစ်သတ်မှတ်ခြင်း

- ◆ သတ်ဖြတ်ခြင်းအမှုတွင် မည်သူက ဦးဆောင်ခဲ့ပါသနည်း။
- ◆ သတ်ဖြတ်ခြင်းအမှုအတွက် မည်သည့် အကြောင်းပြချက် ပေးခဲ့သနည်း။

- ◆ သတ်ဖြတ်ခံရခြင်းမှ လွတ်ရန်အတွက် ခံရသူမှာ မည်သည့် အခွင့်အလမ်းများ ရှိခဲ့ပါသနည်း။
- ◆ သတ်ဖြတ်ခြင်းအမှုကို မည်သို့မည်ပုံ ကျူးလွန်ခဲ့ပါသနည်း။
- ◆ ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်ကို သတ်မှတ်ခြင်း။

- ◆ သတ်ဖြတ်ခြင်းကို မည်သူကလုပ်ခဲ့သနည်း။ မည်သူကအမိန့်ပေးခဲ့သနည်း။ ဤအကြောင်းကို မည်သူတို့က သိခဲ့သနည်း။ သတ်ဖြတ်ခြင်းကို မည်သူတို့က ကူညီဆောင်ရွက်ပေးခဲ့သနည်း။
- ◆ ဤအဖြစ်အပျက်နှင့်ပတ်သက်၍ သင်တိုင်ကြားခြင်းပြုပါသလား။ အဘယ်ကြောင့်တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်းမပြုပါသနည်း။
- ◆ ဤသို့ သတ်ဖြတ်ခြင်း မဖြစ်ရအောင်အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်ပေးပါသလား။
- ◆ ဤသတင်းအချက်အလက်များကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

# အစဖျောက်ပစ်ခြင်းအဖြစ် သတ်မှတ်ခြင်း။ (Disappearances)



**(က) နိုင်ငံတကာ ဥပဒေအရဆိုလျှင် အစဖျောက်ပစ်ခြင်း၏ အင်္ဂါရပ်များကား အဘယ်နည်း။**

အစဖျောက်ပစ်ခြင်းကို လူ့အခွင့်အရေး ချိုးဖေါက်မှုတရပ်အဖြစ် မှတ်တမ်းပြုရန်အလို့ငှာ အောက်ပါ အင်္ဂါရပ် (၄) ရပ် ထင်ရှားကြောင်း ဖေါ်ပြရပါမည်။[၈]

၁။ လူပုဂ္ဂိုလ် တစုံတယောက်ကို တရားမဝင်ချုပ်နှောင်ထားခြင်း သို့မဟုတ် အခြားတပါး သို့ ခေါ်ဆောင်သွားခြင်း။

၂။ ခံရသူ၏ သဘောဆန္ဒ မပါရှိခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

၄။ အစ ဖျောက်ပစ်ခြင်းနှင့် ပတ်သက်၍ အစိုးရ၏ ငြင်းကွယ်မှု။

---

၈။ လူအားလုံး အတင်းအကျပ် အစပျောက်စေခြင်းမှ ကာကွယ်ပေးရေးဆိုင်ရာ ကြေညာစာတမ်းကို ကြည့်ပါ See, Declaration on the Protection of all Persons from Enforced Disappearance, http://www.ohchr.org/english/law/disappearance.htm (last visited 30 November 2005). ဤကြေညာစာတမ်းက ဖော်ပြထားရာတွင် စနစ်တကျ အတင်းအကျပ် အစဖျောက်စေခြင်းသည် ဖော်ပြပါစာသားများပါ လူ့အခွင့်အရေးများကို ချိုးဖောက်ရုံမျှသာမက၊ လူသား မျိုးနွယ်တရပ်လုံးကို အရှယ်ပြုစေသည့် ကျူးလွန်ချိုးဖောက်မှုလည်း မြောက်ပါသည်။ ထို့မျှမက အပိုဒ်-၇ တွင် ဖော်ပြထားရာ၌ ပြည်တွင်းနိုင်ငံရေး မငြိမ်မသက်မှုများ သို့မဟုတ် စစ်ရန်ပြုမည့် အရှယ် ခြိမ်းခြောက်မှုများကို အကြောင်းပြု၍ လူများကို အစတုန်း ဖျောက်ဖျက်ပစ်

## (ခ) နိုင်ငံတကာဥပဒေ – အစဖျောက်ပစ်ခြင်းများ

အစဖျောက်ပစ်ခြင်းများမှ ကာကွယ်ပေးခြင်းသည် လူတဦးတယောက်၏ တရားရုံးရှေ့မှောက်တွင် အသိအမှတ်ပြုခံခွင့်၊ လူတဦးတယောက်၏ လွတ်လပ်ခွင့်နှင့်လုံခြုံခွင့်၊ ညှဉ်းပမ်းနှိပ်စက်မှုမှ လွတ်ကင်းခွင့်၊ အသက်ရှင်နေထိုင်ခွင့်တို့ အပါအဝင် သတ်မှတ်ပြဋ္ဌာန်းထားသော အခွင့်အရေးများမှ နေ၍ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ ဤအခွင့်အရေးများကို နိုင်ငံတကာ မှတ်တမ်းများတွင်ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ အစဖျောက်ပစ်ခြင်းရန်မှ လူပုဂ္ဂိုလ်အားလုံးကို ကာကွယ်စောင့် ရှောက် ပေးရေး ကြေညာစာတမ်းသည် အစဖျောက်ပစ်ခြင်း ပြဿနာများကို အထူးသဖြင့် ဖြေရှင်းထားပါသည်။

## (ဂ) အစိုးရ၏ငြင်းကွယ်မှုကို မည်သည့်အကြောင်းအချက်များဖြင့် ပြသရန် လိုပါသနည်း။

"အစိုးရ၏ ငြင်းကွယ်မှု" ဆိုသည်မှာ အစဖျောက်ခံခဲ့ရသူ မည်သည့်နေရာမှာ ရှိနေကြောင်း ဖော်ပြပေးရန်ဖြစ်စေ၊ စုံစမ်းလေ့လာပေးရန်ဖြစ်စေ အ စိုးရ၏ပျက်ကွက်မှုကို ဆိုလိုပါသည်။ တနည်းဆိုရသော်၊ ပျောက်ဆုံးနေသူကို ရှာတွေ့ရေးအတွက် သတင်းအချက်အလက်များ၊ သို့တည်းမဟုတ် စာရွက်စာတမ်းများထုတ်ပေးရန် ပျက်ကွက်ခြင်းပင်ဖြစ်ပါသည်။ ဤအင်္ဂါရပ်သည် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ပျောက်ဆုံးနေသူသည် တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုနှင့် ကင်းလွတ်နေသောကြောင့် ဖြစ်ပါသည်။[၉]

"အစိုးရ၏ငြင်းကွယ်မှု" ကို သက်သေပြရန်အတွက်မူ ပျောက်ဆုံးနေသူ၏ မိသားစု သို့မဟုတ် အခြားကိုယ်စားလှယ်များအဖို့ ပျောက်ဆုံးနေသူအကြောင်း စုံစမ်းလေ့လာရန် ကြိုး စားခဲ့ကြောင်းနှင့် ဤစုံစမ်းလေ့လာမှုများနှင့် ပတ်သက်၍လုံလောက်စွာ အရေးယူဆောင် ရွက်ပေးခြင်း မခံရကြောင်းတို့ကို ပြသရန်လိုပါသည်။ ဤစုံစမ်းလေ့လာမှုကြောင့် လက်တုံ့ ပြန်မှုများ ရှိတတ်သော နေရာများ၌ မိသားစု သို့မဟုတ် အခြားကိုယ်စားလှယ်များအဖို့ လက်တုံ့ပြန်ခြင်းကို ကြောက်၍ ပျောက်ဆုံးနေသူအကြောင်းကို စုံစမ်းလေ့လာမှု မလုပ်နိုင်ခဲ့ကြောင်း ပြသရပါမည်။[၁၀]

စေသည်မှာ တရားဝင်သည့်၊ ဆင်ခြေကောင်း မဟုတ်ပါ။ ဤကြေညာစာတမ်းအရ အစိုးရများသည် ထိန်းသိမ်းထားသူများ အားလုံးကို စာရင်းဇယားထား ရှိရန်လိုအပ်ပါသည်။ (ပုဒ်မ– ၁၀–၃)။ ထိုမျှမက အစိုးရသည် ပျောက်ဆုံး နေသူများဟု စွပ်စွဲဖော်ပြထားသမျှ အမှုများကို စုံစမ်းစစ် ဆေးပေးရန် တာဝန်ရှိပါသည်။ (ပုဒ်မ– ၁၃) မိသားစုဝင်များ၊ သက်ဆိုင်သူများ အဖွဲ့များကိုလည်း သူတို့ချစ်ခင်ရသူများ ပျောက်ဆုံးနေရမှုအတွက် လိုအပ်သည့် တိကျသော သတင်းအချက်အလက်များ ပံ့ပိုးပေးရန် တာဝန်ရှိသည်။ (ပုဒ်မ– ၁၀ –၂)။ မေးမြန်းစုံစမ်းသူများအပေါ် မည်သို့သောလက်တုံ့ ပြန်မှုမျိုးမဆိုကို ကန့်သတ်ပေးရန် အစိုးရတွင် တာဝန်ရှိပြီး၊ ပျောက်ဆုံးနေရသူ၏ ကိုယ်စိတ်ကျန်းမာရေး၊ နေထိုင်ကောင်းမွန်ရေးအတွက်လည်း တာဝန်ရှိသည်။ (ပုဒ်မ– ၁၃–၃)

၉။ ဤကြေညာချက်သည် အစိုးရမဟုတ်သော အဖွဲ့အစည်းများအပေါ် လွှမ်းခြုံမှု မရှိပါ။ (ဥပမာ– လက်နက်ကိုင် အတိုက်အခံ သူပုန်အဖွဲ့များ) လူအားလုံးကို အတင်းအကျပ် အစပျောက်စေခြင်းမှ ကာကွယ်ပေးရေးဆိုင်ရာ ကြေညာစာတမ်း၏ နိဒါန်း See, Preamble of the Declaration on the Protection of all Persons from Enforced Disappearance, http://www.ohchr.org/english/law/disappearance.htm (last visited 30 November 2005).

၁၀။ အတင်းအကျပ် အစပျောက်စေမှုဆိုင်ရာ အလုပ်အဖွဲ့၏ လုပ်ပိုင်ခွင့်များတွင် လူပျောက်ဆုံးမှုများကို စုံစမ်းစစ်ဆေးရန်သာမက၊ မိသားစုဝင်များကို လက်တုံ့ပြန်မှု မခံရစေရေး အတွက်ကာကွယ်ပေးရေး လုပ်ငန်းများလည်းပါဝင်သည်။ သို့အတွက်ကြောင့် ကွင်းဆင်းလုပ်သားများ အနေနှင့်အစိုးရ၏ ငြင်းဆိုမှုကို သက်သေအထောက်အထားမရှိ လျှင်သော်မှ (ဤအချက်သည် နောက်ဆုံးအချက်ဖြစ်သည်) အခြားရာဇဝတ်မှုဆိုင်ရာ အချက်များနှင့် မည်သည့်အတွက်ကြောင့် လူပျောက်ဆုံးရမှုကို စုံစမ်းစစ်ဆေးမှု မပြုလုပ်နိုင်သည့်အကြောင်းကို ထင်ရှားအောင် ပြသနိုင်သည်။ See Fact Sheet No. 6 (Rev. 2) Enforced or Involuntary Disappearances, Officer of the High Com– missioner for Human Rights, http://www.unhchr.ch/html/menu6/2/fs6.htm; http://www.ohchr.org/english/issues/disappear/members.htm (last visited 1 November 2005).

## (ဃ) အစိုးရ၏ လုပ်ဆောင်ချက် ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေအရဆိုလျှင် အဓမ္မလုပ်အားစေခိုင်းမှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုးဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာအခြေစိုက်ထားပြီး၊နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား(နိုင်ငံတော်အဆင့်)အဖွဲ့အစည်း" ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။[၁၁] သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပာယ်ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက အဓမ္မလုပ်အားခိုင်းစေမှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိ အမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသောချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော် လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင် အစဖျောက်ခြင်း ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲလွှတ် ပေးထားလျှင် အစိုးရအနေနှင့်နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။

## ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာ ကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ် သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ပြု မူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမ ဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံ ရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစု

၁၁။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

များ (Non State Actors – NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကိုသက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည် ဖြစ်စေ၊ အစိုးရ မဟုတ်သော အခြားအင် အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

### (c) အရေးကြီးသောမေးခွန်းများ မေးခြင်း – အစဖျောက်ပစ်ခြင်း

၁။ တရားမဝင်ချုပ်နှောင်ထားခြင်းအဖြစ် သတ်မှတ်ခြင်း

- ◆ မည်သူ ပျောက်ဆုံးသွားခဲ့သနည်း။
- ◆ မည်သည့်ဖြစ်ရပ်များ ဖြစ်ပွားခဲ့သနည်း။
- ◆ ပျောက်ဆုံးသူသည် မည်သည့် အချိန်အခါမှာ ပျောက်ဆုံးသွားခဲ့ပါသနည်း။
- ◆ ထိုလူပုဂ္ဂိုလ်၏ နောက်ဆုံးအချိန်အထိ မည်သည့်နေရာမှာ ရှိခဲ့သည်ဟု သိရပါသနည်း။
- ◆ ထိုလူပုဂ္ဂိုလ်သည် မည်သို့မည်ပုံ ပျောက်ဆုံးသွားခဲ့ပါသနည်း။
- ◆ ဖြစ်ပွားခဲ့သည်တို့ကို သင်မည်သို့သိပါသနည်း။

၂။ အစဖျောက်ပစ်ခြင်းသည် ကာယကံရှင်၏ သဘောဆန္ဒမပါဘဲ ဖြစ်ပွားခြင်းဖြစ်ကြောင်း သတ်မှတ်ခြင်း

- ◆ အစဖျောက်ပစ်ခြင်းနှင့် ပတ်သက်၍ မည်သူက အမိန့်ပေးခဲ့သနည်း။
- ◆ ခေါ်ရာသို့ အစဖျောက်ပစ်ခြင်းခံရသူက လိုက်ပါခြင်းမပြုဟု ငြင်းဆန်ပါလျှင် မည်သို့ဖြစ်မည်နည်း။

- အစပျောက်သွားခဲ့သည်ဟု သင်အဘယ့်ကြောင့် ထင်ပါသနည်း။
- ဤဖြစ်ရပ်သည် မည်သို့မည်ပုံ ဖြစ်ပွားခဲ့ပါသနည်း။
- အစဖျောက်ပစ်ခြင်းခံရသူကို ခြိမ်းခြောက်ခြင်းရှိခဲ့ပါသလား။ မည်သို့ခြိမ်းခြောက်ခဲ့သနည်း။ မည်သူက ခြိမ်းခြောက်ခဲ့သနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်ကို သတ်မှတ်ခြင်း

- မည်သူတို့က အစဖျောက်ပစ်ခဲ့သနည်း။ မည်သူက အမိန့်ပေးခဲ့သနည်း။ ဤအကြောင်း ကို မည်သူတို့က သိခဲ့သနည်း။ အစဖျောက်ပစ်ခြင်းကို မည်သူတို့က ကူညီဆောင်ရွက်ပေးခဲ့သနည်း။
- ဤအဖြစ်အပျက်နှင့် ပတ်သက်၍ သင်တိုင်ကြားခြင်းပြုခဲ့ပါသလား။ အဘယ်ကြောင့် တိုင်ကြားခဲ့ပါသနည်း။ သို့တည်း မဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုခဲ့ပါသနည်း။
- ဤသို့ အစဖျောက်ပစ်ခြင်း မဖြစ်ရအောင် အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်ပေးပါသလား။
- ဤသတင်းအချက်အလက်များကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

၄။ အစိုးရ၏ငြင်းကွယ်မှုကို သတ်မှတ်ခြင်း

- ဤအစဖျောက်ပစ်မှုနှင့် ပတ်သက်၍ သင်တိုင်ကြားခြင်း ပြုခဲ့ပါသလား။ အဘယ်ကြောင့် တိုင်ကြားခဲ့ပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုခဲ့ပါသနည်း။
- ဤဖြစ်ရပ်နှင့်ပတ်သက်၍ မည်သူ့ထံ တိုင်ကြားခဲ့ပါသနည်း။
- ဤသို့ အစဖျောက်ပစ်ခြင်း မဖြစ်ရအောင် အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့ မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်ပေးပါသလား။

- ဤဖြစ်ရပ်နှင့်ပတ်သက်၍ မည်သည့်အချိန်အခါမှာ တိုင်ကြားခြင်း ပြုခဲ့ပါသနည်း။
- ဤသတင်းအချက်အလက်များကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

# ညှဉ်းပမ်းနှိပ်စက်မှုကို အစိပ်ပွါးသိသတ်မှတ်ခြင်း
## (Torture Inhumane Degrading Treatment)



**(က) နိုင်ငံတကာဥပဒေအရ ညှဉ်းပမ်း နှိပ်စက်မှုတွင် မည်သည့် အင်္ဂါရပ်များ ပါဝင်သနည်း။**

ညှဉ်းပမ်းနှိပ်စက်မှုကို လူ့အခွင့်အရေးချိုးဖောက်မှုတခုအဖြစ် မှတ်တမ်းတင်နိုင်ရန်အတွက် အောက် ဖော်ပြပါ အင်္ဂါရပ်လေးခု ထင်ရှားကြောင်း ဖော်ပြရပါမည်။[၁၂]

၁။ ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း ပြင်းထန်စွာ နာကျင် စေခြင်း၊ သို့မဟုတ် ခံစားရစေခြင်း။

၂။ ရည်ရွယ်ချက်ဖြင့် အနာတရ ဖြစ်စေခြင်း

၃။ ရည်ရွယ်ချက် အကြောင်းတခုခု ရှိခြင်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက် တို့ဖြစ်သည်။

၁၂။ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix

## (ခ) ပြင်းထန်စွာ နာကျင်ခြင်း (သို့မဟုတ်) ခံစားရခြင်းတွင် မည်သည့်အချက်များ ပါဝင်သနည်း။

နစ်နာခံစားရသူ၏ နာကျင်မှု၊ သို့မဟုတ် ခံစားရမှုသည် ညှဥ်းပမ်းနှိပ်စက်ခြင်း အဆင့်သို့တိုင် အောင်ရောက်ရှိခြင်းရှိ- မရှိကို အဆုံးအဖြတ်ပေးရန်အတွက် နစ်နာခံစားရသူ၏ သွင်ပြင်လက္ခဏာ နှင့် အဖြစ်အပျက်၏ အခြေအနေများကို ထည့်သွင်းစဥ်းစားရန် လိုအပ်သည်။ ဥပမာ – ထိုသူ၏ လိင်၊ အသက်အရွယ်၊ ဘာသာရေးကိုးကွယ်မှု သို့မဟုတ် ဓလေ့ထုံတမ်း အစဥ်အလာ ယုံကြည်မှု၊ ကျန်းမာရေး၊ ၎င်းအနိုင် ကျင့် နှိပ်စက်မှု အမျိုးအစား (သို့မဟုတ်) ကာလကြာချိန် (သို့မဟုတ်) နစ်နာခံစားရသူ ခံနိုင်သည်ထက် ပို၍ ပြင်းထန်သော အခြေအနေတွင် ဖြစ်နိုင်သည့်အနေအထား စသည်တို့ဖြစ်သည်။

## (ဂ) မည်သည့် ရည်ရွယ်ချက်များကို တရားဥပဒေနှင့် မညီညွတ်ဟု ဆုံးဖြတ်နိုင်သနည်း။

တားမြစ်ခြင်းတွင် အကျုံးဝင်နိုင်သော ရည်ရွယ်ချက်များကို မည်သည့်အမျိုးအစားဟူ၍ သီးသန့် ခွဲခြားသတ်မှတ်ထားခြင်း မရှိပေ။ နိုင်ငံတကာက လက်ခံထားသော စံချိန်စံညွှန်းများကိုလိုက်နာခြင်း မရှိသော၊ ရည်ရွယ်ချက်တခုအတွက် မည်သို့သော ညှဥ်းပမ်းနှိပ်စက်ခြင်းကိုမဆို၊ မည်သည့် အပြုအမူများကိုမဆို တားမြစ်ကန့်သတ်ထားသည်ဟု နားလည်ထားနိုင်သည်။ ဥပမာ – ညှဥ်းပမ်းနှိပ်စက်ခြင်း၏ တားမြစ်ထား သော ရည်ရွယ်ချက်များမှာ[၃၃]

တဦးတယောက်၏ ထင်မြင်ချက်ကြောင့် ဖြစ်ပေါ်ရသော ညှဥ်းပမ်းနှိပ်စက်မှုဖြစ်သောကြောင့် မည်သည့် အတိအကျလုပ်ဆောင်ချက်သည် ညှဥ်းပမ်းနှိပ်စက်မှု ဖြစ်သည်ကို ဆုံးဖြတ်ရန် ခက်ခဲကောင်းခက်ခဲနိုင်သည်။ နာကျင်မှုနှင့် ခံစားရမှုသည် ညှဥ်းပမ်းနှိပ်စက်ခြင်းဟူသော အဆင့်သို့ထိအောင် ပြင်းထန်ခြင်း မရှိ သော်လည်း မလျော်ကန် ပြုမူခြင်းနှင့် အကျုံး ဝင်နေသည်ကို အမှတ်ရရန်မှာ အရေးကြီးသည်။ အဘယ် ကြောင့်ဆိုသော် ထိုကဲ့သို့ မလျော်ကန် ပြုမူခြင်းကိုလည်း နိုင်ငံတကာဥပဒေတွင် တားမြစ်ထားသည်။ အခန်း ၁၊ အပိုင်း ၂၊ အခြားမလျော်ကန် ပြုမူဆက်ဆံခြင်းပုံစံများအား သတ်မှတ်ခြင်းအခန်းကိုကြည့်ပါ။

- ◆ သတင်းအချက်အလက်ရရှိရန် (သို့မဟုတ်) ဝန်ခံချက်တခု ရရှိရန်
- ◆ အပြစ်ပေးရန်

၃၃။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်-တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင်အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

- ခြိမ်းခြောက်ရန် သို့မဟုတ် အတင်းအကျပ် ဖိအားအဖြစ် အသုံးပြုရန်
- မည်သို့သော ခွဲခြားဆက်ဆံမှုအကြောင်းရင်းဖြင့်မဆို လုပ်ဆောင်ချက်များဟူ၍ ဖေါ်ပြထားသည်။

ထိုနည်းတူစွာပင် တားမြစ်ထားသော ရည်ရည်ရွက်တခုကို ချိုးဖောက်မိခြင်းကြောင့် မလျော်ကန် အနိုင် ကျင့်နှိပ်စက်ခံရရန် အကြောင်းမရှိပါ။ ဤသို့ တားမြစ်ထားသော ရည်ရွယ်ချက်များသည်လည်း မလျော် ကန် အပြုအမူများအတွက် ရည်ရွယ်ချက် ဖြစ်နေတတ်သည်။

## (ဃ) ညှဉ်းပမ်းနှိပ်စက်ခြင်း၏ ဥပမာ အချို့မှာ အဘယ်နည်း။

ညှဉ်းပမ်းနှိပ်စက်ခြင်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက်သည် ကျူးလွန်ခံရသူ၏ တကိုယ်ရေနာကျင်မှု အတွေ့အကြုံနှင့် ခံစားရမှု အပေါ်တွင် ကြီးမားစွာမူတည်သည်။ အဘယ်ကြောင့်ဆိုသော် နာကျင်မှုအတွေ့အကြုံနှင့် ခံစားရမှုသည် ပုဂ္ဂလိကဆန်သောကြောင့် ညှဉ်းပမ်းနှိပ်စက်ခြင်းသည် မည်မျှအတိုင်းအတာ အကန့်အသတ်ရှိသည့် လုပ်ဆောင်မှုမျိုးဟု ဆို၍မရပေ။ သို့သော် မလျော်ကန် အနိုင်ကျင့်မှုပုံစံသည် အခြားပုံစံများထက် ညှဉ်းပမ်းနှိပ်စက်မှုအဆင့်ပို၍ ရောက်နိုင်သည်။ ဥပမာ– တခုချင်းအရ သော်လည်းကောင်း၊ အခြားသောမလျော်ကန် အနိုင်ကျင့်နှိပ်စက်မှုများ တွဲဖက်၍ သော်လည်းကောင်း အောက်ဖေါ်ပြပါ ဆောင်ရွက်ချက်များကို ညှဉ်းပမ်းနှိပ်စက်ခြင်းဟု ခေါ်ဆိုနိုင်သည်။[၁၄]

- ဒဏ်ရာ (သို့မဟုတ်) အနာတရ ဖြစ်စေသော ရက်စက်စွာ ရိုက်နှက်ခြင်း
- ကိုယ်ခန္ဓာ ကောက်ကွေးစေသော ပုံစံဖြင့် အချိန်ကြာမြင့်စွာ ကြိုးတုပ်ချည်နှောင်ထားခြင်း
- စီးကရက်မီး (သို့မဟုတ်) အခြားသော မီးလောင်စေသော အရာများဖြင့် မီးရှို့ခြင်း
- လျှပ်စစ် ကျင်စက်ဖြင့် တို့ခြင်း
- မုဒိမ်းကျင့်ခြင်း (သို့မဟုတ်) အခြားလိင်အကြမ်းဖက်ခြင်း+

၁၄။ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

◆ အသက်ရှူ ကျပ်အောင်လုပ်ဆောင်ခြင်း

◆ အဆုံးစီရင်မည် (သို့မဟုတ်) ကိုယ်ခန္ဓာ အစိတ်အပိုင်းကို ဖြတ်တောက်ပစ်မည်ဟုခြိမ်းခြောက်ခြင်း

◆ အခြေခံလိုအပ်ချက်များဖြစ်သော အိပ်ခြင်း၊ စားခြင်း၊ ဆေးဝါးအထောက်အပံ့ စသည်တို့ကို အချိန်ကြာ မြင့်စွာ မပြုလုပ်ရခြင်း၊ မရရှိခြင်း

◆ တိုက်ပိတ်ထားခြင်း၊ အထူးသဖြင့် ပြင်ပနှင့် အဆက်အသွယ်ဖြတ်တောက်ထားသည့်နည်းလမ်းများဖြင့် ချုပ်နှောင်ထားခြင်းများမှာ အလွန်ဆိုးဝါးသော အကျဉ်းထောင် အခြေအနေများ စသည်တို့ ဖြစ်သည်။

## (င) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်း အမှုမြောက်စေရန်အ တွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုး ဖြစ်ရန်လို အပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား (နိုင်ငံတော်အဆင့်) အဖွဲ့အစည်း" ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။[၁၅] သို့ဖြစ်ရာ အစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက် မှု တွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရ အရာရှိတဦးက ညှဉ်းပန်းနှိပ်စက်မှုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရ လုပ်ဆောင်ချက် အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၁၆] အစိုးရလုပ်ဆောင်ချက်တွင်တရားဝင်အသိ အမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍လုံလောက်စွာ အရေးယူရန် သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။[၁၇]

၁၅။ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East–West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (State) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

၁၆။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင်အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

၁၇။ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏ လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမို သိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

သာဓကအား ဖြင့်ဖေါ်ပြရပါလျှင်၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်သောပြစ်မှု ကျူးလွန်သော တဦး ချင်းပုဂ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေ ကို ချိုးဖောက်ရာ ရောက်ပါသည်။

**သတိပြုစရာ ဝေါဟာရ ။ ။ မလျော်ကန်ပြုမူခြင်း**

ညှဉ်းပမ်းနှိပ်စက်ခြင်းကို ကာကွယ်ဆန့်ကျင်သော နိုင်ငံတကာ သဘောတူညီချက်သည် ညှဉ်း ပမ်းနှိပ်စက်ခြင်း တခုတည်းကိုသာ တားမြစ်ထားခြင်းမဟုတ်၊ အခြားရက်စက်သော၊ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ထိပါးညှိုးနွမ်းစေသော အပြုအမူ သို့မဟုတ် အပြစ်ပေးမှုများကိုလည်း တားမြစ်ထား ပါသည်။ သို့သော် မလျော်ကန် ပြုမူခြင်း ပုံစံများကို သီးခြားခေါင်းစဉ် တခုအတွင်းသို့ ထည့်ထားစရာ မလိုပေ။ မလျော်ကန် ပြုမူခြင်းဆိုသော သဘောတရားသည် ပြုလွယ်ပြောင်းလွယ် ဖြစ်ပြီး၊ အနိုင်ကျင့်မှု များမှ အကျယ်ပြန့်ဆုံး အကာအကွယ်ပေးထားခြင်း ဖြစ်သည်။

**(စ) နိုင်ငံတကာဥပဒေတွင် မလျော်ကန် ပြုမူဆက်ဆံခြင်းဟူသော ချိုးဖောက်မှုတွင် မည်သည့်အင်္ဂါရပ် များ ပါဝင်သနည်း။**

မလျော်ကန် ပြုမူဆက်ဆံခြင်းအား လူ့အခွင့်အရေးချိုးဖောက်မှုတခုအဖြစ် မှတ်တမ်းတင်ရန် အတွက် အောက်ဖေါ်ပြပါ အင်္ဂါရပ် ၃ ရပ် ထင်ရှားကြောင်း ဖော်ပြရပါမည်။

၁။ ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း ပြင်းထန် စွာ နာကျင်စေခြင်း သို့မဟုတ် ခံစားရစေခြင်း

၂။ ရည်ရွယ်ချက်ဖြင့် အနာတရ ဖြစ်စေခြင်း

၃။ အစိုးရ၏ လုပ်ဆောင်ချက် တို့ ဖြစ်သည်။

မလျော်ကန် ပြုမူဆက်ဆံခြင်းနှင့် ညှဉ်းပမ်းနှိပ်စက်ခြင်းဟူသော ချိုးဖောက်မှုနှစ်ခုအကြား ကွာခြားချက်မှာ နာကျင်မှု (သို့မဟုတ်) ခံစားရမှု အတိုင်းအတာ အနည်းအများနှင့် တားမြစ်ထား သည့် ရည်ရွယ်ချက်များ ရှိမနေခြင်းပင် ဖြစ်သည်။

## ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာ ကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ် သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များ နှင့် အစိုးရကဲ့သို့ပြု မူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမ ဟုတ်သောအခြားအင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သောပြစ်မှုများသည် လူမျိုးတုန်း သတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည်ဖြစ်စေ၊ အစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

# အဓမ္မလုပ်အားပေးစေခိုင်းမှု (Forced Labour)



## (က) နိုင်ငံတကာဥပဒေအရဆိုလျှင် အဓမ္မလုပ်အားစေခိုင်းမှု၏ အင်္ဂါရပ်များကား အဘယ်နည်း။

အဓမ္မလုပ်အားစေခိုင်းမှုကို လူ့အခွင့်အရေး ချိုးဖောက်မှုတရပ်အဖြစ် မှတ်တမ်းပြုရန်အလို့ငှာ အောက်ပါ အင်္ဂါရပ် (၄)ရပ် ထင်ရှားကြောင်းဖော်ပြရပါမည်။[၁၈]

၁။ အလုပ် (လုပ်အား) သို့မဟုတ် ဝန်ဆောင်မှု။

၂။ အတင်းအဓမ္မ (ဆန္ဒမပါဘဲ) ထုတ်ယူခြင်း။

၃။ အပြစ်ပေး ဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်။

---

၁၈။ အဓမ္မလုပ်အားခိုင်းစေမှုကို ပြောင်ပြောင်တင်းတင်း တားမြစ်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူ ညီချက်များမှာ အောက်ပါတို့ ပါဝင်သည်။
- လူ့အခွင့်အရေး ကြေညာစာတမ်း။ ပုဒ်မ-၄ Universal Declaration of Human Rights, Article 4
- လူမှုအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ (ICCPR) ပုဒ်မ-၈
- ကျေးကျွန်ပြုမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်။ ပုဒ်မ (1) Slavery Convention, Article 1(1)
- ကျွန်ပြုမှု၊ ကျွန်ကုန်ကူးမှု၊ ကျွန်ပြုမှုနှင့် အလားတူဖြစ်သည့် အင်စတီကျူးရှင်းများနှင့် လုပ်ဆောင်ကျင့်သုံးနေမှုများ ဖျက်သိမ်းခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် နောက်ထပ်ဖြည့်စွက်မှု။ ပုဒ်မ- ၇
- အိုင်အယ်လ်အို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် အမှတ်- ၂၉ ILO Convention No. 29
- အိုင်အယ်လ်အို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် အမှတ် (၁၀၅) ILO Convention No. 105 (အဓမ္မ လုပ်အားခိုင်းစေမှုကို တားမြစ်ထားသည်။)
- အိုင်အယ်လ်အို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်။ အမှတ် - ၁၈၂ ပုဒ်မ- ၃ (က) ILO Convention No. 182 Article 3(a) ကလေးများကို အဆိုးရွားဆုံး ပုံစံဖြင့် အလုပ်ခိုင်းစေမှုများကို ချက်ချင်းတားမြစ်ရန်နှင့် အဆုံးသတ်စေရန်အတွက် အရေးယူဆောင်ရွက်ရန်။
- အိုင်အယ်လ်အို လုပ်သားခန့်ထားမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် အမှတ် -၁၂၂ ILO Employment Policy Convention No. 122
- အိုင်အယ်လ်အို ဌာနေတိုင်းရင်းသားများနှင့် လူမျိုးစုများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် အမှတ်- ၁၆၉။ ILO Indigenous and Tribal Peoples Convention No. 169

## (ခ) လုပ်အား သို့မဟုတ် ဝန်ဆောင်မှုကို အတင်းအဓမ္မ သို့မဟုတ် ဆန္ဒမပါဘဲ ထုတ်ယူခြင်းအဖြစ် မည်သည့်အချက်များက ဖော် ပြသနည်း။

လုပ်အားကို အတင်းအဓမ္မ (ဆန္ဒမပါဘဲ) ထုတ်ယူခြင်း ဆိုသည်မှာ လူပုဂ္ဂိုလ်တစုံတယောက် အလုပ်အစီအစဉ်ထဲသို့ ဝင်သွားပုံ၊ ဝင်သွားနည်းနှင့် သက်ဆိုင်ပါသည်။ လုပ်အား သို့မဟုတ် ဝန်ဆောင်မှုသည် သဘောတူ ခွင့်ပြုချက်မရဘဲဖြစ်စေ၊ နိုင်ထက်ကလူပြုသော အခြေအနေအောက်မှာဖြစ်စေ သွတ်သွင်းခြင်းခံရပါက အတင်းအဓမ္မထုတ်ယူခြင်းအဖြစ် မှတ်ယူရပါသည်။ နိုင်ထက်ကလူပြု လုပ်အားထုတ်ယူမှုတွင် အောက်ပါ အခြေအနေများပါဝင်ပါသည်။[၁၉]

- "ကျေးကျွန်ဘဝ"ဖြင့် ဖြစ်စေ၊ အနှောင်အဖွဲ့ခံ ဘဝဖြင့်ဖြစ်စေ မွေးဖွားလာခြင်း သို့မဟုတ် ဆင်းသက်လာရခြင်း။
- ဥပဒေနှင့် ဆန့်ကျင်စွာ ခေါ်ဆောင်သွားခြင်း သို့မဟုတ် ပြန်ပေးဆွဲခြင်း။
- လူပုဂ္ဂလိုလ် တစုံတယောက်ကို အခြားတစုံတယောက်၏ ပိုင်ဆိုင်မှုအဖြစ်သို့ ရောင်းချခြင်း။
- အကျဉ်းထောင် သို့မဟုတ် ကိုယ်ပိုင်ထိန်းသိမ်းရေးစခန်း ကဲ့သို့သောနေရာရှိ အလုပ်ခွင်ထဲမှာ ပိတ်ထားခြင်း။

---

– ဒေသဆိုင်ရာသဘောတူညီချက်များကလည်း အဓမ္မလုပ်အားခိုင်းစေမှုကို တားမြစ်ကြောင်းဖော်ပြထားကြသည်။ ဥပမာအမေရိကနိုင်ငံများ၏ သဘောတူညီချက်ဖြစ်သည်။ လုပ်အားပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မြောက်အမေရိကတိုက် သဘောတူညီချက် North American Agreement on Labor Cooperation နှင့် အမေရိကန် လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် American Convention on Human Rights (Art. 6) များဖြစ်သည်။ ဥရောပတိုက်တွင်လည်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ပေးရေး ဥရောပနိုင်ငံများ သဘောတူညီချက် f European Convention on the Protection of Human Rights and Fundamental Freedoms (Art. 4) နှင့် ဥရောပလူမှုရေးဆိုင်ရာ ကြေညာစာတမ်း European Social Charter (Art. 1)
မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL) ကို လက်မှတ်ရေးထိုး အသိအမှတ်ပြု ထားခြင်း မရှိပါ။ (CIL) သည် အစိုးရ၏ ယေဘုယျ လုပ်ဆောင်ချက်မှ လာသည့် ဥပဒေကျောရိုး တခု ဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေ အရ စည်းနှောင်မှုမရှိပါ။
အဓမ္မ လုပ်အားခိုင်းစေမှုကို အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများအရ တားမြစ်ထားပါသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုး မထားသော်လည်း၊ ဤ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆက်နွယ်မှု ရှိနေသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရ စည်းနှောင်းမှုမရှိစေရန် အစဉ်အဆက် ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည်ဖြစ်သည်။
လူအများစုက အဓမ္မလုပ်အား ခိုင်းစေမှုသည် ယေဘုယျ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ အစိတ်အပိုင်း တခုမျှသာ မဟုတ်ဘဲ ကျ[illegible] ခသါနည[illegible] ညသမာ ဟုလည်း ယူဆကြပါသည်။ ဆိုလိုသည်မှာ နိုင်ငံတခုက မည်သည့်အခါမျှ မချိုးဖောက်ရသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အခြေခံတန်ဖိုးထားချက် ဖြစ်သည်ဟု ဆိုခြင်းပင်။ ဤနိုင်ငံက အစဉ်တစိုက် ကန့်ကွက်ငြင်းပယ် လာခဲ့လျှင်သော်မှ လိုက်နာရမည် ဖြစ်သည်။ တနည်းပြောရလျှင် နိုင်ငံများသည် ဤတန်ဖိုးထားချက်ကို ပစ်ပယ်ရောင်းစားခြင်း မပြုရပါ။
တို့ ရှိနေသည်။ အာဖရိကတိုက်တွင်လည်း လူ့အခွင့်အရေးနှင့် ပြည်သူများ အခွင့် အရေးဆိုင်ရာ အာဖရိကတိုက် ကြေညာစာတမ်း African Charter on Human Rights and Peoples' Rights (Art. 5) ရှိသည်။ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)တွင် အလားတူ သဘောတူညီချက် ရှိသော်လည်း လက်မှတ်ရေးထိုးခြင်း မပြုရသေးပါ။
–အဓမ္မလုပ်အားခိုင်းစေမှုကို တားမြစ်ထားသည့် ဥပဒေအရတင်းကျပ်စည်းနှောင်ထားမှုမရှိသော အပြည်ပြည်ဆိုင်ရာစာချုပ်၊ မှတ်တမ်းများရှိပါသည်။ ၎င်းတို့တွင် ကျွန်ကုန်ကူးမှု တကမ္ဘာ လုံးတွင်ဖျက်သိမ်းရေးနှင့် သက်ဆိုင်သောကြေညာချက် Declaration Relative to the Universal Abolition of the Slave Trade အိုင်အယ်လ်အို၏ လုပ်ငန်း ခွင်တွင် အခြေခံမူများနှင့် အခွင့်အရေးများဆိုင်ရာ ကြေညာချက် Declaration on Fundamental Principles and Rights at Work နှင့် အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ အကြံပြုချက်များ (တိုက်ရိုက် မဟုတ်သော တိုက်တွန်းချက်)– အမှတ် –၃၅ Forced labor (Indirect Compulsion) Recommendation No. 35 ၏ တို့ ရှိနေသည်။ ဤဥပဒေ မှတ်တမ်းများကို အင်တာနက်စာမျက်နှာ http://www2.ohchr.org/english/law/ (last visited 27 July 2008).တွင် ရယူနိုင်ပါသည်။

၁၉။ အဓမ္မ လုပ်အားခိုင်းစေမှုကို အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများအရ တားမြစ်ထားပါသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုး မထားသော်လည်း၊ ဤ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆက်နွယ်မှု ရှိနေသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရ စည်းနှောင်းမှုမရှိစေရန် အစဉ်အဆက် ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည်ဖြစ်သည်။

- စိတ်ဓါတ်ရေးအရ နိုင်ထက်ကလူပြုခြင်း။ (ဥပမာ –ခြိမ်းခြောက်ခြင်း။)

- ကြွေးတင်အောင် တမင်ဖန်တီးခြင်း။[၂၀]

- အလုပ်အမျိုးအစား သို့မဟုတ် အလုပ်လုပ်ရမည့် ကာလတာနှင့် ပတ်သက်၍ လိမ်ညာလှည့်ဖြားခြင်း၊ သို့မဟုတ် မဟုတ် မမှန် ကတိပေးခြင်း။

- လုပ်ခကို မပေးဘဲ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် လုံးဝ မပေးဘဲထားခြင်း။

- မှတ်ပုံတင် စာရွက်စာတမ်း၊ သို့မဟုတ် တန်ဖိုးရှိသော ကိုယ်ပိုင်ပစ္စည်းများကို အကျပ်ကိုင်သည့် သဘောဖြင့် ထိန်းသိမ်း ထားခြင်း။

## (ဂ) အပြစ်ပေး ဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်းအဖြစ် မည်သည့်အချက်များက ဖေါ်ပြပါသနည်း။

"အပြစ်ပေးဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်း"ဆိုသည်မှာ လူပုဂ္ဂိုလ်တစုံတယောက်ကို အတင်းအဓမ္မ လုပ်အားစေ ခိုင်းသောအခြေအနေမှာ ထားရှိရန်အတွက် အသုံးပြုသော နည်းလမ်းပင်ဖြစ်သည်။ တကယ်တမ်း အပြစ်ပေးဒဏ်ခတ်ခြင်း၊ သို့မဟုတ် အပြစ်ပေးဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်း၏ ရလဒ်အဖြစ် လုပ်ပေးသောအလုပ်၊ သို့မဟုတ် ဝန်ဆောင်မှုသည် အပြစ်ပေးဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်း အခြေအနေအောက်မှာ လုပ်ပေးသောအလုပ် သို့မဟုတ် ဝန်ဆောင်မှုအဖြစ် မှတ်ယူရပါသည်။ ဤအခြေ အနေအောက်တွင် အောက်ပါ အခြေအနေများ ပါဝင်ပါသည်။[၂၁]

---

လူအများစုက အဓမ္မလုပ်အား ခိုင်းစေမှုသည် ယေဘုယျ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ အစိတ်အပိုင်း တခုမျှသာ မဟုတ်ဘဲ ပဋိညာဥ်ဟုလည်း ယူဆကြပါသည်။ ဆိုလိုသည်မှာ နိုင်ငံတခုက မည်သည့်အခါမျှ မချိုးဖောက်ရသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အခြေခံ တန်ဖိုးထားချက်ဖြစ်သည်ဟု ဆိုခြင်းပင်။ ဤနိုင်ငံက အစဉ်တစိုက် ကန့်ကွက်ငြင်းပယ် လာခဲ့လျှင်သော်မှ လိုက်နာရမည် ဖြစ်သည်။ တနည်း ပြောရလျှင် နိုင်ငံများသည် ဤတန်ဖိုးထားချက်ကို ပစ်ပယ်ရောင်းစားခြင်း မပြုရပါ။
တို့ ရှိနေသည်။ အာဖရိကတိုက်တွင်လည်း လူ့အခွင့်အရေးနှင့် ပြည်သူများ အခွင့် အရေးဆိုင်ရာ အာဖရိကတိုက် ကြေညာစာတမ်း African Charter on Human Rights and Peoples' Rights (Art. 5) ရှိသည်။ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)တွင် အလားတူ သဘောတူညီချက် ရှိသော်လည်း လက်မှတ်ရေးထိုးခြင်း မပြုရသေးပါ။
–အဓမ္မလုပ်အားခိုင်းစေမှုကို တားမြစ်ထားသည့် ဥပဒေအရတင်းကျပ်စည်းနှောင်ထားမှုမရှိသော အပြည်ပြည်ဆိုင်ရာစာချုပ်၊ မှတ်တမ်းများရှိပါသည်။ ၎င်းတို့တွင် ကျွန်ကုန်ကူးမှု တကမ္ဘာ လုံးတွင်ဖျက်သိမ်းရေးနှင့် သက်ဆိုင်သောကြေညာချက် Declaration Relative to the Universal Abolition of the Slave Trade အိုင်အယ်လ်အို၏ လုပ်ငန်း ခွင်တွင် အခြေခံမူများနှင့် အခွင့်အရေးများဆိုင်ရာ ကြေညာချက် Declaration on Fundamental Principles and Rights at Work နှင့် အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ အကြံပြုချက်များ (တိုက်ရိုက် မဟုတ်သော တိုက်တွန်းချက်)– အမှတ် –၃၅ Forced labor (Indirect Compulsion) Recommendation No. 35 ၏ တို့ ရှိနေသည်။ ဤဥပဒေ မှတ်တမ်းများကို အင်တာနက်စာမျက်နှာ http://www2.ohchr.org/english/law/ (last visited 27 July 2008).တွင် ရယူနိုင်ပါသည်။

၂၀။ ကြွေးတင်အောင် တမင်ဖန်တီးခြင်းဆိုသည်မှာ စာရင်းဇယားများကို အတုပြုခြင်း၊ စျေးနှုန်းများပိုရေးခြင်း၊ ထုတ်ကုန်နှင့်ဝန်ဆောင်မှုကို စျေးလျှော့ချခြင်း၊ အတိုးနှုန်းကြီးမားစွာယူ ခြင်းဖြင့် သေကွဲးတင်ရသော အခြေအနေ ဆိုက်စေခြင်းဖြစ်သည်။

၂၁။ Michaëlle De Cock, Ibid.

- အတင်းအဓမ္မလုပ်အား စေခိုင်းခံရသူကို သော်လည်းကောင်း၊ ဆွေမျိုးများကို သော်လည်းကောင်း၊ ပတ်သက်ရာ ပတ်သက်ကြောင်း ပုဂ္ဂိုလ်များကို သော်လည်းကောင်း ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်း။
- အကျဉ်းချခြင်း၊ သို့မဟုတ် အခြားသော ကိုယ်ခန္ဓာအရ ချုပ်နှောင်ထားမှုသဏ္ဌာန်သုံးခြင်း။
- ငွေဒဏ်တပ်ခြင်းများ။
- အာဏာပိုင်များထံ အပ်ခြင်း။
- လက်ရှိ အလုပ်မှ ဖြုတ်ပစ်ခြင်း။
- နောက်နောင်တွင် အလုပ်မခန့်ရန် ပစ်ပယ်ထားခြင်း။
- ရပ်ရွာ သို့မဟုတ် လူမှုရေးဘဝမှ ထုတ်ပယ်ထားခြင်း။
- အခွင့်အရေး သို့မဟုတ် အထူးအခွင့်အရေးများ ရုပ်သိမ်းခြင်း။
- စားစရာကိုသော်လည်းကောင်း၊ နေစရာကိုသော်လည်းကောင်း အခြားလိုအပ်ချက်များကို သော်လည်းကောင်း ရုပ်သိမ်းခြင်း။
- ပိုမိုဆိုးရွားသော အလုပ်ခွင်သို့ ပြောင်းရွှေ့စေခြင်း။
- လူမှုရေးအဆင့်အတန်း ဆုံးရှုံးခြင်း။

## (ဃ) အတင်းအဓမ္မ လုပ်အားစေခိုင်းမှုကို မည်သည့် အခါမျိုးမှာ ခွင့်ပြုနိုင်ပါသနည်း။

တိကျရှင်းလင်းစွာ သတ်မှတ်ထားပြီး အလွန်ရှားပါးသော အခြေအနေ၊ အချိန်အခါမျိုးမှာသာလျှင် အတင်းအဓမ္မလုပ်အားစေခိုင်းမှုကို ခွင့်ပြုပါသည်။ နိုင်ငံတကာဥပဒေအရဆိုလျှင် အောက်ပါ မလုပ်မနေရ အလုပ်နှင့် ဝန်ဆောင်မှုသဏ္ဌာန်များကိုသာ ခွင့်ပြုပါသည်။[၂၂]

---

၂၂။ UN International Covenant on Civil and Political Rights, Article 8(3). ILO Forced Labour Convention, No. 29, Article 2(2). International Labor Organization, “Eradication of Forced Labour,” 2007, International Confederation of Free Trade Unions, “Forced Labour in the 21st Century,” undated.

- မဖြစ်မနေ စစ်မှုထမ်းရခြင်း– သာဓကအနေနှင့်၊ ‘စစ်ရေးသက်သက် လက္ခဏာဆောင်သော” လုပ်ငန်းများ။ (အစိုးရစီမံကိန်းလုပ်ငန်းများ မဟုတ်ဘဲ၊ အမျိုးသားကာကွယ်ရေးလုပ်ငန်းများ)[၂၃] လုပ်ရိုးလုပ်စဉ်– နိုင်ငံသားတဦး၏ တာဝန်ဝတ္တရားများ– သာဓကအနေနှင့်၊ တရားသူကြီးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပေးရခြင်း၊ ဘေးအန္တရာယ် ကျရောက်နေသူတဦးဦးကို ကူညီပေးရခြင်း။

- အကျဉ်းသားအလုပ် – အကျဉ်းထောင်အာဏာပိုင်များ၏ ကြီးကြပ်မှုအောက်မှာလုပ်ရသော ပြစ်ဒဏ်ကျအကျဉ်းသားများ၏ အလုပ်၊ သို့မဟုတ် ဝန်ဆောင်မှု။ မည်သည့် ပုဂ္ဂလိက ပိုင်လုပ်ငန်းမျိုးမှာဖြစ်စေ၊ အကျဉ်းသားများကို အလုပ်စေခိုင်းခွင့် မပြုချေ။

- ရုတ်တရက်လည်းဖြစ်၊ ကြိုတင်၍လည်း မသိနိုင်ဘဲ၊ လတ်တလော ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများ– (သာဓက အနေနှင့်၊ စစ်ပွဲ၊ မီးလောင်မှု၊ ရေကြီးမှု၊ အငတ်ဘေး ကျရောက်ခြင်း၊ မြေငလျင်ဘေး ကျရောက်ခြင်း စသည်များ) အတွက် အကန့်အသတ်နှင့် လုပ်ပေးရခြင်း။ (မဖြစ်မနေ လုပ်ပေးရသော အလုပ်နှင့် ဝန်ဆောင်မှု များ၏ ကာလတာနှင့် ပမာဏတို့ကို လိုအပ်သည်ထက် မပိုစေရ။)

- အငယ်စားရပ်ရွာလုပ်ငန်းများ – ရပ်ရွာအတွက် တိုက်ရိုက်အကျိုးရှိစေသော အသေးစားလုပ်ငန်းများ (သာဓက အနေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ သို့မဟုတ် လူမှုရေးဝန်ဆောင်မှု လုပ်ငန်းများ) ဖြစ်ရမည့်အပြင် ရပ်ရွာကိုယ်၌က လိုအပ်သည်ဟု သဘောတူထားသော လုပ်ငန်းများဖြစ်ရမည်။

ဤခြွင်းချက် (၅) ချက်သည် အတင်းအဓမ္မ လုပ်အားစေခိုင်းမှုကို ခွင့်ပြုသော သာဓကများ ဖြစ်ပါသည်။ အခြားသော လုပ်အားစေခိုင်းမှု သဏ္ဍာန်မှန်သမျှကို နိုင်ငံတကာဥပဒေက ပိတ်ပင်တား မြစ်ထားပါသည်။

---

၂၃။ စစ်တပ်က လူသစ်စုဆောင်းခံရသူများသည် စစ်ရေးနှင့် မသက်ဆိုင်သည့် အခြားလုပ်ငန်းခွင်တွင်လည်း ဆောင်ရွက်ရန် ခွင့်ပြုနိုင်ဖွယ်ရှိပါသည်။ ဤလုပ်ငန်းမျိုးကို အခြားချွင်းချက် အောက်၌ အကျုံးဝင်နိုင်သည်။ (ဥပမာ– အရေးပေါ် အခြေအနေမျိုး)

## (င) အစိုးရ၏ လုပ်ဆောင်ချက် ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေအရဆိုလျှင် အဓမ္မလုပ်အားစေခိုင်းမှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုးဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ “မြို့တော်မှာအခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား(နိုင်ငံတော်အဆင့်)အဖွဲ့အစည်း” ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။[၂၄] သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပာယ်ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရအရာရှိ တဦးက အဓမ္မလုပ်အားခိုင်းစေမှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိ အမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အတင်းအဓမ္မ အလုပ်စေခိုင်းမှုတို့ ကျူးလွန်သောတဦးချင်း ပုဂ္ဂိုလ်များကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့်နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။

## ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီး ပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ် သားများ၏အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံ ပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ပြုမူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမ ဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစုများ

[၂၄]။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်-တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

(Non State Actors – NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော်အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကိုသက်သေပြရန် မလိုအပ်သည့်အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြည့်အဝမှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရကကျူးလွန်သည်ဖြစ်စေ၊ အစိုးရ မဟုတ်သော အခြားအင် အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

၁။ အလုပ်နှင့် ဝန်ဆောင်မှုများကို သတ်မှတ်ခြင်း

- အလုပ်ရှင်က မည်သူ ဖြစ်သနည်း။ အလုပ်သမားက မည်သူဖြစ်သနည်း။
- မည်သည့် အလုပ်အမျိုးအစား၊ သို့မဟုတ် ဝန်ဆောင်မှုကို ဆောင်ရွက်ခဲ့သနည်း။
- အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို မည့်သည့် နေရာမှာဆောင်ရွက်ခဲ့သနည်း။
- အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို မည့်သည့် အချိန်အခါမှာ ဆောင်ရွက်ခဲ့သနည်း။
- ဤအလုပ်ကို မည်မျှ ကြာကြာဆောင်ရွက်ခဲ့သနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၂။ အတင်းအဓမ္မ ထုတ်ယူခြင်း အခြေအနေကို သတ်မှတ်ခြင်း။

- အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို ဆောင်ရွက်ပေးရန် သဘောတူညီမှုတရပ် ရှိခဲ့ပါသလား။ အဘယ့်ကြောင့် ရှိခဲ့သနည်း။ သို့မဟုတ် အဘယ့်ကြောင့် မရှိခဲ့သနည်း။
- အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို မည်သူက စီစဉ်ခဲ့သနည်း။

- အလုပ်သဘောတူညီမှု စာချုပ်မှာပါသော အချက်များကားအဘယ်နည်း။
- အလုပ် သို့မဟုတ် ဝန်ဆောင်မှုနှင့် ပတ်သက်သော စီမံမှုကို အဘယ်ကြောင့် ထားရှိခဲ့သနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၃။ အပြစ်ပေး ဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်း အခြေအနေကို သတ်မှတ်ခြင်း။

- အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို မည်သူက ကြီးကြပ်သနည်း။
- လုပ်ငန်းသဘောတူညီမှုမှာ ပါသော အချက်များကား အဘယ်နည်း။
- အလုပ်ကို မဆောင်ရွက်မီ၊ဆောင်ရွက်နေစဉ်၊ ဆောင်ရွက်အပြီးမှာ မည်သို့ ဖြစ်ပွားသနည်း။
- အကယ်၍ အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို မဆောင်ရွက်လိုပါဟု ငြင်းဆန်လျှင် မည်သို့ ဖြစ် မည်နည်း။
- အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို အဘယ့်ကြောင့်ဆောင်ရွက်ခဲ့သနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်ကို သတ်မှတ်ခြင်း။

- စီစဉ်မှုကို မည်သူကပြုလုပ်သနည်း။ မည်သူက အမိန့်ပေးသနည်း။ ဤအကြောင်းကို မည်သူတို့ သိသနည်း။ ဤအလုပ် စေခိုင်းမှုကို မည်သူတို့က ကူညီဆောင်ရွက်ပေးသနည်း။
- ဤအဖြစ်နှင့် ပတ်သက်၍ တိုင်ကြားခြင်းပြုခဲ့ပါသလား။ အဘယ်ကြောင့် တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုပါသနည်း။
- ဤသတင်းအချက်အလက်များကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

# ကလေးစစ်သားဆိုသည်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း (Child Soldier)



**(က) နိုင်ငံတကာ ဥပဒေအရ ကလေးစစ်သားတဦးအဖြစ် သတ်မှတ်သည့် အင်္ဂါရပ်များကား အဘယ်နည်း။**[၂၅]

ကလေးစစ်သား အဖြစ်သတ်မှတ်၍ လူ့အခွင့်အရေးချိုးဖောက်မှုတခုအဖြစ် မှတ်တမ်းတင်နိုင်ရန်အတွက် အောက်ဖေါ်ပြပါ အင်္ဂါရပ် (၃) ခု ထင်ရှားကြောင်း ဖော်ပြရပါမည်။

◆ တပ်သားသစ်စုဆောင်းခြင်း၊ သို့မဟုတ် စစ်တပ်အတွင်း ပါဝင်ဆောင်ရွက်ခြင်း

◆ အသက် ၁၈ နှစ်အောက် အရွယ်ကလေးများဖြစ်နေခြင်း

◆ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း၊ လက်နက်ကိုင် အုပ်စုတခုအတွင်း သို့မဟုတ် စစ်ပွဲများအတွင်းသို့ ပါဝင်စေခြင်းတို့ ဖြစ်သည်။

---

၂၅။ ကလေးစစ်သားအသုံးပြုခြင်းအား တားမြစ်ထားသော အဓိကနိုင်ငံတကာသဘောတူညီချက်များတွင်
- ကလေး အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (အခန်း ၃၈)။ မြန်မာနိုင်ငံသည် ချွင်းချက်သတ်မှတ်ချက်များဖြင့် ထိုသဘောတူညီမှု၏ အဖွဲ့ဝင်နိုင်ငံတနိုင်ငံ ဖြစ်သည်။
- လက်နက်ကိုင်ပဋိပက္ခအတွင်း ပါဝင်နေရသော ကလေးများ၏ ကလေးအခွင့်အရေး သဘောတူညီချက်ဆိုင်ရာ ရွေးချယ်သတ်မှတ်ခွင့် သဘောတူညီချက်။ (အခန်း ၁-၄) - ဂျီနီဗာသဘောတူညီချက်၊ နောက်ဆက်တွဲ သဘောတူညီချက် ၁ (အခန်း ၇၇ (၂) နှင့် နောက်ဆက်တွဲ သဘောတူညီချက်၂ အခန်း ၄ (ဂ)။
- နိုင်ငံတကာအလုပ်သမားအဖွဲ့၊ ကလေးအလုပ်သမားအသုံးပြုမှု အဆိုးဝါးဆုံးပုံစံများဆိုင်ရာ သဘောတူညီချက် ၁၈၂ (အခန်း ၃ (က) )

ကလေးအခွင့်အရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ အာဖိရိကကြေငြာစာတမ်းကဲ့သို့သော ဒေသတွင်းသဘောတူညီချက်များတွင်လည်း ကလေးစစ်သားအသုံးပြုမှုအား ကာကွယ်ပေးသောဥပဒေအခန်းများပါရှိသည်။ အမေရိကတိုက် နိုင်ငံများအဖွဲ့အစည်း၊ ဥရောပသမဂ္ဂ၊ ဥရောပကောင်စီနှင့် အနောက်အာဖရိကစီးပွားရေး အသိုင်းအဝန်းများက ကလေးစစ်သားစုဆောင်းမှုနှင့် ကလေးစစ်သားများအပေါ် ဆက်ဆံနေမှုနှင့်ပတ်သက်၍ စိုးရိမ်မကင်းမှုများ ထုတ်ဖေါ်ပြသထားသည့် ကလေးနှင့်လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ သဘောတူဆုံးဖြတ်ချက်များတွင် လက်မှတ်ရေးထိုးထားကြပြီးဖြစ်သည်။ ဒိန်းမတ်နိုင်ငံဖင်လန်နိုင်ငံ၊ အိုက်စလန်နိုင်ငံ၊ နော်ဝေနိုင်ငံနှင့် ဆွီဒင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ကြေငြာစာတမ်းတခု ထုတ်ပြန်ကာ ကလေးစစ်သားအသုံးပြုမှုကို ကန့်ကွက်တားမြစ်ထား သည်။ အာဆီယမ်နိုင်ငံများက အလားတူသဘော တူညီချက်များကိုသဘောတူ ထားခြင်း မရှိသေးပေ။

## (ခ) တပ်သားသစ်စုဆောင်းခြင်းနှင့် စစ်တပ်အတွင်း ပါဝင်ဆောင်ရွက်ခြင်းတွင် မည်သည့် သတ်မှတ်ချက် များရှိသနည်း။

“တပ်သားသစ်စုဆောင်းခြင်း”ဆိုသည်မှာ လက်နက်တိုင်တပ်ဖွဲ့တခု သို့မဟုတ် လက်နက်ကိုင် အုပ်စုတခု အတွင်းသို့ ရုပ်ပိုင်းဆိုင်ရာအရ စတင်ပါဝင်ခြင်းကို ဆိုလိုသည်။ ထိုလုပ်ငန်းတွင် တရားဝင် ပုံစံအဖြစ် သွတ်သွင်းခြင်းအပြင် တရားဝင် မဟုတ်သောပုံစံဖြင့် စည်းရုံးသိမ်းသွင်းခြင်းတို့ပါဝင်သည်။ ဥပမာအား ဖြင့်– တပ်သားသစ်စုဆောင်ခြင်းတွင်–

- ◆ ဥပဒေအရ စစ်မှုထမ်းရခြင်း (တာဝန်အရ စစ်မှုမထမ်းမနေရ) – ဆန္ဒအလျောက် စစ်မှုထမ်းခြင်း
- ◆ အတင်းအဓမ္မ တပ်သားသစ်စုဆောင်းခြင်း တို့ဖြစ်သည်။

“တပ်အတွင်း ပါဝင်ခြင်းတွင် ကလေးများက တိုက်ပွဲအတွင်း တိုက်ရိုက်ပါဝင်ခြင်းနှင့် လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် လက်နက်ကိုင်အုပ်စုတခု၏ လုပ်ငန်းများ အထောက်အကူဖြစ်စေရေး အတွက် ကလေးများကို အသုံးပြုခြင်းအပါအဝင် စစ်ပွဲနှင့်ဆက်နွယ်သော တာဝန်များတွင်ကလေးများ ကိုအသုံးပြုခြင်း နှစ်ခုစလုံးပါဝင်သည်။ ဥပမာ–စစ်ပွဲများတွင် ပါဝင်ခြင်းဟုဆိုရာတွင် “လက်နက်ကိုင် တပ်ဖွဲ့များတွင်၊ သို့မဟုတ် လက်နက်ကိုင်အုပ်စုတခုအတွင်း ဆန္ဒအလျောက်စစ်မှုထမ်းခြင်း ကလေး တဦးက မိမိကိုယ်မိမိ ပုံဖော်ပြောခြင်းသည် ကလေးတဦး၏ လွတ်လပ်စွာရွေးချယ်ခွင့်မှ ဖြစ်ပေါ်လာ သည်မှာ ရှားပါးလှပေသည်။ သူ၏ထိန်းချုပ်နိုင်မှုမှ ကျော်လွန်သော အချက်အလက်များကြောင့် တွန်းပို့သော ရွေးချယ်မှုကြောင့် ဖြစ်ပေါ်လာရသည်က များသည်။ ပုံမှန်အားဖြင့် ကလေးများသည်

ဖေါ်ပြပါသဘောတူညီချက်များကို https://www.ohchr.org/english/law/ (၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၈ နေ့တွင် နောက်ဆုံးကြည့်ရှု ထားသည် ) တွင်ရရှိနိုင်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ကလေးစစ်သားများ ဆက်လက်ထားရှိမှုနေမှုနှင့် ကလေးများအား လက်နက်ကိုင်တိုက်ပွဲ များအတွင်းအသုံးပြုနေခြင်းကို ကာကွယ်ဟန့်တားသည့် ဆုံးဖြတ်ချက်များစွာကို ချမှတ်ထားပြီးဖြစ်သည်။ ဆုံးဖြတ်ချက် ၁၂၆၁ (၁၉၉၉)၊ ၁၃၄၁ (၂၀၀၁ )၊ ၁၅၃၉ (၂၀၀၄) နှင့် ၁၆၁၂ (၂၀၀၅) တို့ကိုကြည့်ပါ။ ထိုဆုံးဖြတ်ချက်များသည် ဥပဒေကြောင်းအရ စည်းနှောင်အား မရှိကြသော်လည်း လက်နက်ကိုင် ပဋိပက္ခအတွင်း ပါဝင်နေသော ကလေးများအတွက် အကာအကွယ်ပေးမှုကို မြှင့်တင်ရန်အတွက် လုပ်ငန်းဘောင်တခုအဖြစ် ဆောင်ရွက်နိုင်သည်။ အထွေထွေအတွင်းရေးမှူးချုပ်က အစီရင်ခံစာများစွာတွင် ကလေးစစ်သားဆက်လက် အသုံးပြုနေမှုအား ပွင့်ပွင့်လင်းလင်း ထပ်ခါတလည်းလည်းဝေဖန် ခဲ့သည်။ ဖေါ်ပြပါ သဘောတူညီချက် မိတ္တူများကို http://www.securitycouncilreport.org/ (၂၀၀၆ခုနှစ်အောက်တိုဘာ ၂၈ နေ့တွင် နောက်ဆုံး ကြည့်ရှုထားသည်) တွင် ရရှိနိုင်ပါသည်။

လက်နက်ကိုင်ပဋိပက္ခ အခြေအနေအတွင်းကျရောက်နေသော ကလေးများကို အကာအကွယ်ပေးရန်အတွက်ရည်ရွယ်သော စည်းနှောင်အားမဲ့ နိုင်ငံတကာ သဘောတူ စာချုပ်များတွင် အရေးပေါ်အခြေအနေနှင့် လက်နက်ကိုင် ပဋိပက္ခအခြေအနေများအတွင်းရှိ အမျိုးသမီးများနှင့် ကလေးသူငယ် များအကာအကွယ်ပေးခြင်းဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကြေငြာစာတမ်း၊ လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ ကလေးစစ်သားစုဆောင်းမှု၊ အာဖရိကတိုက် အတွင်းကလေးစစ်သားပပျောက်ရေးနှင့် လူမှုဘဝပြန်လည်တည်ဆောက်ရေးဆိုင်ရာ ကိပ်တောင်းအခြေခံမှုနှင့် အကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများနှင့် ဆက်နွယ်သော ကလေးများ ဆိုင်ရာ ပဲရစ်အခြေခံမူများနှင့် လမ်းညွှန်ချက်များတို့ဖြစ်သည်။ ကြေငြာစာတမ်းအား http://www.ohchr.org/english/law/ (၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၈ နေ့တွင် နောက် ဆုံးကြည့်ရှုထားသည်) တွင်လည်းကောင်း၊ ကိပ်တောင်းအခြေခံမူများအား http://www.unicef.org/emerg/index_childsoldiers.html (၂၀၀၆ ခုနှစ် အောက် တိုဘာ ၂၈ နေ့တွင် နောက်ဆုံးကြည့်ရှုထားသည်) တွင်လည်းကောင်း ပဲရစ်အခြေခံမူများအား https://www.unicef.org/protection/files/ParisPrinciples310107En– (၂၀၀၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် နောက်ဆုံးကြည့်ရှုထားသည်) တွင်လည်းကောင်းရရှိနိုင်ပါသည်။

အခြေခံစားသောက်ရေး လိုအပ်ချက်အရ သော်လည်းကောင်း၊ အတင်းအကျပ် စစ်သားစုဆောင်းခြင်းကို ရှောင်လွှဲလို၍ သော်လည်းကောင်း၊ ရပ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိလိုသောကြောင့် သော်လည်းကောင်း၊ အစရှိသည့်အကြောင်းပြချက်များကြောင့် စစ်ထဲဝင်ရခြင်းဖြစ်သည်။ ထိုကဲ့သို့သောဖိအားများကြောင့် ကလေးများအဖို့ အခြားရွေး ချယ်စရာမရှိဘဲ စစ်ထဲသို့ ဝင်ကြရရုံသာ ရှိစေသည်။"

- ◆ ရှေ့တန်းစစ်မျက်နှာတွင် တိုက်ခိုက်ခြင်း
- ◆ နောက်ချန် စခန်းအလုပ်သမားအဖြစ် ထမ်းဆောင်ခြင်း (ဥပမာ- တပ်ဖွဲ့များအတွက် ထမင်းဟင်းချက် ပြုတ်ပေးခြင်း၊ စစ်တန်းလျားများ သန့်ရှင်းပေးခြင်း၊ စခန်း တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း)
- ◆ ကင်းလှည့်ခြင်းနှင့် ကင်းစောင့် တာဝန်ဆောင်ရွက်ခြင်း
- ◆ သူလျှို၊ သတင်းပေးနှင့် ကင်းထောက်များအဖြစ် ထမ်းဆောင်ခြင်း
- ◆ မြေမြှုပ်မိုင်းထောင်ခြင်း
- ◆ အဓမ္မလုပ်အားပေးခြင်း အမိန့်များကို အကောင်အထည်ဖော်ပေးခြင်း
- ◆ ပေါ်တာလိုက်ပေးခြင်း
- ◆ သတင်းဆက်သွယ်ပေးသူအဖြစ် ထမ်းဆောင်ခြင်း

**(ဂ) နိုင်ငံတကာဥပဒေ – ကလေးစစ်သားများ**

ကလေးစစ်သားများအသုံးပြုခြင်းကို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ လူသားချင်းစာနာမှုဆိုင်ရာဥပဒေ၊ ရာဇဝတ်မှုဆိုင်ရာဥပဒေနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေများက ရှင်းလင်းစွာ တားမြစ်ထားကြောင်းနှင့် ကာကွယ်ပေးရန်လိုအပ်ပုံကို ဖော်ပြထားသည်။ မတူညီသော အမြင်များမှ လေ့လာ ဆန်းစစ်ထားကြသော်လည်း ကလေးစစ်သား အသုံးပြုခြင်းသည် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သည်ဟု ဥပဒေဆိုင်ရာ သဘောတူညီချက်များစွာတွင် အသိအမှတ် ပြုထားကြပြီး ဖြစ်သည်။

### (ဃ) လက်နက်ကိုင်တပ်ဖွဲ့များ၊ လက်နက်ကိုင်အုပ်စုများနှင့် စစ်ပွဲများဆိုသည်မှာ မည်သည့်အရာများ ဖြစ်ကြသနည်း။

"လက်နက်ကိုင်တပ်ဖွဲ့များ" ဆိုသည်မှာ ယေဘုယျအားဖြင့် တိုင်းပြည်တခု၏ စစ်ရေးတပ်ဖွဲ့များကို ရည်ညွှန်းသည်။ ဥပမာ -နိုင်ငံတခု၏ တရားဝင် ကြည်းတပ်၊ လေတပ်၊ ရေတပ် စသဖြင့် ဖြစ်သည်။

"လက်နက်ကိုင်အုပ်စုများ" ဆိုရာတွင် နိုင်ငံတော်၏ လုပ်ပိုင်ခွင့်အာဏာပါသည်ဖြစ်စေ သို့မဟုတ် မပါသည်ဖြစ်စေ လက်နက် ကိုင်လှုပ်ရှားနေသူ လူတစု သို့မဟုတ် မည်သည့်အဖွဲ့အစည်းမဆို ပါဝင်သည်။ ဥပမာ လက်နက်ကိုင် အုပ်စုများတွင်

- ◆ အတိုက်အခံ အုပ်စုများ၏ တပ်များ
- ◆ အရံ ပြည်သူ့စစ်လက်နက်ကိုင် တပ်ဖွဲ့များ – ဥပဒေ စည်းကြပ်ရေးဌာန အေဂျင်စီများ
- ◆ အရပ်သားကာကွယ်ရေးတပ်ဖွဲ့များ
- ◆ လုပ်ကြံ သတ်ဖြတ်ရေးတပ်ဖွဲ့များ ဖြစ်သည်။

စစ်ပွဲများဆိုသော ဝေါဟာရသည် ပဋိပက္ခကြောင့် ဖြစ်ပေါ်လာရသော ၎င်းတို့၏ သဘာဝအရ သို့မဟုတ် ရည်ရွယ်ချက်အရ ပေါ်ပေါက်လာသည့် ဆောင်ရွက်မှုအားလုံးကို ရည်ညွှန်းသည်။ ထိုအထဲတွင် လက်တွေ့ထိုးစစ်ဆင်တိုက်ခိုက်ခြင်း၊ တိုက်ရိုက် တိုက်ခိုက်ခြင်းများသာ ပါဝင်သည်သာမက တိုက်ပွဲအတွက် ပြင်ဆင်ခြင်း လုပ်ငန်းများနှင့် တိုက်ပွဲအပြီး စီမံချက်များလည်းပါဝင်သည်။

### (င) အစိုးရ၏ လုပ်ဆောင်ချက် ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေအရဆိုလျှင် အဓမ္မလုပ်အားစေခိုင်းမှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုးဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာအခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့်စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား(နိုင်ငံတော်အဆင့်)အဖွဲ့အစည်း"ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။[၂၆] သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင်

၂၆။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပာယ်ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရအရာရှိ တဦးက အဓမ္မလုပ်အားခိုင်းစေမှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိ အမှတ်ပြုမှုဖြင့်သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ ကလေးစစ်သားစုဆောင်း၊ အသုံးပြုမှု ကျူးလွန်သော တဦးချင်း ပုဂ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့်နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။

## ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ(Non State Actors – NSA) ဆိုသည်မှာ တသီးပုဂ္ဂလ လူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံ ပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ပြု မူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကိုသက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရကကျူးလွန်သည် ဖြစ်စေ၊ အစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

# အတင်းအဓမ္မရွှေ့ပြောင်းခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း (Forced Relocation)



**(က) နိုင်ငံတကာဥပဒေအရ အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းဟုသတ်မှတ်ရာတွင် မည်သည့်အင်္ဂါရပ် ချိုး ဖောက်မှုအချက်အလက်များ ပါဝင်သနည်း။**

အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းကို လူ့အခွင့်အရေး ချိုးဖောက်မှုတခုအဖြစ် မှတ်တမ်းတင်နိုင်ရန်အတွက် အောက်ဖော်ပြပါ အင်္ဂါရပ် ချိုးဖောက်မှုမြောက်သော အချက်အလက်များ ထင်ရှားကြောင်း သက်သေတင်ပြရပါမည်။[၂၇]

၁။ တစုံတဦး၏ အိုးအိမ် သို့မဟုတ် မြေနေရာမှာ ဖယ်ရှားခံရခြင်း

၂။ အကြောင်းမဲ့ အတင်းအကျပ် ဖယ်ရှားပစ်ခြင်း

၃။ အလိုမတူခြင်း သို့မဟုတ် ဆန္ဒမပါဘဲ လုပ်ဆောင်ခြင်း

၄။ အစိုးရ၏ လုပ်ဆောင်ချက်တို့ ဖြစ်သည်။

၂၇။ Mary Callahan, Political Authority in Burma’s Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East–West Center Washington, 2007, p. vix ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

**(ခ) အကြောင်းမဲ့ အတင်းအကျပ်ရွှေ့ပြောင်းခြင်းဆိုသည်မှာ မည်ကဲ့သို့သော အကြောင်းချင်းရာဖြစ် သနည်း။**

အကယ်၍ ရွှေ့ပြောင်းခြင်းသည် တရားမျှတမှုမရှိခြင်း၊ ရုတ်ချည်းပြောင်းရွှေ့ရခြင်း၊ ကျိုးကြောင်း ဆီလျော်မှုမရှိခြင်း သို့မဟုတ် အများပြည်သူ အကျိုးစီးပွားနှင့် မဆီလျော်ပါက ယင်းရွှေ့ပြောင်းခြင်းကို အကြောင်းမဲ့ သက်သက် ရွှေ့ပြောင်းခြင်းမှုဟု ခေါ်ဆိုနိုင်ပါသည်။ ဥပမာ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း ကို အောက်တွင်ဖော်ပြထားသော အခြေအနေများတွင် အခြေခံ၍ ဖြစ်ပေါ်ပါက အကြောင်းမဲ့ဖြစ်ခြင်း သဘော၊ အတင်းအကျပ် ဖြစ်ခြင်း သဘောဟု သတ်မှတ်နိုင်သည်။

- လူမှုပတ်ဝန်းကျင် ဖွဲ့စည်းထားမှု၏ တစိတ်တပိုင်းကို တိုင်းရင်းသားမျိုးနွယ်စု အရသော်လည်း ကောင်း၊ ဘာသာရေးအရ သော်လည်းကောင်း၊ လူမျိုးစုအရသော်လည်းကောင်း အခြေခံ၍ ဖွဲ့စည်းထားမှုပုံစံ ပြောင်းလဲသွားစေရန် အတွက်ဖြစ်စေသော သို့မဟုတ် ရည်ရွယ်ချက်ပါသော မူဝါဒများကိုအခြေခံခြင်း။
- တရားဥပဒေအား ချိုးဖောက်၍ သော်လည်းကောင်း၊ အပြစ်မဲ့အရပ်သားများကို ဆန့်ကျင်၍ သော်လည်းကောင်း၊ စုပေါင်းအုပ်စုအလိုက် အပြစ်ပေးခံရမှု သို့မဟုတ် ပြစ်ဒဏ်ခတ်ခံရမှု ပုံစံ တခုအဖြစ်သော်လည်းကောင်း ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

ဥပမာ- ပေးထားသော စာရင်းသည် ပြည့်စုံသော စာရင်းတခုမဟုတ်သေးပေ။ လူတဦးသည် သူ သို့မဟုတ် သူ့အပိုင်မြေပေါ်မှ ဥပဒေနှင့် မလျော်ကန်စွာ သို့မဟုတ် တရားမျှတမှု ကင်းမဲ့စွာ အတင်းအဓမ္မ ဖယ်ရှားခံရပါက ထိုလုပ်ရပ်သည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်သော အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းအဖြစ် သတ်မှတ်နိုင်သည်ကို သတိပြုရန် အရေးကြီးသည်။ အတင်းအဓမ္မ ရွှေ့ ပြောင်းခြင်းသည် "အထူးသီးသန့် ထင်ရှားသည့် အခြေအနေများ"တွင်သာ ကျိုးကြောင်း ဆီလျော် မှုရှိသည်။

**သတိချပ်စရာ ဝေါဟာရ – အတင်းအဓမ္မရွှေ့ပြောင်းခြင်း**

အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းဟူသော အသုံးအနှုန်းသည် အဓိပ္ပာယ်တိကျစွာ ဖွင့်ထားခြင်း မရှိပေ။ လူတဦးတယောက် (သူ သို့မဟုတ် သူမ) နေအိမ်မှဖြစ်စေ၊ မြေယာမှဖြစ်စေ အကြောင်းမဲ့ သို့မဟုတ် အတင်းအကျပ် ထွက်ခွာပေးရသည့် အကြောင်းရင်း ပါဝင်သောဖြစ်ရပ်ကို မတူညီသော အဖွဲ့အစည်းများက သတ်မှတ်ရာတွင် ကွဲပြားသော အသုံးအနှုန်းများဖြင့် အသုံးပြု၍ သတ်မှတ်ကြ သည်။ အချို့အဖွဲ့အစည်းများက အတင်းအဓမ္မမောင်းထုတ်ခြင်း (eviction) ဟူ၍ သော်လည်းကောင်း

အသုံးအနှုန်းကို အသုံးပြုကြသည်။ အချို့အဖွဲ့အစည်းများက အတင်းအဓမ္မ အိုးအိမ်မှနေရာရွှေ့ပြောင်းရခြင်း (displacement) ဟူ၍ သော်လည်းကောင်း အသုံးအနှုန်းကိုအသုံးပြုကြသည်။ အချို့အဖွဲ့အစည်းများက အတင်းအဓမ္မပြန်လည် အခြေချခြင်းဟူ၍ သော်လည်းကောင်း စသည်ဖြင့် ကွဲပြားသော အသုံးအနှုန်းများကိုပင် အသုံးပြုသတ် မှတ်ထားကြသည်။ သို့သော် မည်သို့ပင် အသုံးပြုသတ်မှတ်စေကာမူ အသုံးအနှုန်းတခုချင်းစီသည် တူညီသော ချိုးဖောက်မှုတခုတည်းကိုသာ ပုံဖော်ပြကြခြင်းဖြစ်သည်။ ယခုလမ်းညွှန်စာအုပ်တွင် အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းဟူသော အသုံးအနှုန်းဖြင့် အားလုံးတသမတ်တည်း ဖြစ်စေရန်အတွက် အသုံးပြုထား ပါသည်။

**နိုင်ငံတကာဥပဒေ။** ။ အကြောင်းမဲ့သက်သက် အိုးအိမ်မှ ဖယ်ရှားနိုင်ခွင့်မရှိသည့် အခွင့်အရေး။

အကြောင်းမဲ့သက်သက် မိမိပိုင်အိုးအိမ်မှ ဖယ်ရှားခြင်းကို အကာအကွယ်ပေးထားခြင်းသည် နိုင်ငံတကာ ထုံးတမ်းစဉ်လာဥပဒေ၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာသော ဥပဒေများ၏ စံသဘောတရားများတွင် တည်ရှိပြီးဖြစ်ပါသည်။ နိုင်ငံတကာဥပဒေတွင် ၎င်းအခွင့်အရေးနှင့် ပတ်သက်၍ ရှင်းလင်းတိကျစွာပြဋ္ဌာန်းထားခြင်း မရှိသောကြောင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ လွတ်လပ်စွာ အိုးအိမ်အခြေချခွင့်၊ တစုံတဦး၏ အိုးအိမ်စည်းစိမ်အားသို့ အကြောင်းမဲ့သက်သက် ဝင်ရောက်စွက်ဖက်မှုမှ ကာကွယ်ပေးထားသော အခွင့်အရေးနှင့် လွတ်လပ်စွာ အိမ်ယာဆောက်တည်ခွင့် အခွင့်အရေး စသည့် တည်ရှိပြီးဖြစ်သော အခွင့်အရေးများမှ ထပ်ဆင့်ဆင့်ပွား ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဆင်းသက်လာသည်။

နိုင်ငံတွင်း အိုးမဲ့အိမ်မဲ့လှည့်လည်၊ ထွက်ပြေးနေထိုင်သူများဆိုင်ရာ လမ်းညွှန်မှုများ (Guiding Principles on Internal Displacement) (“လမ်းညွှန်မှုများ”ဟု ဆက်လက်သုံးစွဲ သွားမည်။) တွင် အိုးမဲ့အိမ်မဲ့မှု အ ခွင့်အရေးနှင့်ပက်သက်၍ အကာအကွယ်ပေးမှုများကို ရှင်းလင်းပြဆိုထားသည်။ လမ်းညွှန်မှုများသည် တရားဥပဒေအရ ရေးဆွဲထားသည့် စည်းနှောင်မှု ရှိသည့် တရားဝင် စာချုပ်စာတမ်းမဟုတ်သော်လည်း၊ ရှိတည်ရှိဆဲ ဓလေ့ထုံးတမ်း စံသတ်မှတ်ချက်များ၊ နိုင်ငံတကာ ဥပဒေများကို ကိုးကား၍ ထပ်ဆင့် ဖော်ပြထားခြင်းဖြစ်သည်နှင့်အညီ နိုင်ငံတကာ တကမ္ဘာလုံး အတိုင်းအတာအရ အကျုံးဝင်သော အခြေခံမှုများဖြစ်ပေသည်။

## (ဂ) မည်သည့်အချိန်တွင် အတင်းအဓမ္မရွှေ့ပြောင်းစေခြင်းသည် ဥပဒေနှင့်အညီဖြစ်သနည်း။

အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းသည် အကြောင်းမဲ့ သက်သက်မဟုတ်၊ အများပြည်သူအကျိုး စီးပွားနှင့် ဆီလျော်ပါက ယင်းအား ရွှေ့ပြောင်းခြင်းကို ခွင့်ပြုပေးနိုင်သည်။ ရွှေ့ပြောင်းခြင်းများကို "လုံး ဝ အငြင်းပွားဖွယ်မရှိသော အထူးသီးသန့် အခြေအနေများ"အောက်တွင်သာ ပြုလုပ်နိုင်သည်။[၂၈] ဆိုလိုသည်မှာ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းများ အများစုသည် လူထုအကျိုးစီးပွားနှင့် မဆီလျော်၊ဆန့်ကျင်ဖက် ဖြစ် နေသောကြောင့် ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့သော တရားဥပဒေမဲ့အမိန့်ပေးခိုင်းစေခြင်း၊ ခွဲခြားဆက်ဆံခြင်းကဲ့သို့ မူဝါဒများအား ကျင့်သုံးနေသော နိုင်ငံများတွင် ပို၍ဆန့်ကျင်ဖက် ဖြစ်တတ်သည်။ ဥပမာ အတင်းအဓမ္မရွှေ့ပြောင်းခြင်းသည် အောက်ပါ အခြေအနေများအောက်တွင် ကျိုးကြောင်းဆီလျော်မှု ရှိနိုင်သည်။

အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းများကို ခွဲခြားဆက်ဆံခြင်းမူဝါဒများ သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်မှုအတွက် ရည်ရွယ်ချက်များဖြင့်သာ လုပ်ဆောင်သည်ဆိုပါက ကျိုးကြောင်း ဆီလျော်ခြင်း မရှိပေ။ ဥပဒေအရ တရားဝင်မှုလည်း မရှိပေ။

- ◆ အရပ်သား၊ ပြည်သူများကို ကြီးမားသည့် ဘေး အန္တရာယ် ကျရောက်နိုင်သော အခြေအနေများမှ အကာအကွယ်ပေးရန် သို့မဟုတ် စစ်ရေးစစ်ရာ ထိခိုက်နိုင်သည့်အခြေအနေမှ ကာကွယ်သည့်အနေဖြင့် အရေးပေါ် ပြောင်းရွှေ့ရန်လိုအပ်နေသော လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် အကြမ်းဖက်မှု ဘေးအန္တရာယ်များမှ အကာအကွယ်ပေးရန်။
- ◆ မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်ပြီး ၊ လူထုအကျိုးစီးပွားအတွက် အလွန်အရေးပါသောအကြီးစား ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ[၂၉]
- ◆ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ကပ်ဘေးသင့် ပြည်သူများ၏ ကျန်းမာရေးနှင့် လုံခြုံမှုအတွက် ပြောင်းရွှေ့ရန် လိုအပ်သော အခြေအနေများ ဖြစ်သည်။

ရွှေ့ပြောင်းခြင်းတခုသည် လူထုအကျိုးစီးပွားအတွက် လုံးဝအရေးကြီးသောကြောင့် ဥပဒေအရတရားဝင်သည်ဆိုစေကာမူ နိုင်ငံတော်အစိုးရသည် ရွှေ့ပြောင်းခြင်းကို အကောင်အထည်ဖော်ရာတွင်

၂၈။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်-တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ ဖြစ်သည်။

၂၉။ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ်တရပ်လုံးကို အွန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း-၂ ကို ကြည့်ပါ။

လူထုအ ပေါ်ပြန်လည်လုပ်ဆောင်ပေးရမည့် အနိမ့်ဆုံး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ပျက်ကွက်ခဲ့ပါက နိုင်ငံတကာ ဥပဒေတွင်ပါရှိသော ၎င်းအစိုးရတို့၏ ဝတ္တရားများကိုချိုးဖောက်ရာ ရောက်သည်။

### (ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာ တရားဥပဒေအရဆိုလျှင် အတင်းအဓမ္မရွှေ့ပြောင်းခြင်း မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုး ဖြစ်ရန်လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "နိုင်ငံတော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာ ချထားရန် ကြိုးပမ်းသော အမျိုးသား (နိုင်ငံတော် အဆင့်)အဖွဲ့ အစည်း" ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မ ဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက အတင်းအဓမ္မပြောင်းရွှေ့စေမှုတခုခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရ လုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိ အမှတ်ပြုမှု ဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုး ဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့်ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အတင်းအဓမ္မရွှေ့ပြောင်းမှု ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့်နိုင်ငံတကာ ဥပဒေကိုချိုးဖောက်ရာ ရောက်ပါသည်။

### ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီးပုဂ္ဂလ လူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခု ကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံ ပြည်သူ့စစ်များ နှင့် အစိုးရကဲ့သို့ပြု မူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမ ဟုတ်သော အခြား

အင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံ ရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုး ရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရကကျူးလွန်သည်ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

# ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း၏ အစိပ်ပိုင်းကို သတ်မှတ်ခြင်း
## (Confiscation Destruction of Property)



**(က) နိုင်ငံတကာ ဥပဒေအရဆိုလျှင် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း၏ အင်္ဂါရပ်များကား အဘယ်နည်း။**

ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်းအမှုများကို မှတ်တမ်းတင်ရန်အတွက် အင်္ဂါရပ် (၃) ရပ်နှင့် ပြည့်စုံ ကြောင်း သက်သေပြသရန် လိုအပ်ပါသည်။[၃၀]

၁။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ထိပါး နှောင့်ယှက်ခြင်း

၂။ တရားမဝင်ပြုမှု

၃။ အစိုးရ၏ ဆောင်ရွက်ချက်တို့ ဖြစ်ပါသည်။

---

၃၀။ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် အခွင့်အရေးကို အတိအလင်းဖော်ပြထားသည့် နိုင်ငံတကာ သဘောတူညီချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ပုဒ်မ –၁၇။ Universal Declaration of Human Rights, Article 17
- လူမှုရေးနှင့်နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ ၂၆ နှင့် ၂၇ (ICCPR), Articles 26 and 27
- လူမျိုးရေးအရ ခွဲခြားဖိနှိပ်မှုမျိုးစုံ အဆုံးသတ်စေရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ–၅။ Convention on the Elimination of All Forms of Racial Discrimination, Article 5
- အမျိုးသမီးများအပေါ် နည်းပေါင်းစုံနှင့် ခွဲခြားဖိနှိပ်ဆက်ဆံခြင်း အဆုံးသတ်စေရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (CEDAW), Article 16
- ဒုက္ခသည်များ အဆင့်အတန်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သaဘောတူညီချက်၊ ပုဒ်မ ၁၃ နှင့် ၁၄။ Convention Relating to the Status of Refugees, Articles 13 and 14
- နိုင်ငံမဲ့ပြည်သူများနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ ၁၃။ Convention Relating to the Status of Stateless Persons, Article 13
- ရွှေ့ပြောင်း အလုပ်သမားများအားလုံးနှင့် သူတို့၏ မိသားစုဝင်များကို ကာကွယ်မှုပေးခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ Protection of the Rights of All Migrant Workers and Members of their Families, Article 15

## (ခ) အပြည်ပြည်ဆိုင်ရာ ဥပဒေ – ပုဂ္ဂလိကပိုင်ဆိုင်ခွင့်

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ (၁၇)သည် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို အတိအလင်း အသိအမှတ်ပြုထားသည့် တခုတည်းသော အပြည်ပြည်ဆိုင်ရာပင်မ သဘောတူညီချက်ဖြစ်ပါသည်။ အခြားသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များဖြစ်သည့် လူမျိုးရေးဆိုင်ရာခွဲခြားဖိ နှိပ်မှု ပုံစံအားလုံး အဆုံးသတ်စေရေး နိုင်ငံတကာသဘောတူညီချက် Convention on the Elimination of All Forms of Racial Discrimination နှင့် အမျိုးသမီးများကို နည်းပေါင်းစုံနှင့် ခွဲခြားဖိနှိပ်ဆက်ဆံနေ ခြင်း အဆုံးသတ်စေရေး နိုင်ငံတကာ သဘောတူညီချက် Con– vention on the Elimination of All Forms of Discrimination against Women စသဖြင့်တို့သည် သက်ဆိုင်ရာ ရှုထောင့်အသီးသီးမှ ပုဂ္ဂလိက ကပိုင်ဆိုင်ခွင့်ကို ဆန်းစစ်ထားကြပါသည်။ ဥပမာဖော်ပြရသော်– ခွဲခြားဆက်ဆံမှု မရှိခြင်းပင် ဖြစ်ပါသည်။ ဒေသဆိုင်ရာ သဘောတူညီချက်များဖြစ်သည့် အမေရိကတိုက်နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက American Convention on Human Rights လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ပေးရေးဆိုင်ရာ ဥရောပနိုင်ငံများ သဘောတူညီချက် Protocol to the European Convention for the Protec– tion of Human Rights and Fundamental Freedoms တို့တွင် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ပိုမိုရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဖော် ပြထားကြပါသည်။

---

ဒေသဆိုင်ရာ သဘောတူညီချက်များကလည်း ပုဂ္ဂလိကပိုင်ဆိုင်မှု ထိပါးနှောင့်ယှက်ခြင်းကို တားမြစ်ကြောင်းဖော်ပြထားကြပါသည်။ ဥပမာ– အမေရိကတိုက်တွင်၊ လူ့အခွင့်အရေး ဆိုင်ရာ အမေရိကတိုက်နိုင်ငံများ သဘောတူညီချက် the American Convention on Human Right/ ပုဒ်မ (၂၁)၊ လူသားတို့၏ အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အမေရိ ကန်သဘောတူညီချက် American Declaration on the Rights and Duties of Man ၊ ပုဒ်မ–၂၃၊ ဥရောပနိုင်ငံများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ပေးမှုဆိုင်ရာ သဘောတူညီချက် the European Convention for Protection of Human Rights and Fundamental Freedoms (Article 1) / ၊ ပုဒ်မ–၁၊ အာဖရိကနိုင်ငံများ၏ လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ the African Charteron Human Rights and Peoples' Rights ပုဒ်မ–၁၃ နှင့် ၁၄ တို့ ဖြစ်သည်။ အာဆီယံအဖွဲ့တွင် အလားတူ သဘောတူညီချက်ရှိသော်လည်း လက်မှတ်မရေးထိုး ရသေးပါ။

ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်မှုမှ တားမြစ်ထားသည့် အပြည်ပြည်ဆိုင်ရာ အထောက်အထားမှတ်တမ်းများရှိပါသည်။ ၎င်းတို့မှာ–အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံရေး ဖျက်သိမ်းပစ်ရေး ကြေညာချက် Declaration on the Elimination of Discrimination against Women / ၊ ပုဒ်မ (၆)၊ လူမှုရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကြေညာစာတမ်း Declaration on Social Progress and Development ပုဒ်မ (၆)၊ မသန်မစွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း Declaration on the Rights of Disabled Persons ပုဒ်မ (၁၃)၊ နိုင်ငံတခု၏ နိုင်ငံသားမဟုတ်ဘဲ နေထိုင်နေသူများ၏ လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း Declaration on the Human Rights of Individuals Who are not Nationals of the Country in which they Live ပုဒ်မ (၅)၊ နှင့် ကမ္ဘာ့အသိဉာဏ်ဆိုင်ရာ ပိုင်ဆိုင်ခွင့်အဖွဲ့အစည်း တည်ထောင်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက Convention Establishing World Intellectual Property Organization နှင့် လုပ်ငန်းဦးချင်း၏ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ကာကွယ်မှုပေးခြင်းဆိုင်ရာ ပဲရစ်အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် Paris Convention for the Protection of Industrial Pro– perty တို့ ဖြစ်ပါသည်။

ဤမှတ်တမ်းများကို အင်တာနက်စာမျက်နှာတွင် ကြည့်ရှုရယူနိုင်ပါသည် see http://www2.ohchr.org/english/law/ (last visited 27 July 2008). ပုဂ္ဂလိက ပိုင်ဆိုင်မှု အခွင့်အရေးနှင့် ဤအခွင့်အရေးကို ကာကွယ်ပေးရေးကိစ္စများကို ပင်မအပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင် သေချာအဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိ ပါ။ သို့သော်လည်း ယခုဖော်ပြပါ ပိုင်ဆိုင်မှုအခွင့်အရေးကို အဆိုပါသဘောတူညီချက်များက အခြားရှုထောင့် အသီးသီးမှ ဆန်းစစ်ဖော်ပြထားကြပါသည်။ ဥပမာ– ခွဲ၂– ခား ဆက်ဆံမှုမရှိစေရေးနှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဖြစ်ပါသည်။ ဒေသဆိုင်ရာ သဘောတူညီချက်များဖြစ်ကြသည့် အမေရိကနိုင်ငံများ လူ့အခွင့်အရေးဆိုင်ရာ အပြည် ပြည်ဆိုင်ရာ သဘောတူညီချက် American Convention on Human Rights နှင့် ဥရောပနိုင်ငံများ၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာကွယ် မှုပေးခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်မျ Protocol to the European Convention for the Protection of Human Rights and Fundamental Freedoms တွင် ပုဂ္ဂလိကပိုင်ဆိုင်မှု ကာကွယ်ပေးရေးနှင့် ပတ်သက်၍ ပို၍အားကောင်းသော ဥပဒေကြောင်းဆိုင်ရာဖော်ပြချက်များရှိပါသည်။ ယင်းအတွက်ကြောင့် ယခုလက်စွဲစာအုပ်တွင် ဤဒေသဆိုင်ရာ သဘောတူညီချက်များမှ ဖော်ပြသောအချက်များကို မှီတည်ပြုစုထားပါသည်။ ၎င်းအပြင် အမေရိကနိုင်ငံများအကြား လူ့အခွင့်အရေးခုံရုံး များနှင့် ဥရောပလူ့အခွင့်အရေးခုံရုံးများမှ မှုခင်းအလိုက် ဖြတ်ထုံးဥပဒေများကို ကိုးကားဖော်ပြထားပါသည်။

## (ဂ) မည်သည့်အချက်များသည် ထိပါး နှောင့်ယှက်မှု မြောက်သနည်း။

အစိုးရ၏ မည်သည့်ဌာန၊ အဖွဲ့အစည်းကမဆို ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်သည့် မည်သည့် လုပ်ဆောင်မှုမျိုး မဆိုပြုလာပါက အပြည်ပြည်ဆိုင်ရာ ဥပဒေချိုးဖောက်ကြောင်း မှတ်တမ်း ရယူရန်အတွက် ထိပါးချိုးဖောက်ကြောင်း မြောက်ပါသည်။ ထိပါးနှောင့်ယှက်သည့် အခြေအနေ၊ အတိုင်းအတာသည် အရေးမကြီးပါ။ ပိုင်ဆိုင်မှုကို အသုံးချရာ၌၊ ပျော်ရွှင်မှုခံစားရာ၌ အနည်းငယ်မျှ အနှောင့်ယှက် ဖြစ်ရလျှင်ဖြစ်စေ၊ သို့မဟုတ် လုံးဝနစ်နာဆုံးရှုံးရလျှင်ဖြစ်စေ ချိုးဖောက်မှု အတူတူပင် ဖြစ်ပါသည်။ မည်သို့ ထိပါးနှောင့်ယှက်သည်ဆိုသည့် ပုံသဏ္ဍာန်ကလည်းအရေးမကြီးလှပါ။ ဤသို့ချိုးဖောက်ပုံများတွင် ကန့်သတ်တားမြစ်သည့် ဥပဒေများ၊ အမိန့်များ၊ ဒီဂရီများ၊ တရားရုံးဆုံးဖြတ်ချက်များ၊ ရုပ်ပိုင်းဆိုင်ရာ လက်တွေ့ပြုမူဆောင်ရွက်မှုများပါဝင်ပါသည်။[၂၁]

## (ဃ) ပုဂ္ဂလိက ပိုင်ဆိုင်မှု အခွင့်အရေးတွင် မည်သည့်အခွင့်အရေးများ ပါဝင်နေကြသနည်း။

ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေးတွင် အခွင့်အရေးမျိုးစုံ ပါဝင်နေပါသည်။ ဤအခွင့်အရေးများတွင် ပိုင်ဆိုင်မှုကို ထိန်းချုပ်ခွင့်၊ အသုံးချခွင့်၊ စီမံခန့်ခွဲခွင့်၊ ခံစားခွင့်၊ အကျိုးအမြတ်ထုတ်ယူခွင့်၊ လွှဲပြောင်းခွင့်၊ သို့မဟုတ် ရောင်းချခွင့်၊ သို့မဟုတ် စွန့်ပစ်ခွင့်၊ သို့မဟုတ် အခြားပိုင်ဆိုင်မှုများမှသီးခြား ခွဲခြားထားခွင့် အခွင့်အရေးများပါဝင်ပြီး၊ ဤမျှနှင့် ကန့်သတ်ထားချက်မရှိပါ။[၂၂] ထို့အပြင်ပုဂ္ဂလိက ပိုင်ဆိုင်မှု အခွင့်အရေးနှင့်ပတ်သက်၍ တညီတညွတ်တည်း အဓိပ္ပာယ်ဖွင့်ဆိုချက်လည်းမရှိပါ။ **ပုဂ္ဂလိကပိုင်ဆိုင်မှုတွင် ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော အရာဝတ္ထု အားလုံးပါဝင်ပါသည်။ ထိတွေ့နိုင်သော၊ မထိတွေ့ နိုင်သော အရာအားလုံးပါ ဝင်သည်။ ဤပစ္စည်းများအပေါ်မှ တန်ဖိုးထုတ်ယူ၍လည်းရသည်။[၂၃] ဥပမာ ဖော်ပြရလျှင် – လူတဦး၏ ကိုယ်ပိုင်၊ လူတဦး၏ ပုဂ္ဂလိကပိုင်ဆိုင်မှု၊ မြေ၏ ယဉ်ကျေးမှုဆိုင်ရာ ပိုင်ဆိုင်မှု၊ အသိညာဏ်ဆိုင်ရာ ပိုင်ဆိုင်မှုတို့ကို ပိုင်ဆိုင်မှုအဖြစ် မှတ်ယူပါသည်။[၂၄]**

---

၂၁။ Icelandic Human Rights Center, "Interference Leading to Limitation in the Enjoyment of Property," http://www.humanrights.is/the-human-rights- rpoject/humanrightscasesandmaterials/comparativeanalysis/therighttoproperty/leading/ (last visited 4 November 2008).

၂၂။ ပိုင်ဆိုင်မှုတခုကို ရယူပိုင်ခွင့်ကိုမူ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် အခွင့်အရေးအောက်၌ ထည့်သွင်းထားမှု မရှိပါ။ သို့အတွက်ကြောင့် လူတဦးတွင် ပထမ ဦးဆုံး ဥပဒေကြောင်းအရ ပိုင်ဆိုင်မှု တခုခု ရှိနေရမည်ဖြစ်ပြီး၊ ဤပိုင်ဆိုင်မှုအပေါ် အခြေတည်၍ အခြား အခွင့်အရေးများ ပူးတွဲဖြစ်ပေါ်လာခြင်း ဖြစ်သည်။

၂၃။ See, The Case of the Mayagna (Sumo) Awas Tingini Community v. Nicaragua, Judgement, Inter-American Court, Series C, no. 79, 31 August 2001, para. 144. See also, General Recommendation No. 21, Committee on the Elimination of Discrimination against Women.

၂၄။ Francis Cheval, Property Rights as Human Rights, Swiss Human Rights Book, Vol. 1, 2001. Monica Carss-Fisk, Right to Property: A Guide to the Implementation of Article 1 of Protocol No. 1 to the European Convention on Human Rights, Human Rights Handbook, No. 4, 2001. International Convention on Civil and Political Right (Art. 27).

## (c) ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို မည်သည့်အခြေအနေတွင် တရားဝင် ကြားဝင်စွက်ဖက်ခွင့် ရှိသနည်း။

ပုဂ္ဂလိကပိုင်ဆိုင်ခွင့် ဆိုသည်မှာ အကြွင်းမဲ့ အခွင့်အရေး မဟုတ်ပါ။ နိုင်ငံတော် အစိုးရက လူတဦး၏ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို ကန့်သတ်မှု ပြုကောင်းပြုနိုင်ပါသည်။ ဥပမာအားဖြင့်– အခြေအနေတခုတွင် အစိုးရက လူတဦး၏ ပိုင်ဆိုင်မှုကို ဆုံးရှုံးစေခြင်း၊ သိမ်းပိုက်လိုက်ခြင်း၊ သို့မဟုတ် ၎င်းပုဂ္ဂိုလ်၏ အသုံးချခွင့်ကို ကန့်သတ်ခြင်း ပြုကောင်း ပြုနိုင်သည်။ သို့သော်လည်း ဤသို့ ကန့်သတ်ခြင်းကို အချို့ကန့်သတ်ထားသည့် အခြေအနေအောက်၌သာ ဆောင်ရွက်ရန် အကျုံးဝင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်တွင်မူ ပုဂ္ဂလိကပိုင်ဆိုင်ခွင့် ချိုးဖောက်ခြင်းသည် အောက်ဖော်ပြပါ အင်္ဂါရပ် (၃) ခု ပြည့်စုံမှသာ အကျုံးဝင်မှုရှိပါသည်။[၂၅]

၁။ ဥပဒေအရ ပြဋ္ဌာန်းခြင်း။

၂။ လူအများ အကျိုးစီးပွားအတွက် ဖြစ်ခြင်း။[၂၆]

၃။ လူအများ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးမှုနှင့် လျော်ညီစွာ ကန့်သတ်မှု ဖြစ်ခြင်း။[၂၇]

ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို မည်သို့သော ကန့်သတ်မှုမျိုးမဆို အထက်ဖော်ပြပါ အင်္ဂါရပ် ၃– ချက်နှင့် စစ်ဆေးလျှင် တရားဝင် ဖြစ်နေစေရပါမည်။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ကန့်သတ်ရာ၌ အထက်ဖော်ပြပါ ၃– ချက်နှင့် စစ်ဆေး၍ ကွဲလွဲမှု ရှိနေလျှင်မူ၊ တရားမဝင်နိုင်တော့ပါ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကို ချိုးဖောက်ထားဖွယ် ရှိနေနိုင်သည်ဟု သတ်မှတ်နိုင်ပါသည်။

## (စ) အစိုးရ၏ လုပ်ဆောင်ချက် ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေအရဆိုလျှင် အဓမ္မလုပ်အားစေခိုင်းမှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုးဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာအခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်

---

၂၅။ UN International Covenant of Civil and Political Rights, Article 19, 1966

၂၆။ အများပြည်သူ အကျိုးစီးပွားဆိုသည်မှာ ကျယ်ပြန့်ပြောသည့် အယူအဆတခုဖြစ်ပြီး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာက၃/၄ပေါင်းစုံကို ထည့်သွင်းစဉ်းစားမှုရှိပါသည်။
ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေးကိစ္စနှင့် ပတ်သက်လျှင်မူ နိုင်ငံတော် (အစိုးရ) သည် အများပြည်သူ အကျိုးစီးပွား အတွက် လူတဦးချင်း၏ ပုဂ္ဂလိ ကပိုင်ဆိုင်မှုကို ထိပါးစွက်ဖက်ရန် ကျယ်ကျယ်ပြန့်ပြန့် လုပ်ပိုင်ခွင့်ရှိသည်ဟု ယူဆထားကြပါသည်။

၂၇။ ကန့်သတ်မှုများသည် လျော်ကန်ညီညွတ်မှု ရှိစေရန်အတွက် ရပ်ရွာ၏အကျိုးစီးပွားနှင့် လူတဦးချင်း၏ ပ္ဂုလိကပိုင်ဆိုင်မှုအကြား မျှမျှတတရှိရပါလိမ့်မည်။ ကန့်သတ်မှုများသည် လူတဦးချင်းစီ၏ ပုဂ္ဂလိက ပိုင်ဆိုင်မှုကို အလွန်အကျူးထိပါးမှုရှိစေပါက တဦးချင်း ပုဂ္ဂလိကပိုင်ဆိုင်မှုရှိသူသည် "တဦးထဲနှင့် အလွန်အကျူးဝန်ထုပ်ဝန်ပိုး" ကို ထမ်းရသည်ဟု မြင် ကြပြီး၊ ကန့်သတ်မှုသည် လျော်ကန်ညီညွတ်မှုရှိသည်ဟုမဆိုနိုင်ပါ။ porrong and Lonnroth v. Sweden, European Court of Human Rights, A52, 1982, para. 73.

နှင့် စီစဉ်နေရာချထား ရန် ကြိုးပမ်းသော အမျိုးသား(နိုင်ငံတော်အဆင့်)အဖွဲ့အစည်း” ကို ရည်ညွှန်း ခြင်းဖြစ်ပါသည်။[၂၈] သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပာယ်ရပါသည်။ သာဓကအားဖြင့် ဖေါ် ပြရပါလျှင်၊ အစိုးရအရာရှိ တဦးက အဓမ္မလုပ်အားခိုင်းစေမှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရ လုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိ အမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက် ၍ လုံလောက်စွာအရေးယူရန်သော် လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ ပုဂ္ဂလိက ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို ဖျက်ဆီး၊ လုယက်၊ ခိုးယူမှုကျူး လွန်သောတဦးချင်း ပုပ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲ လွှတ်ပေး ထားလျှင် အစိုးရအနေနှင့်နိုင်ငံ တကာ ဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။

## ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီး ပုဂ္ဂလ လူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခု ကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ် သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံ ပြည်သူ့စစ်များ နှင့် အစိုးရကဲ့သို့ပြု မူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမ ဟုတ်သော အခြား အင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေ မှုများအတွက် တာဝန်ခံ ရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစု များ (Non State Actors – NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုး တုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှု

၂၈။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာ အားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

မျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည်ဖြစ်စေ၊ အစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

# မုဒိမ်းပြုကျင့်မှုနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ အဓိပ္ပါယ်ကို သတ်မှတ်ခြင်း (Rape and Other Sexual Violence)



### (က) နိုင်ငံတကာ ဥပဒေအရဆိုလျှင် မုဒိမ်းပြုကျင့်မှု၏ အင်္ဂါရပ်များကား အဘယ်နည်း။

မုဒိမ်းပြုကျင့်မှုကို လူ့အခွင့်အရေး ချိုးဖောက်မှု တခုအနေနှင့် မှတ်တမ်းတင်နိုင်ရန်အတွက် အောက်ဖော် ပြပါအင်္ဂါရပ် (၃) ရပ် ထင်ရှားကြောင်း ဖော်ပြရပါမည်။[၃၉]

၁။ လိင်မှုသဘော သဘာဝအရ ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်း။

၂။ နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

---

၃၉။ အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်တွင် မုဒိမ်းပြုကျင့်မှုနှင့် ပတ်သက်၍ တညီတညွတ်တည်း အဓိပ္ပါယ်ဖွင့်ဆိုချက် မရှိပါ။ တနည်းဆိုရသော် မုဒိမ်းမှု ဟူသည်မှာ လိင်မှုဆိုင်ရာ အကြမ်းဖက်မှု အစုအပေါင်းဟုဆိုရမည် ဖြစ်နေပါသည်။ သို့အတွက်ကြောင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို တားမြစ်ထားသည့် အပြည်ပြည်ဆိုင်ရာဥပဒေများက မုဒိမ်းမှုကိုလည်း တားမြစ်ထားကြပါသည်။ သို့သော်လည်း ရုံဖန်ရန်ခါ မုဒိမ်းမှုကို အပြည်ပြည်ဆိုင်ရာ ဥပဒေများတွင် သီးခြားထင်ရှားစွာ အဓိပ္ပါယ်ဖွင့်ဆို ပြဋ္ဌာန်းထားသည်လည်းရှိပါသည်။ ၎င်းတို့မှာ –
- ဂျီနီဗာ ကွန်ဗင်းရှင်း။ ပုဒ်မ –၂၇
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးအတွက် ရောမပြဋ္ဌာန်းချက်များ။ ပုဒ်မ ၈ (၂)။ Rome Statute of the International Criminal Tribunal, Article 8(2)
- ရဝန်ဒါနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ပြဋ္ဌာန်းချက်များ။ ပုဒ်မ ၃ (ဆ) နှင့် ၄ (င) Statute of the International Criminal Tribunal foRwanda, Article 3(g) and 4(e)
- ယူဂိုဆလားဗီးယားအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ပြဋ္ဌာန်းချက်များ။ ပုဒ်မ ၅ (ဆ)။ statute of the International Criminal Tribunal for Yugoslavia, Article 5(g)

## (ခ) မုဒိမ်းမှုနှင့် ပတ်သက်၍ နိုင်ငံတကာဥပဒေများ

မုဒိမ်းမှုကို လိင်မှုဆိုင်ရာအကြမ်းဖက်မှု ပုံစံတမျိုးအဖြစ် တားမြစ်ကန့်သတ်ထားပါသည်။ သို့အတွက် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို တားမြစ်ကန့်သတ်ထားသည့် ဥပဒေကြောင်းကွဲများသည် မုဒိမ်းမှုကိုပါ တားမြစ်ထားပါသည်။ သို့သော်လည်း အချို့သော ဥပဒေများသည် မုဒိမ်းမှုကို တိတိကျကျ အဓိပ္ပာယ်ဖွင့် ဆိုထားပါသည်။ ၎င်းတို့မှာ –

- ◆ ဂျီနီဗာကွန်ဗင်းရှင်း။ ပုဒ်မ –၂၇နာကျင်စေမည်ဟု ခြိမ်း– ဂျီနီဗာ နိုင်ငံတကာ သဘောတူညီချက် ကွန်ဗင်းရှင်း (ပုဒ်မ ၂၇)
- ◆ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ ရောမ ဥပဒေပြဋ္ဌာန်းချက်များ (ပုဒ်မ ၈ (၂))
- ◆ ရဝန်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ပုဒ်မ ၃ (ဆ) နှင့် ၄ (င))
- ◆ ယူဂိုဆလားဗီးယားဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ပုဒ်မ ၅(ဆ))တို့ ဖြစ်သည်။

မုဒိမ်းမှုကို ဓလေ့ထုံးတမ်း ဥပဒေအရလည်း တားမြစ်ထားပါသည်။

ဤမှတ်တမ်း ဥပဒေများကို အင်တာနက်စာမျက်နှာတွင် ရယူနိုင်ပါသည် see http://www2.ohchr.org/english/law/ (last visited 27 July 2008).

ဤလက်စွဲစာအုပ်အတွက် အဓိပ္ပါယ် ဖွင့်ဆိုချက်ကိုမူ ရဝန်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (International Criminal Tribunal of Rwanda (ICTR) မှ ရယူပါသည်။ အကြောင်းမှာ အကျဉ်းချုပ် အနည်းဆုံးဖော်ပြထားပြီး၊ မုဒိမ်းမှုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် လိင်ကွဲပြားမှုကို ကြားနေသဖွယ် ရှောင်ကွင်းဖော်ပြထားပါသည်။ (ICTR) ပြဋ္ဌာန်းချက်အရ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုအပေါ်တွင် ရုပ်ပိုင်းဆိုင်ရာ ထိုးသွင်းခြင်းကို ထပ်မံဖြည့်စွက်ထားခြင်း ဖြစ်သည်။ ဤမှတ်တမ်းကို ကြည့်ပါ။ See, Prosecutor v. Jean–Paul Akayesu, ICTR Trial Judgment, 2 September

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ယူဂိုဆလားဗီးယားဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးပြဋ္ဌာန်းချက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ World Health Organization (WHO)၏ See, Prosecutor v. Furundzija, ICTY Trial Judgment, 10 December ၁၉၉၈ က ပို၍ရှင်းလင်းစွာ အားဖြည့် ဖော်ပြထားပါသည်။ မုဒိမ်းမှုကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် "(၁) (မည်မျှပင် အနည်းငယ်ဟုဆိုစေကာမူ လိင်ပိုင်းဆိုင်ရာထိုးသွင်းခြင်း၊ (က) နစ်နာရသူ သားကောင်၏ မိန်းမ အင်္ဂါ သို့မဟုတ် စအိုပေါက်ကို ကျူးလွန်သူ၏ လိင်တံ သို့မဟုတ် အခြားပစ္စည်းတခုခုဖြင့် ထိုးသွင်းခြင်း၊ သို့မဟုတ် (ခ) နစ်နာရသူ သားကောင်၏ ပါးစပ်တွင်းသို့ ကျူးလွန်သူ၏ လိင်တံထိုးသွင်းခြင်း၊ (၂) အတင်းအကျပ်ပြု၍၊ သို့မဟုတ် ခြိမ်းခြောက်၊ အင်အားသုံး၍ နစ်နာရသူ၏ ဆန္ဒကို ဆန့်ကျင်ပြုလုပ်ခြင်း ဖြစ်သာည်။" Jewkes R, Garcia–Moren C, Sen P., World Report on Violence and Health: Sexual Violence, World Health Organization, 2002, p. ၁၄၉–၁၈၁ တွင် မုဒိမ်းမှုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် "ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ အတင်းအကျပ်ပြုပြီး ထိုးသွင်းခြင်းဖြစ်သည်။ (မည်မျှပင် အနည်းငယ်ဖြစ်စေ) အမျိုးသမီးအင်္ဂါ နှုတ် ခမ်းပေါက်၊ စအိုကို လိင်တံ၊ သို့မဟုတ် ကိုယ်ခန္ဓာ၏ အခြားအစိတ်အပိုင်း ၊ အခြားဝတ္ထု ဖြင့်ထိုး သွင်းခြင်း ဖြစ်သည်" ဟု ဆိုသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL)ကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်း မရှိပါ။ (CIL) သည် အစိုးရ၏ ယေဘုယျလုပ် ဆောင်ချက်မှလာ သည့် ဥပဒေကျောရိုးတခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှုမရှိပါ။

သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးမထားသော်လည်း၊ ဤ အပြည် ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆက်နွယ်မှုရှိနေသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရ စည်းနှောင်းမှု မရှိစေရန် အစဉ်အဆက် ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည်ဖြစ် သည်။

### (ဂ) မည်သည့်အချက်များသည် လိင်မှုသဘော သဘာဝအရ ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်း မြောက် သနည်း။

ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်းကို လူ၏ ကိုယ်ခန္ဓာအတွင်းသို့ မည်မျှ အနည်းငယ်ပင်ဖြစ်စေ၊ ပြစ်မှု ကျူးလွန်သူက ရုပ်ဝတ္ထု၊ သို့မဟုတ် ကိုယ်အင်္ဂါအစိတ်အပိုင်း ထိုးသွင်းခံရခြင်းဖြင့် ဖော်ပြနိုင်ပါသည်။ သာဓကအားဖြင့်– မုဒိမ်းမှု၏ အင်္ဂါရပ်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်းတွင် လိင်အင်္ဂါအ ပေါက်များ၊ စအိုဝ၊ ပါးစပ်အတွင်းသို့ ထိုးသွင်းခြင်းများပါဝင်ပါသည်။[၄၀]

### (ဃ) နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိသော အခြေအနေအတွက် သာဓကများကား အဘယ်နည်း။

နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိသော အခြေအနေဆိုသည်မှာ နစ်နာရသူ ကာယကံရှင်အတွက် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် ဆုံးရှုံးနေသောအခြေအနေဖြစ်သည်။[၄၁] ၎င်းတွင် အောက်ဖော်ပြပါ အခြေအနေများပါဝင်သည်။

- ခြိမ်းခြောက်မှု
- အင်အားသုံးခြင်း
- နစ်နာစေမည်ဟု ခြိမ်းခြောက်ခြင်း၊ ဥပမာအားဖြင့်– လိုလားသည့် အကျိုးအမြတ်တခုခု သို့မဟုတ် ဝန်ဆောင်မှုရရှိရန် ငြင်းပယ်ခြင်း၊ သို့မဟုတ် ကိုယ်ခန္ဓာနာကျင်စေမည်ဟု တစုံတဦးကို ခြိမ်းခြောက်ခြင်း။
- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မညီညွတ် ထိခိုက်မှုရှိစေခြင်း၊ ဥပမာ– မသန်မစွမ်းသူများ အသက်အကန့်အသတ်၊ သို့မဟုတ် ဆေးဝါး၊ အရက်၊ ဆေးကုသမှု တခုခု၏ ဩဇာလွှမ်းမိုးမှုခံနေရသော အခြေအနေ။

---

၄၀။ Prosecutor v. Furundzija, ICTY Trial Judgment, 10 December 1998; Radhika Coomaraswamy, Special Rapporteur on Violence Against Women
အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို စုံစမ်းတင်ပြသူ အရာရှိ၏အစီရင်ခံစာ "ဒုက္ခသည် အမျိုးသမီးများအပေါ် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ၊ ကာကွယ်မှုပေးရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် လမ်းညွှန်ချက်များ" Sexual Violence Against Refugees: Guidelines on Prevention and Response, 1995; Jewkes R, Garcia–Moren C, Sen P., ကမ္ဘာ့ကျန်းမာရေးအဖွဲ့ "အကြမ်းဖက်မှုနှင့် ကျန်းမာရေးဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာ" World Report on Violence and Health: Sexual Violence, World Health Organization, 2002, p. 149–181.

၄၁။ နိုင်ထက်စီးနင်းပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိခြင်းဆိုသည်မှာ ပြစ်မှုကျူးလွန်သူ၏ အမြင်ဖက်မှ မဟုတ်ဘဲ နစ်နာရသူ ကာယကံရှင်ဘက်မှ အမြင်သာဖြစ်သည်။ ကျူးလွန်သူဘက်က နိုင်ထက်စီးနင်းပြုခြင်းမရှိဟု ယူဆနိုင်သော်လည်း၊ နစ်နာရသူ ဘက်ကမူ နိုင်ထက်စီးနင်း အတင်းအကျပ်ပြု သည်ဟု မြင်နိုင်သည်။ ဤအတွက်ကြောင့် နိုင်ထက် စီးနင်းပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိခြင်းဆိုသည်မှာ နစ်နာရသူ ကာယကံရှင်၏ အတွေ့ အကြုံအရသာ ဆုံးဖြတ်ရမည်။

### ဝေါဟာရနှင့် ပတ်သက်၍ သတိပြုရန် – မုဒိမ်းပြုကျင့်မှု

မုဒိမ်းပြုကျင့်မှုဟူသော ဝေါဟာရကို များသောအားဖြင့် နားလည်ထားကြသည်မှာ အမျိုးသမီးနှင့် အမျိုးသားအကြား အတင်းအကျပ်လိင်ဆက်ဆံခြင်း (အမျိုးသမီးအင်္ဂါတွင်း ထိုးသွင်းဆက်ဆံခြင်း) ဟု နားလည်ထားကြသည်။ သို့သော်လည်း မုဒိမ်းပြုကျင့်မှုဆိုသည်မှာ အမျိုးသမီးများအတွက်သာ ကန့်သတ်သုံးစွဲခြင်း မဟုတ်ပါ။ ယောကျ်ားများသည်လည်း မုဒိမ်းပြုကျင့်မှု၏ နစ်နာရသူ သားကောင် ဖြစ်နိုင်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါးစပ်တွင်းသို့၊ စအိုတွင်းသို့ လိင်ဆက်ဆံခြင်း (ထိုးသွင်းခြင်း)လည်း ပါဝင်ပါသည်။ ထို့ထက်ပို၍ဆိုရလျှင် မုဒိမ်းပြုကျင့်မှုဆိုသည်မှာ ယောကျ်ားအင်္ဂါ(လိင်တံ) ဖြင့်သာ မဟုတ်ဘဲ ရုပ်ဝတ္ထု၊ သို့မဟုတ် ကိုယ်အင်္ဂါ အစိတ်အပိုင်းတခုခု အသုံးပြု၍ ထိုးသွင်းခြင်းလည်း အပါအဝင် ဖြစ်ပါသည်။

### (င) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် မုဒိမ်းပြုကျင့်မှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုး ဖြစ်ရန်လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "နိုင်ငံတော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာအသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများနှင့်အရင်း အမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား (နိုင်ငံတော်အဆင့်) အဖွဲ့အစည်း"[၄၂] ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက မုဒိမ်းမှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၄၃] အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိအမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့် သော်လည်းကောင်း ဖြစ်ပွားသောချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန် သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့်ပတ်သက်၍လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်းပါဝင်ပါသည်။[၄၄] သာဓကအား ဖြင့်ဖေါ်ပြရပါလျှင်၊ မုဒိမ်းမှုကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။

---

၄၂။ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East–West Cen– ter Washington, 2007, p. vix, ဤကိုးကားစကားကို မြန်မာဘာသာသာဖြင့် ရှင်းပြရာတွင် (State) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

၄၃။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ ဖြစ်သည်။

၄၄။ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

## ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီးပုဂ္ဂလ လူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာ ကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ် သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံ ပြည်သူ့စစ်များ နှင့် အစိုးရကဲ့သို့ပြု မူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမ ဟုတ်သော အခြား အင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက် နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစု များ (Non State Actors – NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုး တုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှု မျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။လူ့ အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည်ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

## (၃) လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို အဓိပ္ပါယ် သတ်မှတ်ခြင်း။

## (က) အပြည်ပြည်ဆိုင်ရာ ဥပဒေအရဆိုလျှင် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုတွင် မည်သည့်အင်္ဂါရပ်များ ပါဝင်သနည်း။

လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို လူ့အခွင့်အရေး ချိုးဖောက်မှုတခုအဖြစ် မှတ်တမ်းပြုမည်ဆို လျှင် အောက်ဖော်ပြပါ အင်္ဂါရပ် (၃) ခု ပြည့်စုံရန် လိုအပ်ပါသည်။[၄၅]

၄၅။ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို တားမြစ်ထားသည့် အဓိကကျသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များမှာ အောက်ပါတို့ ဖြစ်ပါသည်။
– ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း (ပုဒ်မ–၁) Charter of the United Nations (Article 1);
– အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (ပုဒ်မ–၂) Universal Declaration of Human Rights (Article 2);
– အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးအတွက်ရောမပြဋ္ဌာန်းချက်များ။ ပုဒ်မ ၈ (၂) (ခ) နှင့် ၈ (၂) (င)။ ? The Rome Statute of the International Criminal Court (Ar– ticle 8(2)(b) and 8(2)(e));
– လူမှုရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် ((ICCPR) (Article 3 and 9(1))။ မြန်မာနိုင်ငံက လက်မှတ်ရေးထိုး ထားခြင်း မရှိ သေးပါ။

၁။ လိင်မှု သဘောသဘာဝအရ ဆောင်ရွက်မှု[၄၆]

၂။ နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆက်မပါရှိခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

## (ခ) လိင်မှုသဘော သဘာဝအရ ဆောင်ရွက်မှု ဆိုသည်မှာ အဘယ်နည်း။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ လေ့လာတင်ပြသူ အထူးစုံစမ်းရေး အရာရှိ၏ ဖော်ပြချက်အရ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုတွင် "လိင်မှုဆိုင်ရာ ခြိမ်းခြောက်မှု၊ တိုက်ခိုက်

– နှိပ်စက်ညှဉ်းပမ်းမှုနှင့် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမှုမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု Convention Against Torture and Other Cruel Inhuman and Degrading Treatment or Punishment (CAT)

– ဂျီနီဗာ ကွန်ဗင်းရှင်း သဘောတူညီချက် Geneva Conventions (Common Article 3စစ်ဥပဒေတခုဖြစ်ပြီး မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထား ပါသည်။

– အမျိုးသမီးများကို နည်းပေါင်းစုံနှင့် ခွဲခြားဖိနှိပ်ဆက်ဆံမှု အဆုံးသတ်စေရေး နိုင်ငံတကာ သဘောတူညီချက် The Convention on the Elimination of All Forms of Discrimination against Women (CEDAW) မြန်မာနိုင်ငံက ချွင်းချက်ဖြင့် အသိအမှတ်ပြု လက်မှတ်ရေးထိုးထားပါသည်။ (ပုဒ်မ–၁ ကို အထွေထွေ အကြံပြုချက် –၁၉ တွင် အကျယ်ဖွင့်ဆိုထားပါသည်။

– ကလေးများ အခွင့်အရေးဆိုင်ရာ သဘောတူညီချက်။ ပုဒ်မ– ၆။ The Covenant on the Rights of the Child (Article 6 ) မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားပါသည်။ နစ်နာရသူ သားကောင်သည် အသက် ၁၈–နှစ်အောက်ဖြစ်ပါက အသုံးပြုနိုင်သည်။

လိင်မှုဆိုင်ရာ အကြမ်းဖက်မှုမှ ကင်းဝေးစေရန် အခွင့်အရေးများကို ကာကွယ်ပေးထားသည့် အခြားသောဥပဒေ၊ မှတ်တမ်းများမှာ အမျိုးသမီးများကို အကြမ်းဖက်မှု အဆုံးသတ် စေရေးထုတ်ပြန်ကြေညာချက် the Declaration on the Elimination of Violence Against Women နှင့် အရေးပေါ် အခြေအနေများ၊ လက်နက်ကိုင် ပဋိပက္ခများတွင် အမျိုးသမီးများနှင့် ကလေးများကို ကာကွယ်ပေးရေးဆိုင်ရာထုတ်ပြန်ကြေညာချက် the Declaration on the Protection of Women and Children in Emergency and Armed Conflict /

ကျွန်ပြုမှုဆိုင်ရာနိုင်ငံတကာ သဘောတူညီချက် the Slavery Convention တို့ ဖြစ်ပါသည်။ ဤမှတ်တမ်းများကို ကြည့်ရှုရယူရန် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး အင်တာနက် စာမျက်နှာကိုကြည့်ပါ။ http://www.ohchr.org/english/law/index.htm (last visited 15 August 2006).

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေကိုလိုက်နာရရန် အကြောင်းရှိပါသည်။ လိင်မှုဆိုင်ရာအကြမ်းဖက်မှုများသည် ဂျီနီဗာကွန်ဗင်းရှင်း သဘောတူညီချက်ကို ဆိုးရွားကြီးကျယ်စွာ ချိုးဖောက်ရာရောက်သောကြောင့် တားမြစ်ထားပါသည်။ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေများကို ဥပဒေပုဒ်မများနှင့် ဖော်ပြရေးသားထားသည့်သဖွယ် ဂျီနီဗာကွန်ဗင်းရှင်းကို အသိအမှတ်ပြုထားကြပါသည်။ ဤကွန်ဗင်းရှင်း သဘောတူညီချက်ကို မှတ်ချက်ဖော်ပြထားရာ၌ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများကို တားမြစ်ကြောင်းလည်း ဖော်ပြထားပါသည်။"ရှေ့အတိတေ ကာလများကတည်းက ကျင့်သုံးလာသော ဓလေ့ထုံးတမ်းများကိုပုဒ်မများ၊ ဥပဒေများအဖြစ်ရေးသားထားသည်"ဟုဖော်ပြထားသည်။ နိုင်ငံ တခုသည် ဤထုံးတမ်းများကို အစဉ်အဆက် ငြင်းပယ်ခဲ့မှသာ အချို့သောဓလေ့ထုံးတမ်းဥပဒေများမှ ကင်းလွတ်ခွင့်ရှိကောင်း ရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အထက်ဖော် ပြပါ အပြည်ပြည်ဆိုင်ရာ ဥပဒေများကို လက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း၊ ကန့်ကွက်ကြောင်း လုံလောက်သည့် အနေအထားအထိဖော်ပြခဲ့ခြင်းမရှိပါ။ လိင်မှုဆိုင်ရာအကြမ်း ဖက်မှုကို ဓလေ့ထုံးတမ်းဥပဒေများတွင် အကြုံးမဝင်ကြောင်း ငြင်းဆိုထားခြင်းမရှိပါ။

အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုနှင့် ပတ်သက်၍ တညီတညွတ်တည်း အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိပါ။ ဥပမာအားဖြင့်– အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်စေရေး ထုတ်ပြန်ကြေညာချက်ကမူ လိင်မှုဆိုင်ရာအကြမ်းဖက်မှုကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ "လိင်ကွဲပြား မှုအပေါ် အခြေတည်သည့် ရလဒ်ဖြစ်စေသော မည်သည့်ပြုမှုမှုမျိုးမဆို ဖြစ်သည်။ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ဓါတ် ပိုင်းဆိုင်ရာ ဒဏ်ရာ အနာတရ ရလဒ်ဖြစ်ဖွယ် အကြောင်းရှိသည်။ အမျိုးသမီးများကို နစ်နာခံစားရစေသည်။ ထို့ အပြင်ဤသို့ ခြိမ်းခြောက်မှုများ၊ အတင်းအကျပ်ပြုမှုများ၊ သို့မဟုတ် အတင်းအကျပ် လွတ်လပ်ခွင့် ဆုံးရှုံးစေခြင်းကို လူတဦးချင်း ဘဝတွင်ဖြစ်စေ၊ လူမှု အဖွဲ့အစည်းဘဝတွင် ဖြစ်စေ ဖြစ်ပေါ်စေပါက ဤသို့လိင်မှုဆိုင်ရာ အကြမ်းဖက်မှုမြောက်သည်" ဟု ဆိုထားသည်။ ၁၉၉၃၊ ဒီဇင်ဘာလ ၂၀ ရက်၊ ကြေညာချက် ပုဒ်မ ၁ ကို ကြည့်ပါ။ See Article 1, 20 December 1993 ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) ကမူ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ "လိင်မှုဆိုင်ရာ လုပ်ရပ်တခုခုရစေလိုသော လိင်မှု ဆောင်ရွက်မှုအားလုံးဖြစ်သည်။ မလိုလားအပ်သောလိင်မှုဆိုင်ရာပြောဆိုမှုများ၊ ကျူးကျော်လက်ရောက်မှုများ၊ သို့မဟုတ် လူကုန်ကူးရန်သကြိုးပမ်းမှု၊ သို့မဟုတ် အတင်းအကျပ်နည်းကိုသုံး၍လူတဦး၏ လိင်သဘော သဘာဝကို ဆန့်ကျင်၍ တိုက်ရိုက်ပြုမှုခြင်းဟုဆိုသည်။ ဤသို့ ကျူးလွန်သူသည် နစ်နာရသူ သားကောင်နှင့် မည်သို့ဆွေမျိုးဆက်ဆံရေးပင် ရှိစေကာမူ၊ မည်သည့်အခြေအနေ ရှိစေကာမူ၊ အိမ်–အလုပ်ဟူ၍ နေရာဌာန မခွဲခြားဘဲ ဤသို့ ကျူးလွန်လျှင် လိင်မှုဆိုင်ရာအကြမ်းဖက်မှု မြောက်သည်" ဟု ဖော်ပြသည်။

(First World Report on Violence and Health, 2002, p. 149). (CEDAW) အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ကမူ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်၍ တိတိကျကျ ဖွင့်ဆိုထားခြင်းမရှိပါ။ အထွေထွေ အကြံပြုချက် အမှတ် –၁၉ တွင်မူ ကော်မီတီက လိင်ကွဲပြားမှု အပေါ် အခြေခံ၍ ဖြစ်သော အကြမ်းဖက်မှုကို အသိအမှတ်ပြုထားပြီး၊ (CEDAW) သဘောတူညီချက်က ခွင့်ပြုထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ခံစားနိုင်စေရန် ကြီးလေးစွာ တားမြစ်ပိတ်ပင်မှု ဖြစ်စေကြောင်းဖော်ပြသည်။ သို့အတွက်ကြောင့် ကြီးလေးသော ခွဲခြားဆက်ဆံမှု ပုံသဏ္ဌာန်တွင်ပါဝင်သည်ဟုဖော်ပြပါသည်။ လိင်ကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်မူ ကော်မီတီက "အမျိုးသမီးတဦးကို ရည်ရွယ်ဆောင်ရွက်သည့် အကြမ်း ဖက်မှုဖြစ်ပြီး၊ သူက အမျိုးသမီးဖြစ်သောကြောင့် ဆောင်ရွက်သည်၊ အမျိုးသမီးများအပေါ် မမျှမတသက်ရောက်မှုဖြစ် စေသည်။ ဤအချက်များတွင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်မှုပိုင်းဆိုင်ရာ ဒဏ်ရာရစေမှုများ၊ နာကျဉ်ထိခိုက်စေမှုများ၊ ဤသို့ ပြုမည်ဟုခြိမ်းခြောက်မှုများ၊ အတင်းအကျပ်ပြုမှု များ၊ အခြား လွတ်လပ်ခွင့်ကို ဆုံးရှုံးစေသည့်ဖြစ်ရပ်များ စသဖြင့်ပါဝင်သည်"ဟု ဆိုပါသည်။

ဤလက်စွဲစာအုပ်အတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုမူ ရဝန်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံး ((International Criminal Tribunal of Rwanda (ICTR) မှ ရယူပါ သည်။ အကြောင်းမှာ အကျဉ်းချုပ်အနည်းဆုံးဖော်ပြထားပြီး၊ မုဒိမ်းမှုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် လိင်ကွဲပြားမှုကို ကြားနေသဖွယ် ရှောင်ကွင်းဖော်ပြထားသလို၊ လက်တွေ့ကျ၍ လုံ လောက်သော ကျယ်ပြန့်စွာ ခြုံငုံမှု ရှိပါသည် See, Prosecutor v. Jean-Paul Akayesu, ICTR Trial Judgment, 2 September 1998.

၄၆။ မှတ်ချက်ပြုရန်မှာ လိင်မှုဆိုင်ရာ အကြမ်းဖက်ခြင်းအတွက် အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ မုဒိမ်းမှုထက်ပိုမို ကျယ်ပြန့်စွာဖွင့်ဆိုထားပါသည်။ မုဒိမ်းမှုဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာထိုးသွင်းမှု အဖြစ်သာ ကန့်သတ်ထားသော်လည်း၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုတွင် လိင်မှုကိစ္စနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို ဖြစ်နိုင်ပါသည်။ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုမြောက်စေရန် အတွက် ရုပ်ပိုင်းဆိုင်ရာ ထိုးသွင်းမှုမြောက်ရန် မလိုအပ်ပါ။

မှု၊ ကြားဝင် နှောင့်ယှက်မှု၊ အသုံးချ ခေါင်းပုံဖြတ်ခြင်းပုံ သဏ္ဍာန်အားလုံး” ပါဝင်သည်ဟုဆိုပါသည်။[၄၇] ဤအဓိပ္ပာယ် ဖော်ပြချက်အရဆိုလျှင်၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုတွင်[၄၈]

- ◆ အိမ်တွင်း အကြမ်းဖက်မှု
- ◆ လိင်သင်းကွပ်ခြင်း (လိင်အင်္ဂါကို ဖျက်ဆီးခြင်း)။
- ◆ အတင်းအဓ္ဓ ပြည့်တန်ဆာပြုခြင်း။
- ◆ အတင်းအဓမ္မ ကလေးမရနိုင်အောင်ပြုခြင်းများ ပါဝင်ပါသည်။

## ဝေါဟာရနှင့် ပတ်သက်၍ သတိပြုရန် – မုဒိမ်းပြုကျင့်မှုနှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု

မုဒိမ်းပြုကျင့်မှုနှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံသဏ္ဍာန် အမျိုးမျိုးတို့၏ အခြေခံအင်္ဂါရပ်များမှာ အတူ တူပင် ဖြစ်ပါသည်။ သို့သော်လည်း မုဒိမ်းပြုကျင့်မှုတွင် အခြားသက်သေ အထောက်အထားများလိုအပ်ပြီး၊ “လိင်မှုသဘော သဘာဝအရ ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်း” ဖြစ်ကြောင်းပြသရန်လိုအပ်ပါသည်။ လိင်မှုဆိုင်ရာအကြမ်းဖက်မှုတွင် မူပို၍ ကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ရှိပြီး၊ “လိင်မှုဆိုင်ရာ သဘောသဘာဝရှိသည့် လုပ်ဆောင်ချက်အားလုံး” ကိုရည်ညွှန်း ဖော်ပြနိုင်ပါသည်။

၄၇။ Radhika Coomaraswamy,အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို စုံစမ်းတင်ပြသူ အရာရှိ၏ အစီရင်ခံစာ“ဒုက္ခသည်အမျိုးသမီးများအပေါ် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု များ၊ ကာကွယ်မှုပေးရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် လမ်းညွှန်ချက်များ” ” Special Rapporteur on Violence Against Women, Sexual Violence Against Refugees: Guidelines on Prevention and Response, 1995. See also, အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်း အဆုံးသတ်စေရေး ထုတ်ပြန်ကြေညာချက် Declaration on the Elimination Against Women, Article 2, 20 December 1993, http://www.ohchr.org/english/law/eliminationvaw.htm, (last visited 23 August 2006);
အပြည်ပြည်ဆိုင်ရာ တရားခုံရုံးဆိုင်ရာ ရောမဥပဒေပြဋ္ဌာန်းချက်များ Rome Statute of the International Criminal Court, Article 7 (1)(g), 17 July 1998, http:// www.un.org/law/icc/statute/romefra.htm (last visited 23 August 2006); Amnesty International
အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လက်စွဲစာစောင်။ မုဒိမ်းမှုကို စစ်လက်နက်တခုသဖွယ်အသုံးခasနကြခြင်း။ Rape as a Tool of War: A Fact Sheet, http://www.amnestyusa.org/women/ (last visited 23 August 2006); Radhika Coomaraswamy, Special Rapporteur on the Violence Against Women Sexual Violence Against Refugees: Guidelines on Prevention and Response, 1995.

၄၈။ ဤဥပမာများမှာ မဆုံးနိုင်အောင်များစွာရှိပါသည်။ သတိပြုရန်မှာ မည်သို့သော လိင်မှုကိစ္စမျိုးကို မဆို အတင်းအကျပ်သဘောပြုခြင်း ဖြစ်စေ၊ လူတဦး၏ ဆက်ကို ဆန့်ကျင်၍ ပြု သည်ဖြစ်စေ၊ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက် ပါဝင်ပတ်သက်လျှင် အပြည်ပြည်ဆိုင်ရာ ဥပဒေကိုချိုးဖောက်ခြင်း မြောက်နိုင်ပါသည်။

# လိင်ဖျော်ဖြေရေးလုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်းအား အဓိပ္ပါယ်ဖွင့်ဆိုခြင်း (Forced Prostitution)



**(က) နိုင်ငံတကာဥပဒေအရ လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခံရခြင်းတွင် မည်သည့် အင်္ဂါရပ်များ ပါဝင်သနည်း။**

လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခံရခြင်းအား လူ့အခွင့်အရေး ချိုးဖောက်မှု တခုအဖြစ် မှတ်တမ်းတင်နိုင်ရန်အတွက် အောက်ဖော်ပြပါ အင်္ဂါရပ် (၄) ခု သက်သေ ထင်ရှားကြောင်း တင်ပြရပါမည်။[၄၉]

၁။ လိင်ဆက်ဆံမှုပုံစံတခုခု

၂။ အတင်းအကျပ် လုပ်ဆောင်ခြင်း သို့မဟုတ် အလိုမတူခြင်း

၃။ ငွေပေးခြင်း သို့မဟုတ် အလားတူပုံစံတမျိုးမျိုး

၄။ အစိုးရ၏ လုပ်ဆောင်ချက် တို့ ဖြစ်သည်။

---

၄၉။ အလိုတူခြင်း၊ အတင်းအကျပ်ပြုခြင်းဆိုသောအချက်ကို ကျူးလွန်သူ၏ အမြင်ဆိုသည်ထက် ကျူးလွန်ခံရသူ၏ အမြင်မှတဆင့် ဆုံးဖြတ်သင့်သည်။ ကျူးလွန်သူအတွက် အတင်းအကျပ်ဖိအားဖြင့်လုပ်ဆောင်ခြင်းဟူ၍ မထင်မှတ်သော်လည်း ကျူးလွန်ခံရသူအဖို့မှာမူ အလွန်ပြင်းထန်သော ဖိအားတခု အဖြစ် မြင်တွေ့ရနိုင်သည်။ အလားတူစွာပင်အဖြစ်အပျက်သည် အလိုမတူခြင်း သို့မဟုတ် အင်အားသုံးခြင်းဖြစ်–မဖြစ်ကိုလည်း ကျူးလွန်ခံရသူ အတွေ့အကြုံတွင်သာ အာရုံစိုက်လုပ်ဆောင်ရန်အရေးကြီးသည်။ အချို့ သုံးသပ်သူများကငွေကြေးအလွန် လိုအပ်နေမှုအပါအဝင် လိင်လုပ်ငန်းအား မဖြစ်မနေလုပ်ဆောင်နေရမှု၏ အချက်အလက်များကို ကျယ်ကျယ်ပြန့် ပြန့် ရှုမြင်ထားကြသည်။ Report of the Special Rapporteur on the Suppression of the Traffic in Persons and the Exploitation of the Prostitution of Others, United Nations document E/1983/7, 1983, para. 23; Kathleen Barry, The Prostitution of Sexuality, 1995. လိင်လုပ်ငန်းလုပ်ဆောင်သူများ သမ္မအပါအဝင် အခြားသူများက ငွေကြေးလိုအပ်ချက်အား ပိုပိုသာသာပြောခြင်းကို သတိထားကြပြီး၊ မဖြစ်မနေ လိင် လုပ်ငန်းအတွင်း လုပ်ဆောင်နေရခြင်းအား တန်ပြန်ဆောင်ရွက်ရန်အတွက် အကောင်းဆုံးသော နည်းလမ်းတခုအဖြစ် လိင်လုပ်ငန်းလုပ်ဆောင်သူများ ကို ဥပဒေ အရ အရေးယူခြင်းမပြုရန် စည်းရုံးလှုံ့ဆော်နေကြသည်။

### (ခ) အလိုမတူမှု သို့မဟုတ် အတင်းအကျပ် ပြုလုပ်သော အခြေအနေများ၏ ဥပမာများက အဘယ်နည်း။

အလိုမတူမှု သို့မဟုတ် အတင်းအကျပ်ပြုလုပ်သော အခြေအနေများဆိုသည်မှာ ကျူးလွန်ခံရသူ၏ လွတ်လပ်စွာ ရွေးချယ်ခွင့်များ ဖယ်ရှားခံရသော အခြေအနေများကို ဆိုလိုသည်။ ထိုအခြေအနေတွင်

- ◆ ခြိမ်းခြောက်ခြင်း
- ◆ အင်အားသုံးခြင်း
- ◆ နစ်နာစေသော အပြုအမူ ဆက်ဆံခံရမည်ဟု ခြိမ်းခြောက်ခြင်း၊ ဥပမာ– လိုအပ်သော ခံစားခွင့်ကို ငြင်းပယ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် ဝန်ဆောင်မှု ရရှိမည့်အခွင့်အရေးကို ငြင်းပယ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် ကိုယ်တိုင်သို့မဟုတ် အခြားသူများကို ထိခိုက်အန္တရာယ်ပြုမည်ဟု ခြိမ်း ခြောက်ခြင်း။
- ◆ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု၊ ဥပမာ မသန်စွမ်းဖြစ်ခြင်း၊ အသက်အရ ကွာဟမှုရှိခြင်း၊ သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အရက်သေစာသုံးစွဲထားခြင်း၊ ဆေးသုံးစွဲထားခြင်း။

### (ဂ) နိုင်ငံတကာဥပဒေ– လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခံရခြင်း

လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခံရခြင်းအား လိင်မှုဆိုင်ရာ အကြမ်းဖက်မှုပုံစံတခုအဖြစ် တားမြစ်ထားသည်။ ထို့ကြောင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကိုတားမြစ်ပိတ်ပင်ထားသော တရားဥပဒေဆိုင်ရာ သဘောတူချက်များက လိင်လုပ်ငန်းအတွင်းသို့အတင်းအကျပ် သွတ်သွင်းခြင်းကိုလည်း တားမြစ်ထားသည်။ သို့သော် အချို့သဘောတူညီချက်များက လိင်ဖျော်ဖြေရေးလုပ်ငန်းအတွင်းသို့ အတင်းအကျပ် သွတ်သွင်းခြင်းကို တိတိကျကျတား မြစ်ထားသည်။ ထိုသဘောတူညီ ချက်များမှာ–

- ◆ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းပုံစံအားလုံးပပျောက်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ သဘောတူညီချက် (CEDAW)၊ ပုဒ်မ– ၆။

- ဂျီနီဗာ သဘောတူညီချက်၊ အခန်း ၂၇
- ဂျီနီဗာသဘောတူညီချက်၏ နောက်ဆက်တွဲ သဘောတူညီချက် ၁၊ ပုဒ်မ ၇၅ (၂) (ခ) နှင့် ၇၆ (၁)
- ဂျီနီဗာသဘောတူညီချက်၏ နောက်ဆက်တွဲ သဘောတူညီချက် ၂၊ ပုဒ်မ ၄ (၂) (င)
- နိုင်ငံတကာပြစ်မှုဆိုင်ရာ တရာရုံး၏ ရောမသဘောတူညီချက်၊ ပုဒ်မ ၇ (၁) (ဆ)။

လိင်လုပ်ငန်းအတွင်းသို့ အတင်းအကျပ် သွတ်သွင်းခြင်းကို နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေများအရလည်း တားမြစ်ထားသည်။

### (ဃ) လိင်လုပ်ငန်းအတွင်း အတင်းအဓမ္မသွတ်သွင်းခြင်း ဟူသောအချက်ကို ထင်ရှားကြောင်းပြရာတွင် မည်သည့်ငွေကြေးပေးမှုမျိုး က ဆက်နွယ်ပတ်သက်မှုရှိသနည်း။

လိင်လုပ်ငန်းအတွင်း အတင်းအဓမ္မ သွတ်သွင်းခြင်း ချိုးဖောက်မှုကို ထင်ရှားကြောင်း ပြသရန်အတွက် တစုံတယောက်သည် အခကြေးငွေပေးသည့်ပုံစံတခုခုဖြင့် လိင်ဆက်ဆံမှု ပြုရမည်ဖြစ်သည်။ ထိုပေးချေမှုတွင် ငွေကြေးအဖြင့်အရ သော်လည်းကောင်း၊ အစားအစာ သို့မဟုတ် အဝတ်အထည်စသည့် ရုပ်ဝတ္ထုပစ္စည်းအရ အကျိုးအမြတ်ရှိစေသော ပုံစံတခုခုဖြစ်နိုင်သည်။ သို့သော် ခံစားခွင့်ရရှိသူသည် ကျူးလွန်ခံရသူကိုယ်တိုင် ဖြစ်ချင်မှ ဖြစ်နိုင်သည်။ ထိုကဲ့သို့ ဆက်ဆံနိုင်စေရန် စီစဉ်ပေးသူတဦး ဦးကသော်လည်းကောင်း၊ အခြားသူထံသို့ လွှဲပြောင်းပေးသူ တဦးဦးကသော်လည်းကောင်း၊ ပေးချေမှုကို ရရှိနိုင်သည်။[၅၀]

### (င) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် မုဒိမ်းပြုကျင့်မှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုးဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထား


၅၀။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ ဖြစ်သည်။

ရန် ကြိုးပမ်းသော အမျိုးသား(နိုင်ငံတော်အဆင့်) အဖွဲ့အစည်း”ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက လိင်လုပ်ငန်းအတွင်း အတင်းအဓမ္မသွတ်သွင်းရာတွင် ကျူးလွန်ပါဝင်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရလုပ် ဆောင်ချက်တွင် တရားဝင် အသိအမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့် သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန် သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့်ပတ်သက်၍ လုံလောက်စွာ အရေးယူရန် သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ လိင်လုပ်ငန်းအတွင်း အတင်းအဓမ္မသွတ်သွင်းခြင်း တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။

### ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့အာဏာကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ပြုမူ နေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင် ဆောင်ရွက်နေမှုများအတွက် တာဝန်ခံ ရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် နိုင်ငံတကာဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့်အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်း သတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရကကျူးလွန်သည်ဖြစ်စေ၊ အစိုးရမဟုတ်သော အခြား အင်အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

# အတင်းအဓမ္မလက်ထပ်စေခြင်း အစီပွါယ်ကို သတ်မှတ်ခြင်း။
## (Forced Marriage)



**(က) နိုင်ငံတကာဥပဒေအရ ဆိုလျှင် အတင်းအဓမ္မ လက်ထပ်စေခြင်း[၅၁]၏ အင်္ဂါရပ်များကား အဘယ်နည်း။**

အတင်းအဓမ္မလက်ထပ်စေခြင်းကို လူ့အခွင့်အရေး ချိုးဖေါက်မှုတရပ်အဖြစ် မှတ်တမ်းပြုရန်အလို့ငှာ အောက်ပါအင်္ဂါရပ် (၃) ရပ် ထင်ရှားကြောင်းဖေါ်ပြရပါမည်။

၁။ နှစ်ဦးနှစ်ဖက်ကို တရားဝင် ပေါင်းဖက်ပေးခြင်း။

၂။ နိုင့်ထက်စီးနင်း ပြုခြင်း၊ သို့မဟုတ် သတို့သား၊ သတို့သမီး တဦးဦး၏ ဆန္ဒမပါရှိခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

၅၁။ အတင်းအဓမ္မ လက်ထပ်စေခြင်းကို တားမြစ်သည့် အဓိက အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင် အောက်ပါတို့ ပါဝင်သည်။
- နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ပုဒ်မ ၁၆ (၂)
- လူမှုအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်၊ (ICCPR) ပုဒ်မ ၂၃ (၃)။ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားခြင်းမရှိပါ။
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်။ (ICESR) ပုဒ်မ ၁၀၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားခြင်း မရှိပါ။
- အမျိုးသမီးများကို နည်းပေါင်းစုံနှင့် ခွဲခြားဖိနှိပ်ဆက်ဆံမှုများပပျောက်စေရေး အပြည်ပြည်ဆိုင်ရာသဘောတူညီချက်၊(CEDAW) ပုဒ်မ ၁၆(၁-ခ) အထွေထွေအကြံပြုချက် အမှတ် -၂၁ ဖြင့် ထပ်မံတိုးချဲ့ထားသည်။ မြန်မာနိုင်ငံက ဤသဘောတူညီချက်ကို ချွင်းချက်ဖြင့် သဘောတူညီ လက်မှတ်ရေးထိုး ထားသည်။

## (ခ) အတင်းအဓမ္မ လက်ထပ်စေခြင်းအဖြစ် သတ်မှတ်ရာ၌ မည်သည့် ပေါင်းဖက်ပေးမှုမျိုးနှင့် သက်ဆိုင် သနည်း။

လင်မယားအဖြစ် ပေါင်းဖက်ပေးမှုသည် အစိုးရ၏ ပြည်တွင်းတည်ဆဲဥပဒေအရ ထိမ်းမြား လက်ထပ်ပေးခြင်း ဖြစ်မြောက်ရန် လိုအပ်သည်။ နိုင်ငံတကာဥပဒေတွင် ထိမ်းမြားလက်ထပ်ခြင်းနှင့် ပတ်သက်၍ တိကျသော အဓိပ္ပါယ်ဖွင့်ဆိုချက် မပါရှိချေ။ သို့စေကာမူ လက်ထပ်ထိမ်းမြားခြင်းဆိုသည်မှာ လူနှစ်ဦးနှစ်ဖက် ပေါင်းဖက်မှုဖြစ်သည်ကို ယေဘုယျနားလည်ထားကြပါသည်။ အများအားဖြင့် ထိမ်းမြား လက်ထပ်ခြင်းတရပ်သည် အခွင့်အာဏာရှိသော အရပ်ဘက်ဆိုင်ရာနှင့် ဘာသာရေးဘက် ဆိုင်ရာ အာဏာပိုင်များ၏ အသိအမှတ်ပြုခံထားရပြီး၊ ၎င်းတွင် မိသားစု အခွင့်အရေးနှင့် တာဝန်အား လုံးပါရှိပါသည်။

ဝေါဟာရနှင့်ပတ်သက်၍သတိပြုရန် – **စီစဉ်ပေးသော လက်ထပ်ခြင်း (Arranged Marriages) နှင့် အတင်းအဓမ္မ လက်ထပ်စေခြင်း (Forced Marriages)။**

စီစဉ်ပေးသော လက်ထပ်ခြင်းဆိုသည်မှာ ရည်ရွယ်ထားသော သတို့သားနှင့် သတို့သမီးတို့ကို လက်ထပ်ပေးရန် ဆုံးဖြတ်ရာ၌ မိသားစုဝင်များ ဦးဆောင်ပါဝင်သော သာမန် ယဉ်ကျေးမှုဓလေ့ တခု ဖြစ်သည်။ စီစဉ်ပေးသော လက်ထပ်ခြင်း၌ နှစ်ဦးနှစ်ဘက်စလုံးမှ ဆွေမျိုးများ၏ စီစဉ်ပေးမှုကို လက်ခံ မည်လား၊ ငြင်းပယ်မည်လား ရွေးချယ်ကြသည်။ နှစ်ဦးနှစ်ဘက်က လက်ထပ်ခြင်းအတွက် လွတ်လပ် စွာသဘောတူ ခွင့်ပြုသဖြင့် စီစဉ်ပေးသော လက်ထပ်ခြင်းသည် အတင်းအဓမ္မလက်ထပ်စေခြင်းဟု မ ဆိုနိုင်ပေ။ သို့ရာတွင် စီစဉ်ပေးသော လက်ထပ်ခြင်းတွင် တဘက်ဘက်က ဆန္ဒမပါရှိခြင်း၊ သို့မဟုတ်

- လက်ထပ်ထိမ်းမြားခြင်းအတွက် သဘောတူခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်။ လက်ထပ်ထိမ်းမြားခြင်းအတွက် အငယ်ဆုံးအသက်နှင့် လက်ထပ်ထိမ်းမြားခြင်းအတွက် မှတ်ပုံတင်ခြင်း။ ပုဒ်မ ၁ (၁)။ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားခြင်း မရှိပါ။
- ကျွန်ပြုမှု၊ကျွန်ကုန်ကူးမှု၊ ကျွန်ပြုမှုနှင့်အလားတူဖြစ်သည့် အင်စတီကျူးရှင်းများနှင့် လုပ်ဆောင် ကျင့်သုံးနေမှုများ ဖျက်သိမ်းခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် နောက်ထပ်ဖြည့်စွက်မှု။ ပုဒ်မ ၁ (ဂ)၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားခြင်း မရှိပါ။
- ဒေသဆိုင်ရာ သဘောတူညီချက်များကလည်း အတင်းအဓမ္မ လက်ထပ်စေခြင်းကို ထင်ရှားသိသာစွာ တားမြစ်ထားကြပါသည်။ ဥပမာအားဖြင့်– ဥရောပ ကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၄၆၈၊ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ နှင့် အာဖရိကန် ညီလာခံ အဖွဲ့အစည်း ထုတ်ပြန်ကြေညာချက် (ပုဒ်မ –၅)၊ အလားတူ အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ (အာဆီယံ) ၏ သဘောတူညီချက်များကို လက်မှတ်ရေးထိုးရခြင်း မရှိသေးပါ။
- ဥပဒေအရ စည်းနှောင်မှုမရှိသော အတင်းအဓမ္မ လက်ထပ်စေခြင်းကို တားမြစ်ထားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေမှတ်တမ်းများလည်း ရှိပါသည်။ ဥပမာ အားဖြင့် အမျိုးသမီးများကို နည်းပေါင်းစုံဖြင့် ခွဲခြားဖိနှိပ်ဆက်ဆံခြင်းများ အဆုံးသတ်စေရေး ကုလသမဂ္ဂ ထုတ်ပြန်ကြေညာချက် (ပုဒ်မ ၆–၂ (က) ဖြစ်ပါသည်။

ဤမှတ်တမ်းများကို အောက်ဖော်ပြပါ အင်တာနက်စာမျက်နှာတွင် ရယူနိုင်ပါသည်။ (၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၂၇ နောက်ဆုံး ကြည့်ရှုချက်အရ) (http://www.2.orchr.org/ english/law/)

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL) ကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်း မရှိပါ။ (CIL) သည် အစိုးရ၏ ယေဘုယျ လုပ်ဆောင်ချက်မှ လာသည့် ဥပဒေကျောရိုး တခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှု မရှိပါ။

အဓမ္မလက်ထပ်စေခြင်းကို အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများအရ တားမြစ်ထားပါသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည် ဆိုင်ရာသဘောတူညီချက်များကို လက်မှတ်ရေးထိုးမထားသော်လည်း၊ ဤအပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆက်နွယ်မှုရှိ နေသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရ စည်းနှောင်းမှုမရှိစေရန် အစဉ်အဆက် ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည်ဖြစ်သည် Prosecutor v. Brima et. al, Special Court of Sierra Leone, Appeals Chamber, 22 February 2008. ဖေဖေါ်ဝါရီလ ၂၂ ရက်၊ ၂၀၀၈ ခုနှစ် ဆီရာ လီယွန်း အထူးတရားခုံရုံးနှင့် ပတ်သက်၍ အယူခံခုံရုံးကိစ္စကို ကြည့်ပါ။

နိုင်ထက်စီးနင်း ပြုသည့် လက္ခဏာအချို့ ပါရှိနေပါက ၎င်းသည် အတင်းအဓမ္မ လက်ထပ်စေခြင်း ဖြစ်သွားနိုင်ပါသည်။

**(ခ) သဘောတူမှုရယူခြင်းမရှိသည့် အခြေအနေ၊ သို့မဟုတ် အတင်းအကြပ်ပြုသည့် အခြေအနေဖြင့် လက်ထပ်စေခြင်းတို့၏ သာဓကများကား အဘယ်နည်း။**

အတင်းအဓမ္မ လက်ထပ်စေခြင်းဆိုင်ရာ သဘောတူမှု ရယူခြင်းမရှိသည့်အခြေအနေ၊ သို့မဟုတ် အတင်းအကြပ်ပြုသည့် အခြေအနေဆိုသည်မှာ တဦးဦး သို့မဟုတ် နှစ်ဦးနှစ်ဖက်စလုံး၏ လွတ်လပ်စွာ ရွေးချယ်ခွင့်ကို လျစ်လျူရှုသည့် အနေအထား၊ သို့မဟုတ် စီစဉ်မှုကို အပြည့်အဝ နားလည်ခြင်းမရှိဘဲ ဆန္ဒမပါ လက်ထပ်လိုက်ရသော အနေအထားကို ခေါ်ပါသည်။ ဤအခြေအနေ အချိန်အခါများတွင် အောက်ပါအ နေအထားတို့ ပါဝင်ပါသည်။[၅၂]

- ◆ မိသားစုဝင်များက စိတ်ဓါတ်ရေးအရ ဖိအားပေးခြင်း။[၅၃]
- ◆ ကြောက်လန့်စေခြင်း။
- ◆ အင်အားသုံးခြင်း။
- ◆ တဦးတဘက် သို့မဟုတ် နှစ်ဦးစလုံးကို ဒုက္ခပေးမည်ဟု ခြိမ်းခြောက်ခြင်း။
- ◆ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းချို့ငဲ့ခြင်း။ သာဓကအားဖြင့်၊ မသန်မစွမ်း ဖြစ်နေခြင်း၊ အသက်အရွယ် ငယ်လွန်းခြင်း၊ မူးယစ်ဆေးဝါးဖြစ်စေ၊ အရက်သေစာဖြစ်စေ၊ အခြားဆေးဝါးများ ဖြစ်စေ တိုက်ကျွေးထားခြင်းတို့ ဖြစ်သည်။

---

၅၂။ နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆက်ပါရှိခြင်းဆိုသည်မှာ ပြစ်မှုကျူးလွန်သူ၏ အမြင်ဖက်မှ မဟုတ်ဘဲ နစ်နာရသူ ကာယကံရှင်ဘက်မှ အမြင်သာဖြစ်သည်။ ကျူးလွန်သူဘက်က နိုင်ထက်စီးနင်းပြုခြင်းမရှိဟု ယူဆနိုင်သော်လည်း၊ နစ်နာရသူ ဘက်ကမူ နိုင်ထက်စီးနင်း အတင်းအကျပ်ပြု သည်ဟု မြင်နိုင်သည်။ ဤအတွက်ကြောင့် နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိခြင်းဆိုသည်မှာ နစ်နာရသူ ကာယကံရှင်၏ အတွေ့အကြုံအရသာ ဆုံးဖြတ်ရမည်။

၅၃။ လူကုန်ကူးရောင်းချမှု (အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများကိုရောင်းချမှု)အရ နစ်နာရသူများကို လူ့အခွင့်အရေးရှုထောင့်မှ လေ့လာ အစီရင်ခံ တင်ပြသူ အထူးအရာရှိ ဆစ်ဂမာ ဟူဒါ [l'g Sigma Huda, Report of the Special Rapporteur on the Human Rights Aspects of the Victims of Trafficking in Persons, Especially Wom– en and Children က ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဖော်ပြရာတွင် "အမျိုးသမီးတဦးကို လက်ထပ်စေရန် အတင်းအကျပ်သြဇာပြုရာ၌ ပြောင် အင်အားသုံးခြင်း မဟုတ်ဘဲ၊ စဉ်ဆက်မပြတ် ဖိအားပေးနေခြင်း သို့မဟုတ် လှည့်ဖျား အသုံးချနေခြင်း နည်းပေါင်းစုံ ပါဝင်သည်။ အကယ်၍ သင့်တော်သူကို ငြင်းပယ်ပါက ရပ်ရွာလူမှုအသိုင်းအဝိုင်းအလယ် သူမ၏ မိသားစုအနေနှင့် ဒုက္ခရောက်လိမ့်မည် စသဖြင့် ပြောဆိုနေခြင်းသည်လည်း အင်အားသုံးခြင်းအဖြစ် နားလည် မှတ်ယူသည်။" ဟု ဖော်ပြထားသည်။

## (ဂ) အတင်းအဓမ္မ လက်ထပ်စေခြင်း၏ သာဓကအချို့

တဦးတဘက်မှ လွတ်လပ်မှုနှင့် အပြည့်အဝသဘောတူမှု လုံးဝမရှိဘဲ လက်ထပ်လိုက်ရခြင်းသည် အတင်းအဓမ္မ လက်ထပ်စေခြင်းမြောက်ပါသည်။ တခါတရံ၌ အများကျင့်သုံးလေ့ရှိသောဓလေ့ထုံးစံအရ သို့မဟုတ် ရိုးရာအစဉ်အလာအရ လက်ထပ်ထိမ်းမြားမှုများသည် အတင်းအဓမ္မလက်ထပ်စေခြင်း အဖြစ်သို့ရောက်သွားပြီး၊ နိုင်ငံတကာဥပဒေကို ချိုးဖေါက်ရာ ရောက်သွားတတ်ပါသည်။ ထိမ်းမြားလက်ထပ်ခြင်းအဖြစ်သို့ ရောက်သွားခဲ့သော အတင်းအဓမ္မ လက်ထပ်စေခြင်း၏ သာဓကများမှာ[၅၄]

- ◆ အကြွေးလျှော်ပစ်ခြင်း၊ သို့မဟုတ် (သတို့သားအတွက်) မင်္ဂလာကြေး၊ သို့မဟုတ် စီးပွားရေး အကျိုးအမြတ်အတွက် လက်ထပ်စေခြင်း။
- ◆ အမွေဆက်ခံခြင်းအဖြစ် လက်ထပ်စေခြင်း၊ သာဓကအနေနှင့် မုဆိုးမ၊ မုဆိုးဖို တဦးအား သေဆုံးသူ လင်ယောကျာ်း၊ ဇနီး၏ ဆွေမျိုးတဦးဦးနှင့် လက်ထပ်စေခြင်း။
- ◆ တရားမဝင်ချုပ်နှောင်ထားခြင်း သို့မဟုတ် ပြန်ပေးဆွဲခြင်းအားဖြင့် လက်ထပ်စေခြင်း။
- ◆ ကိုယ်ဝန်ရှိပြီးနောက်မှာ အရှက်ရခြင်းမဖြစ်ရအောင် လက်ထပ်စေခြင်း။
- ◆ ကြုံရာ လိင်ဆက်ဆံခြင်း (လိင်ရှုပ်ပွေခြင်း) မပြုအောင် လက်ထပ်စေခြင်း။
- ◆ မိသားစုတစုမှာ မတော်တဆသေဆုံးစေမှု အတွက် အလျော်ပေးသည့် အနေနှင့် လက်ထပ်စေခြင်း။
- ◆ မယားအများယူသည့် အနေနှင့် လက်ထပ်စေခြင်း။
- ◆ အရွယ်မရောက်သေးသူများကို လက်ထပ်စေခြင်း။

## (ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်း အမှုမြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုး ဖြစ်ရန်လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်

၅၄။ ဤသာဓကများမှာ ဖော်ပြ၍မဆုံးနိုင်အောင်ရှိသည်။ စိတ်တွင်မှတ်သားထားရန်မှာ ပေါင်းဖက်သူနှစ်ဦး၏ အလိုဆက် သဘောတူညီမှုမရှိဘဲ လက်ထပ်မှုအား လုံးသည် အပြည် ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်မှု ရောက်စေနိုင်ပါသည်။ Sigma Huda, Report of the Special Rapporteur on the Human Rights Aspects of the Victims of Trafficking in Persons, Especially Women and Children လူ့အခွင့်အရေးကော်မီတီ၊ ဇန်နဝါရီလ ၂၄ ရက်၊ ၂၀၀၇ ခုနှစ်။

မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများနှင့်အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသောအမျိုးသား(နိုင်ငံတော်အဆင့်)အဖွဲ့အစည်း” ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။[၅၅] သို့ဖြစ်ရာအစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည်ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အစီရင်ခံရပါသည်။ သာဓက အားဖြင့်ဖော်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက အတင်းအဓမ္မလက်ထပ်မှုတွင်ကျူးလွန်ပါဝင် သည်ဆိုရာ၌ အစိုးရ လုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၅၆] အစိုးရ လုပ်ဆောင်ချက်တွင် တရားဝင်အသိ အမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။[၅၇]

## ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီးပုဂ္ဂလိကလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာ ကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ပြုမူ နေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရသူတို့လုပ်ကိုင် ဆောင်ရွက်နေမှုများအတွက် တာဝန်ခံ ရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် နိုင်ငံတကာဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုး

၅၅။ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East–West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (State) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

၅၆။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

၅၇။ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏ လုပ်ရပ်ကို သက် သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

တုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝမှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရကကျူးလွန်သည်ဖြစ်စေ၊ အစိုးရမ ဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်း ပြုထားရန် လိုအပ်သည်။

# မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်ခြင်း
## (Arbitrary Illegal Aarrest Detention)



**ဝေါဟာရနှင့်ပတ်သက်၍သတိပြုရန်။**

နိုင်ငံတကာ စာချုပ်စာတမ်း ပြဋ္ဌာန်းချက်များသည် လူတဦးချင်းလွတ်လပ်မှုဆိုင်ရာချိုးဖောက်မှုအကြောင်းကို ရှင်းလင်းဖေါ်ပြရာ၌ "ဖမ်းဆီးမှု" (arrest) နှင့် "ထိန်းသိမ်းချုပ်နှောင်မှု" (detention) ဟူသော စကားရပ်များကို သုံးစွဲပုံ ရှေ့နောက်ညီညွတ်ခြင်း မရှိချေ။ အချို့သော စာချုပ်စာတမ်း ပြဋ္ဌာန်းချက် များက ဤ ဝေါဟာရကို ဖမ်းဆီးခြင်း (apprehension)၊ ချုပ်နှောင်ခြင်း (incarceration)၊ ထောင်ချခြင်း (imprisonment) စသည့် စကားရပ်များအတွက်ပါ အသုံးပြုလေ့ ရှိကြသည်။ ရှေ့နောက် ညီညွတ်ရေးအတွက် ဤစာစောင်က **"ဖမ်းဆီးမှု"နှင့် "ချုပ်နှောင်မှု"**ဟူ၍သာ သုံးပါမည်။

## (က) နိုင်ငံတကာဥပဒေအရဆိုလျှင် မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုတို့၏ အင်္ဂါရပ်များကား အဘယ်နည်း။

၁။ မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုကို လူ့အခွင့်အရေးချိုးဖောက်မှုတရပ်အဖြစ် မှတ်တမ်းပြုရန်အလို့ငှာ အောက်ပါ အင်္ဂါရပ် (၄) ရပ် ထင်ရှားကြောင်းဖော်ပြရပါမည်။[၅၈]

(က) လူတဦးတယောက်ကို ဖမ်းဆီးခြင်း သို့မဟုတ် အချုပ်ခန်းသို့ပို့ခြင်း။

(ခ) တရားဥပဒေမဲ့ အတင်းအကျပ်ပြုမှု။

(ဂ) ပုဂ္ဂိုလ်ရေး လွတ်လပ်မှုကို ရုပ်သိမ်း ထိခိုက်စေခြင်း။

(ဃ) အစိုးရ၏ လုပ်ဆောင်ချက်။

## (ခ) မတရား ဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုဆိုသည်မှာ

အကယ်၍ ဖမ်းဆီးမှုနှင့် ချုပ်နှောင်မှုများသည် တရားဥပဒေနှင့် မညီခြင်း၊ (သို့မဟုတ်) အကြောင်းပြချက် မပေးနိုင်ခြင်း၊ (သို့မဟုတ်) မတန်တဆဖြစ်ခြင်း၊ သို့မဟုတ် ကံသေကံမ (ကြိုတင်တွက်ချက်၍) မပြောနိုင်ခြင်းတို့ ရှိနေပါလျှင် မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုဟု ဆိုနိုင်ပါသည်။[၅၉] သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အောက်ပါအခြေအနေများ၌ ဖမ်းဆီးချုပ်နှောင်ခြင်း ပြုပါက တရားဥပဒေမဲ့ အတင်းအကျပ်ပြုမှု၊ အဖြစ်မှတ်ယူပါသည်။

---

၅၈။ အဓိကကျသော အပြည်ပြည်ဆိုင်ရာ ဥပဒေများက အတင်းအကျပ် ဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုကို ပွင့်ပွင့်လင်းလင်း တားမြစ်ထားကြပါသည်။ ဤ ဥပဒေများတွင်–
– အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း Universal Declaration of Human Rights (UDHR), Article 9;
– လူမှုအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေး များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (ICCPR), Article 9(1)တို့ဖြစ်သည်။
– ဒေသဆိုင်ရာ သဘောတူညီချက်များကလည်း အတင်းအကျပ် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းချုပ်နှောင်ခြင်းကို တားမြစ်ကြောင်း ဖော်ပြထားကြပါသည်။ ဥပမာ– ဥရောပနိုင်ငံ များ၏ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက် the European Convention on Human Rights (Article 5(1)) အာဖရိကနိုင်ငံများ ၏ သဘောတူညီချက် ပဋိညာဉ်စာတမ်း the African Charter (Article 6)၊အမေရိကတိုက်နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက် the American Convention on Human Rights (Article 7) တို့ ဖြစ်သည်။ အာဆီယံအဖွဲ့တွင် အလားတူ သဘောတူညီချက်ရှိသော်လည်း လက်မှတ်မရေးထိုးရသေးပါ။
ဥပဒေအရစည်းနှောင်မှု မရှိသော်လည်း အတင်းအကျပ်ဖမ်းဆီး၊ ထိန်းသိမ်းမှုကို တားမြစ်ထားသည့် အပြည်ပြည်ဆိုင်ရာ အထောက်အထား၊ မှတ်တမ်းများရှိပါသည်။ ၎င်းတို့မှာ– လူအားလုံးကို မည်သည့်နည်းနှင့်မဆို ထိန်းသိမ်းခြင်းနှင့် အကျဉ်းချခြင်းမှ ကာကွယ်ပေးရေးဆိုင်ရာမူဝါဒများ Principles for the Protection of All Persons Under Any Form of Detention or Imprisonment ၏စာကိုယ် (ထိန်းသိမ်းမှုဆိုင်ရာ အခြေခံမူများ)၊ အကျဉ်းသားများကို ပြုမူဆက်ဆံပုံအတွက် အခြေခံမူဝါဒစံများ Standard Minimum Rules for the Treatment of Prisoners ("Standard Minimum Rules") အကျဉ်းသားများကို ပြုမူဆက်ဆံပုံအတွက်အခြေခံမူများ the Basic Principles for the Treatment of Prisonersကုလသမဂ္ဂ၏ အရွယ်မရောက်သေးသူများကို သူတို့၏ လွတ်လပ်ခွင့် မဆုံးရှုံးရစေရေးအတွက် ကာကွယ်ပေးမှုဆိုင်ရာဥပဒေများ UN Guidelines for the Protection of Juvenile Delinquency, and the UN Rules for the Protection of Juveniles Deprived of their Liberty ကုလသမဂ္ဂ၏ အရွယ်မရောက်သေးသူများကို တရားစီရင်ရေးအုပ်ချုပ်မှုလုပ်ထုံးများအတွက် အနိမ့်ဆုံးအခြေခံမူများ UN Standard Minimum Rules for the Administration of Juvenile Justice ("The Beijing Rules") ဥပဒေစည်းကြပ်ရေးအရာရှိများ အင်အားသုံးမှုနှင့် သေနတ်၊လက်နက်များကို အသုံးချရေးအတွက် အခြေခံမူများBasic Principles on the Use of Force and Firearms by Law Enforcement Officials ရာဇဝတ်မှုများတွင် သားကောင်ဖြစ်ရသူများအတွက် တရားမျှတမှုနှင့်အာဏာအလွဲသုံးစားပြုမှုဆိုင်ရာ အခြေခံမူများ ထုတ်ပြန်ကြေညာချက် the Declaration of Basic Principles of Justice for Victims of Crime and Abuse of Power သီးခြားလွတ်လပ်စွာ တရားစီရင်မှုအောက်တွင် အခြေခံမူများအတိုင်း ပြစ်မှုကျူးလွန်သူများကို ပြုမူဆက်ဆံရေးနှင့် ရာဇဝတ်မှုများတားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂ ၇ ကြိမ်မြောက် ကွန်ဂရက် the Seventh UN Congress on the Prevention of Crime and the Treatment of Offenders in the Basic Principles on the Independence of the Judiciaryနှင့် ကုလသမဂ္ဂ ကလေးဆိုးများကို ကာကွယ်ပေးခြင်းဆိုင်ရာ လမ်းညွှန်မှုများ UN Rules for the Protection of Juveniles Deprived of their Liberty တို့ဖြစ်သည်။
ဤ မှတ်တမ်းများကို ဖော်ပြပါအင်တာနက်စာမျက်နှာတွင် ကြည့်ရှု ရယူနိုင်ပါသည်။ see http://www2.ohchr.org/english/law/ (last visited 27 July 2008).

၅၉။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များတွင် အုပ်ချုပ်ရေးအာဏာပိုင်များနှင့် တရားဥပဒေစည်းကြပ်ရေးအဖွဲ့များ လိုက်နာရမည့် အနိမ့်ဆုံးအခြေခံစံများကို သတ်မှတ်ဖော်ပြထားပါသည်။ တရားရေးစနစ်များ၊ ဥပဒေရေးရာအရာရှိများ၊ ဥပဒေစည်းကြပ်ရေး အရာရှိများနှင့် အပြစ်ဒဏ်ပေးရေးဌာနများသည် ဖော်ပြပါအခြေခံ အနိမ့်ဆုံး စံသတ်မှတ်ချက်ကို လိုက်နာရန် လိုအပ်သည်။ အကြောင်းမှာ လူတဦး၏ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်မဆုံးရှုံးစေရန် လူတဦး၏ အခွင့်အရေးကို အတင်းအကျပ်တားဆီးပိတ်ပင်ရာ ရောက်မည်စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

- တစ်စုံတစ်ယောက်သည် နိုင်ငံတကာဥပဒေက အာမခံထားသော အခြေခံအခွင့်အရေးတရပ်နှင့် အညီ ပြုမူနေလျှင်ဖြစ်စေ၊
- တရားမျှတသော တရားစီရင်မှု အခွင့်အရေးကဲ့သို့သော အခြေခံကျသော တရားဥပဒေ ဆိုင်ရာ ကျင့်ထုံးကို ချိုးဖောက်ခြင်း ပြုလျှင်ဖြစ်စေ၊[၆၀]
- စီရင်ချက်အတိုင်း ပြစ်ဒဏ်ကျခံပြီးဖြစ်နေပါလျက် သို့တည်းမဟုတ် လွတ်ငြိမ်းချမ်းသာ ခွင့် ရပြီးဖြစ်နေပါလျက် တစ်စုံတ ယောက်ကို ဆက်လက်ချုပ်နှောင်ထားခြင်းကဲ့သို့သော ဥပဒေ အခြေခံ ကင်းမဲ့မှုမျိုး ဖြစ်နေလျှင်ဖြစ်စေ၊
- လက်ခံနိုင်လောက်သော၊ သို့မဟုတ် လုံလောက်သော သို့မဟုတ် တရားမျှတသော၊ သို့မ ဟုတ် ကျောသား ရင်သားမခွဲခြားသော အကြောင်းကိစ္စမရှိလျှင်ဖြစ်စေ။[၆၁]

## (ဂ) နိုင်ငံတကာဥပဒေ- ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်

နိုင်ငံတကာဥပဒေက ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့် မတရား ရုပ်သိမ်းခြင်းကို ပိတ်ပင်တားဖြစ်ထား သည်။ မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုတို့သည် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် မတရားရုပ်သိမ်း ခြင်း အဖြစ် နိုင်ငံတကာ ဥပဒေချိုးဖောက်မှု တရပ်ဖြစ်သည်။

## (ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ

လူပုဂ္ဂိုလ်တစုံတယောက်အနေနှင့် သူ/သူမ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် ရုပ်သိမ်းခံနေရသည့် ကာလမှာပင်လျှင် အနိမ်ဆုံး ရှိအပ်သော ချုပ်နှောင်မှုအခြေအနေ မပြည့်စုံပါက အစိုးရများအနေနှင့် နိုင်ငံတကာဥပဒေအရ ဆောင်ရွက်ရမည့် မိမိတို့၏ တာဝန်ဝတ္တရားများကို ချိုးဖောက်ရာ ရောက်နိုင်

---

၆၀။ ၃၊ မျှတစွာ စီရင်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးဟုဆိုရာ၌ မျှတသော တရားခုံရုံး ရှိပိုင်ခွင့်၊ သီးခြားလွတ်လပ်သော ဥပဒေရေးရာအာဏာပိုင်များက ကြားနာ စီရင်နိုင်ခွင့်၊ ဥပဒေကြောင်းအရ ကိုယ်စားပြုခုခံချေပခွင့် ရရှိရေးကိစ္စများပါဝင်သည်။ ထိုမျှမက ပုဂ္ဂိုလ်တဦးသည်သူ့ကို ဖမ်းဆီးရသည့် အကြောင်းချင်းရာ ကိုလည်း သေချာအသိပေးရန် လိုအပ်သည်။ ဖမ်း ဆီးသူအဖွဲ့များကလည်း ဖမ်းဆီးမှုမပြုမီ ဖမ်းဆီးခွင့် ဝရမ်းရရှိလာရန်လိုအပ်သည်။ အောက်ဖော်ပြပါ မှတ်စုများ (၆) နှင့် (၇) ကို ကြည့်ပါ။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ မျှတစွာစီရင်ပိုင်ခွင့်အတွက် မည်သည့်အခွင့်အရေးများ အသေးစိတ်ဖော်ပြထားသည် ကို တွေ့ရှိရပါလိမ့်မည်။

၆၁။ ဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုများသည် နိုင်ငံတခု၏ ပြည်တွင်းဥပဒေအရ ဆောင်ရွက်သော်လည်း၊ အကယ်၍ ပြည်တွင်းဥပဒေအရ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း ပြုရာတွင် အတင်း အကျပ်ဖမ်းဆီးခြင်းကို တရားဝင်သဖွယ် ပြဋ္ဌာန်းထားပါက၊ ဤအမှုသည် အတင်းအကျပ် ဖမ်းဆီးခြင်းအသွင် ရောက် နိုင်ပါသေးသည်။

ပေးသည်။[၆၂] နိုင်ငံတကာ တရားဥပဒေအရဆိုလျှင် မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုးဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာအသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများနှင့်အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား(နိုင်ငံတော်အဆင့်) အဖွဲ့အစည်း"[၆၃]ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ် ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရ လုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၆၄] အစိုးရလုပ်ဆောင်ချက်တွင် တရားဝင် အသိအမှတ်ပြုမှုဖြင့်သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။ သာဓကအားဖြင့်ဖော်ပြရပါလျှင်၊ မတရားဖမ်းဆီးမှုနှင့် ချုပ်နှောင်မှုတို့ ကျူးလွန်သော တဦးချင်း ပုဂ္ဂိုလ်များကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက် ရာရောက်ပါသည်။[၆၅]

---

၆၂။ အကျဉ်းသားများကို ပြုမူဆက်ဆံရေးဆိုင်ရာ အနိမ့်ဆုံး အခြေခံလမ်းညွှန်မှုများ The Standard Minimum Rules for the Treatment of Prisoners သည် ထိန်းသိမ်း ထားရမည့်နေရာဌာန အခြေအနေအတွက် အနိမ့်ဆုံးလိုအပ်ချက် ဖြစ်ပါသည်။ ဤမူများကို ကုလသမဂ္ဂ ပထမအကြိမ်ကွန်ဂရက်တွင် အတည်ပြုပြဌာန်းခဲ့ပြီး၊ ရာဇဝတ်မှုများ ကာကွယ်ရေးနှင့် ပြစ်မှုကျူးလွန်သူများကို ပြုမူဆက်ဆံရေးကိစ္စ ၁၉၅၅ ခုနှစ်၊ ဂျီနီဗာအစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီက ၎င်း၏ ဆုံးဖြတ်ချက်အမှတ် ၆၆၃ (ဂ)၆၆၃ ဃ (XXIV) ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နှင့် ၁၉၇၇ ခုနှစ်၊ မေလ ၁၃ ရက် ဆုံးဖြတ်ချက်အမှတ် ၂၀၇၆ (LXII) အရ ထပ်မံအတည် ပြုခဲ့ပါသည်။ အနိမ့်ဆုံး စံသတ်မှတ်ချက်များတွင် ထိန်းသိမ်းခံထားရသူများကို အောက်ပါ အခြေအနေများ ရရှိအောင် အာမခံထားပါသည်။
- နေရာထိုင်ခင်းသည် ကျန်းမာရေးနှင့် ညီညွတ်သည့် အနိမ့်ဆုံး အခြေအနေ ရှိရမည်။ (ပုဒ်မ ၁၀ နှင့် ၁၉) – လူတဦးချင်း သန့်ရှင်းမှု (ပုဒ်မ ၁၅)
- သန့်ရှင်း၍ လုံလောက်သော အဝတ်အစားရရှိမှု (ပုဒ်မ ၁၇ နှင့် ၁၈)
- လေဟာပြင်တွင် နေ့စဉ်လေ့ကျင့်ခန်း ဆောင်ရွက်နိုင်ခွင့် (ပုဒ်မ ၂၁)
- လုံလောက်သော အစာနှင့် သောက်သုံးရေ (ပုဒ်မ ၂၀ နှင့် ၂၁)
- လုံလောက်သော ကျန်းမာရေး၊ ဆေးဝါး၊ စိတ်ပိုင်းဆိုင်ရာနှင့် သွားဖက်ဆိုင်ရာ စောင့်ရှောက်မှု (ပုဒ်မ ၂၂၊ ၂၄ နှင့် ၂၅)
- မိတ်ဆွေများ၊ မိသားစုများနှင့် ဆက်သွယ်ခွင့် (ပုဒ်မ ၉၂)
- ဘာသာရေးအရ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် (ပုဒ်မ ၄၂)
- လျော်ကန်သော ပညာရေး၊ ယဉ်ကျေးမှုနှင့် သတင်းအချက်အလက်များ ရယူပိုင်ခွင့် (ပုဒ်မ ၃၉ နှင့် ၄၀)
- သူတို့ကို ပြုမူဆက်ဆံပုံနှင့် ပတ်သက်၍ ဆင်ခြေစောဒက တက်ပိုင်ခွင့်နှင့် တောင်းဆိုပိုင်ခွင့် (ပုဒ်မ ၃၆)
ဤအင်တာနက် စာမျက်နှာကို ကြည့်ပါ။ See http://www.unhchr.ch/html/menu3/b/h_comp34.htm.
လူမှုအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် (ICCPR)၊ လူအားလုံးကို မည်သည့်နည်းနှင့်မဆို ထိန်းသိမ်းခြင်း နှင့် အကျဉ်းချခြင်းမှ ကာကွယ်ပေးရေးဆိုင်ရာ မူဝါဒများ Principles for the Protection of All Persons Under Any Form of Detention or Imprisonment.စာကိုယ်၊ အကျဉ်း သားများကို ပြုမူဆက်ဆံပုံအတွက် အခြေခံ မူဝါဒစံများ the Basic Principles for the Treatment of Prisoners အရအလားတူ အာမခံချက်နှင့် ကာကွယ်ပေးထားမှုများ ရှိနေပါသည်။ ထို့အပြင် အချို့သော အမျိုးအစား ထိန်းသိမ်းထားသူများအတွက် ကာကွယ်ပေးမှုဆိုင်ရာနှင့် လမ်းညွှန်ချက်များလည်းရှိပါသေးသည်။ ဥပမာ– အမျိုးသမီးများဖြစ်သည်။ (အနိမ့်ဆုံး စံဥပဒေများ၊ ဥပဒေပုဒ်မ– ၅၃ နှင့် ၂၃(၁)ကို ကြည့်ပါ။ ကလေးများအတွက်ဆိုလျှင် ကလေးများ အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ဘေဂျင်း ဥပဒေသတ်မှတ်ချက်များ၊ ကုလသမဂ္ဂ ကလေးဆိုးများကို ကာကွယ်ပေးခြင်းဆိုင်ရာ လမ်းညွှန်မှုများ ; UN Guidelines for the Prevention of Juvenile Delinquency နှင့် ကုလသမဂ္ဂ၏ အရွယ်မရောက်သေးသူများကို သူတို့၏ လွတ်လပ်ခွင့် မဆုံးရှုံးရစေရေးအတွက် ကာကွယ်ပေးမှုဆိုင်ရာ ဥပဒေများ UN Guidelines for the Prevention of Juvenile Delinquency, and the UN Rules for the Protection of Juveniles Deprived of their Liberty လည်း ရှိနေပါသည်။

၆၃။ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East–West Center Washington, 2007, p. vixဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (State) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင်မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရသုံးစွဲပါသည်။

၆၄။ အစိုးရအရာရှိများဟုဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင်အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင် များလည်းပါဝင်ပါသည်။ ဥပမာအား ဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

၆၅။ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက် သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင် ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေစည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

## ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည့် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ် သားများ၏အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံ ပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ပြု မူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမ ဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံ ရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုး ရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည် ဖြစ်စေ၊ အစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

## (ဂ) ဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုသည် မည်သည့် အခါမျိုးမှာ တရားဝင်ပါသနည်း။

မတော်မတရား ပြုလုပ်သည်မဟုတ်ဘဲ၊ တည်ဆဲ လုံလောက်သော၊ ကျင့်ထုံးဆိုင်ရာ ဥပဒေစံချိန်စံညွှန်းနှင့်အညီ ပြုလုပ်မှသာလျှင် ဖမ်းဆီးမှုနှင့်ထိန်းသိမ်းချုပ်နှောင်မှုကို ပြုလုပ်ခွင့်ရှိပါသည်။[၆၆] သာဓကအား ဖြင့် ဖော်ပြရပါလျှင်၊ အောက်ပါအခြေအနေ အချိန်မျိုးများတွင် တစုံတယောက်ထံမှ သူ/သူမ၏ လွတ်လပ်ခွင့်ကို တရားဝင်ရုပ်သိမ်းခွင့် ရှိသည်။

၆၆။ Fact Sheet No.26: The working group on Arbitrary Detention, အတင်းအကျပ်ဖမ်းဆီးထိန်းသိမ်းခြင်း ဆိုင်ရာအလုပ်အဖွဲ့၊ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နာမင်းကြီးရုံး။ Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/sheets.htm (last visited 30 August 2006)

တစုံတယောက်ကို နည်းလမ်းတကျ အမှုစွဲဆိုပြီး၊ သို့မဟုတ် ပြစ်မှုကျူးလွန်သည်ဟု ခိုင်လုံကြောင်း စီရင်ဆုံးဖြတ်ပြီးသော အခြေအနေမျိုးမှာ နိုင်ငံတကာ ကျင့်ထုံးဆိုင်ရာ ဥပဒေစံချိန်စံညွှန်းနှင့်အညီ ဖမ်းဆီး – ချုပ်နှောင်ခြင်းပြုလျှင်၊[၆၇]

- ◆ တစုံတယောက်သည် အကြမ်းဖက် ရာဇဝတ်မှုတခုကို ကျူးလွန်မည် တကဲကဲလုပ်ခြင်းကဲ့သို့သော လုပ်ရပ်မျိုးဖြင့်ရပ်ရွာ လုံခြုံရေးကိုဖြစ်စေ၊ ရပ်ရွာသူရပ်ရွာသားတို့ကိုဖြစ်စေ လူသိရှင်ကြား ခြိမ်းခြောက် ခြင်းပြုလျှင်၊
- ◆ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုကို ထိပါးစေခြင်းသည် လက်ခံဖွယ်လည်းဖြစ်၊ လိုလည်းလိုအပ်သော အရေးပေါ်အခြေအနေကာလမျိုး ဖြစ်လျှင်။

(က) ဖမ်းဆီးမှု/ထိန်းသိမ်းချုပ်နှောင်မှုအဖြစ် သတ်မှတ်ခြင်း

- ◆ မည်သူ အဖမ်းခံ၊ ချုပ်နှောင်ခံရသနည်း။
- ◆ မည်သို့ ဖြစ်ပွားခဲ့သနည်း။
- ◆ မည့်သည့် အချိန်အခါမှာ ဖြစ်ပွားခဲ့သနည်း။
- ◆ မည်သည့်နေရာမှာ ဖမ်းဆီးမှု ဖြစ်ပွားခဲ့သနည်း။ ဖမ်းဆီးချုပ်နှောင်ခံရသူသည် ယခု မည်သည့်နေရာ မှာရှိနေသနည်း။
- ◆ အဖြစ်အပျက်ကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

---

၆၇။ အပြည်ပြည်ဆိုင်ရာ ဥပဒေများက ဖမ်းဆီးခံရသူများနှင့် ထိန်းသိမ်းခံရသူများသည် စီရင်ခွင့် လုပ်ထုံးလုပ်နည်းအရ ကာကွယ်ပေးမှုများ (Procedural safeguards) ရရှိစေရန်၊ အတင်းအကျပ် ဖမ်းဆီး၊ ထိန်းသိမ်းခံရသည့် အခြေအနေမှ ကာကွယ်ပေးရန် ပြဌာန်းထားကြပါသည်။ ဥပမာအားဖြင့်– အပြည်ပြည် ဆိုင်ရာ ဥပဒေများအရ ဖမ်းဆီး၊ ထိန်းသိမ်းခံ ရသူများသည် အောက်ပါ အခွင့်အရေးများ ရှိပါသည်။
- ဖမ်းဆီးခံရသည့် အချိန်တွင် မည်သည့်အကြောင်းကြောင့် ဖမ်းဆီးခံရကြောင်း အသိပေးခြင်း။ (လူမှုအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေး များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် ICCPR, Article 9(2) အကျဉ်းချခြင်းဆိုင်ရာ အခြေခံမူများ Principles on Imprisoment,Principle10)
- ဥပဒေ အာဏာပိုင်များ ရှေ့မှောက်တွင် ဖမ်းဆီးသည့် ကိစ္စကို ပြန်လည်ငြင်းဆိုနိုင်ခြင်း ( UDHR Article 8; ICCPR, Article 9(4); Principles on Detention, Prin– ciple 32) ; နှင့်
- ဥပဒေကြောင်းအရ အကြံဉာဏ် ရယူပိုင်ခွင့် ((UDHR, Article 11; ICCPR, Article 14(3); Standard Minimum Rules, Rule 93; Principles on Detention, Principles 17 and 18)၏ တို့ ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေများကပို၍ အသေးစိတ်ကျသော အကြောင်းအချက်များနှင့် စီရင်ထုံးစံသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များကို တရားရေးနှင့် အုပ်ချုပ်ရေး တရား ရေးစနစ်များ၊ ဆောင်ရွက်သူများ အတွက် ပြဌာန်းထားရှိပါသည်။ ဤသို့သော စနစ်များတွင် –
- သီးခြား လွတ်လပ်စွာ တရားစီရင်မှုအောက်တွင် အခြေခံမူများအတိုင်း ပြစ်မှုကျူးလွန်သူများကို ပြုမူဆက်ဆံရေးနှင့် ရာဇဝတ်မှုများ တားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂ ၇ ကြိမ်မြောက် ကွန်ဂရက် Seventh United Nations Congress on the Prevention of Crime and the Treatment of Offenders in the Basic Principles on the Independence of the Judiciary
- တရားလို ရှေ့နေများ၏ အခန်းကဏ္ဍဆိုင်ရာ လမ်းညွှန် The Guidelines on the Role of Prosecutors
- ရှေ့နေများ၏ အခန်းကဏ္ဍဆိုင်ရာ အခြေခံမူများ The Basic Principles on the Role of Lawyers
- ဥပဒေစည်းကြပ်ရေး အရာရှိများ လိုက်နာရမည့် ကျင့်ထုံးများ The Code of Conduct for Law Enforcement Officials စသည်တို့ပါဝင်သည်။

(ခ) ဖမ်းဆီး ချုပ်နှောင်မှုသည် မတရားဖမ်းဆီးချုပ်နှောင်မှုဖြစ်ကြောင်း သတ်မှတ်ခြင်း

◆ ဖမ်းဆီး/ချုပ်နှောင်မှုကို မည်သူက ဦးဆောင်သနည်း။

◆ ဖမ်းဆီး/ချုပ်နှောင်ခံရသူ ပုဂ္ဂိုလ်မည်သည့်အမှုဖြင့်စွပ်စွဲ၊ သို့မဟုတ် တရားစွဲခဲ့သနည်း။

◆ မိမိကိုယ်မိမိ ခုခံကာကွယ်ရေးအတွက် ထိုပုဂ္ဂိုလ်အား မည်သည့်အခွင့်အရေးပေးခဲ့သနည်း။

◆ ချုပ်နှောင်ထားမှု အခြေအနေများကား မည်သို့ရှိနေသနည်း။

◆ ဤသတင်းအချက်အလက်များကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

(ဂ) လွတ်လပ်မှုကို ရုပ်သိမ်းမှုရှိနေသည်ဟု သတ်မှတ်ခြင်း

◆ ပုဂ္ဂိုလ်တဦး ဖမ်းဆီးခံရပြီးနောက်ပိုင်းတွင် မည်သို့ဖြစ်ပွားသနည်း။

◆ ဖမ်းဆီးပြီးနောက်တွင် ထိုပုဂ္ဂိုလ်အား မည်သည့်နေရာသို့ ခေါ်ဆောင်သွားသနည်း။

◆ သူ/သူမကို မည်သို့ ထိန်းသိမ်းချုပ်နှောင်ထားသနည်း။

◆ သူ/သူမကို မည်မျှကြာသည်အထိ ထိန်းသိမ်းချုပ်နှောင်ထားသနည်း။

◆ ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

(ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဟု သတ်မှတ်ခြင်း

◆ ထိန်းသိမ်း/ချုပ်နှောင်မှုကို မည်သူတို့ကလုပ်သနည်း။ မည်သူက အမိန့်ပေးအနည်း။ ဤ ဖမ်းဆီး/ချုပ်နှောင်မှုလုပ်ခြင်းကို မည်သူတို့က ကူညီဆောင်ရွက်ပေးသနည်း။

◆ ဤအဖြစ်အပျက်နှင့် ပတ်သက်၍ သင်တိုင်ကြားခြင်းပြုပါသလား။ အဘယ်ကြောင့်တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်းမပြုပါသနည်း။ဤသို့ ဖမ်းဆီး/ချုပ်နှောင်မှု မဖြစ်ရအောင် အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်ပေးပါသလား။

◆ ဤသတင်းအချက်အလက်များကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

# လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်းဆိုသည်မှာ
## (Freedom of Movement)



လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း၏ အဓိပ္ပါယ်ကို သတ်မှတ်ခြင်း။

**(က) နိုင်ငံတကာဥပဒေအရဆိုလျှင် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တား ခြင်း၏ အင်္ဂါရပ်များကား အဘယ်နည်း။**

လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်အပေါ် ပိတ်ပင်ဟန့်တားခြင်းကို လူ့အခွင့်အရေး ချိုးဖောက်မှု တရပ်အဖြစ် မှတ်တမ်းပြုနိုင်ရန်အတွက် အောက်ပါ အင်္ဂါရပ် (၃) ရပ် ထင်ရှားကြောင်း ဖေါ်ပြရပါမည်။[၆၈]

၁။ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ကြားဝင်နှောက်ယှက်ခြင်း။

၂။ ဥပဒေနှင့်မညီခြင်း

၃။ အစိုးရ၏ လုပ်ဆောင်ချက်တို့ ဖြစ်သည်။

၆၈။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ ပုဒ်မ-၁၃။ Universal Declaration of Human Rights, Article 13
- ကုလသမဂ္ဂနိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ-၁၂။ UN Covenant on Civil and Political Rights, Article 12
- ကုလသမဂ္ဂ လူမျိုးရေးအရ မည်သည့်ပုံစံဖြင့် မဆို ခွဲခြားဖိနှိပ်ဆက်ဆံမှုများ အဆုံးသတ်စေရေး နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ ၅ (ဃ) ၁ နှင့် ၂။ UN Convention on Elimination of All Forms of Racial Discrimination, Article 5(d)(i) and (ii)
- ကုလသမဂ္ဂ ဒုက္ခသည်များအဆင့်အတန်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ-၂၆။ UN Convention Relating to the Status of Refugees, Article 26

**(ခ) လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို သီးသန့်ကာကွယ်မှုပေးထားသော အဓိကကျသည့် နိုင်ငံတကာ သဘောတူညီချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။**

လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေများအရကာကွယ်မှု ပေးထားကြပါသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးမထားသော်လည်း၊ ဤအပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်း ဥပဒေများနှင့် ဆက်နွယ်မှုရှိနေသည်ဟုယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရစည်းနှောင်မှု မရှိစေရန် အစဉ်အဆက် ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည် ဖြစ်သည်။)

**(ဂ) ကြားဝင်နှောက်ယှက်ခြင်း ဆိုသည်ကိုမည်သို့သတ်မှတ်သနည်း။**

လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို နှောင့်နှေးကြန့်ကြာစေခြင်း အလို့ငှာသွယ်ဝိုက်၍ (သို့) တိုက်ရိုက်ဟန့်တားပိတ်ပင်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို အစိုးရဌာန (သို့) အဖွဲ့အစည်းတခုခုကပြုလုပ်သော မည်သည့်ဆောင်ရွက်မကိုမဆို “ကြားဝင်နှောက်ယှက်ခြင်း”အဖြစ် နိုင်ငံတကာ လူ့အခွင့်အ ရေးဥပဒေများအရ လူ့အခွင့်အရေး ချိုးဖောက်မှုမြောက်စေပါသည်။ “ကြားဝင်နှောက် ယှက်ခြင်း” ၏ ပမာဏ အတိုင်းအဆမှာ သက်ဆိုင်မှုမရှိပါ။ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အခွင့်အရေးကို တနည်းနည်းဖြင့် အနည်းအကျဉ်း အနှောက်အယှက် ဖြစ်စေသည်၊ လုံးလုံးလျားလျားတင်းကျပ်

– ကုလသမဂ္ဂ ရွှေ့ပြောင်းအလုပ်သမားများနှင့် သူတို့၏ မိသားစုဝင်များကို ကာကွယ်မှုပေးရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ ၈ နှင့် ၃၉။ UN Convention on the Protection of the Rights of all Migrants Workers and Members of their Families, Article 8 and 39 ဥပဒေအရ စည်းနှောင်မှုမရှိသော လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ကာကွယ်မှုပေးထားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေမှတ်တမ်းများလည်းရှိပါသည်။ ၎င်းတို့မှာ –သူတို့ နေထိုင်ရာ နိုင်ငံ၌ နိုင်ငံသားမဟုတ်သူများ တသီးပုဂ္ဂလ ပြည်သူများအတွက် လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း၊ Declaration on the Human Rights of Individuals Who are not Nationals of the Country in which they Live (Art. 5).

ဒေသဆိုင်ရာ သဘောတူညီချက်များကလည်း လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို သတ်မှတ်ဖော်ပြထားကြပါသည်။ ဥပမာအားဖြင့်– အမေရိကတိုက်တွင် လူ့အခွင့်အရေး ဆိုင်ရာ အမေရိကန်ကြေညာစာတမ်း American Convention on Human Rights “Pact of San Jose, Costa Rica” (Art. 22) နှင့် လူသားတို့၏ အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အမေရိက ကြေညာစာတမ်း American Declaration of the Rights and Duties of Man (Art. 8)

ဥရောပတိုက်တွင် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတိုက်၏ နိုင်ငံတကာ သဘောတူညီချက် စတ္တု မူကြမ်း Fourth Protocol of the European Convention on Human Rights (Art. 2) ၊ အာဖရိကတိုက်တွင် လူနှင့်ပြည်သူများဆိုင် African Charter on Human and Peoples’ Rights (Art. 12 နှင့် အသိဉာဏ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် လူမှု တာဝန်ဝတ္တရားများဆိုင်ရာ ကမ်ပါလာ ကြေညာစာတမ်း Kampala Declaration on Intellectual Freedom and Social Responsibility (Art. 4)

ကန့်သတ်သည်ဆိုသည့် အတိုင်းအတာဖြစ်စေ ကြားဝင်နှောက်ယှက်ခြင်း မြောက်သည်။[၆၉] “ကြားဝင်နှောက်ယှက်ခြင်း” ပုံစံသည်လည်း အလားတူ သက်ဆိုင်မှု မရှိပါ။ ကန့်သတ်ထားသော ဥပဒေများ၊ ဒီဂရီများ၊ အမိန့်များ၊ တရားရုံး ဆုံးဖြတ်ချက်များနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ အားလုံးပါဝင်သည်။

## (ဃ) မည်သည့်အခွင့်အရေးများသည် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အခွင့်အရေးများတွင် ပါဝင်သနည်း။

လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမှ သိသာထင်ရှားသော အခွင့်အရေး (၃) မျိုးဖြင့် လွှမ်းခြုံပြဌာန်းထားခြင်းဖြစ်သည်။ ဤအခွင့်အရေးများထဲမှ တခုခုအား ချိုးဖောက်ခြင်းသည် လွတ်လပ်စွာလှုပ်ရှား သွားလာခွင့် အခွင့်အရေးအပေါ် ချိုးဖောက်ခြင်းအဖြစ် သတ်မှတ်နိုင်သည်။ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အခွင့်အရေးများမှာ –

(၁) တိုင်း နိုင်ငံတခုအတွင်း လွပ်လပ်စွာ လှုပ်ရှားသွားလာခွင့်

(၂) တိုင်း နိုင်ငံတခုခုသို့ လွပ်လပ်စွာ ထွက်ခွာ သွားလာခွင့်[၇၀]

(၃) မိမိပိုင်ဆိုင်ရာ တိုင်းနိုင်ငံတခုခုအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်နိုင်ခွင့်တို့ ဖြစ်သည်။

တိုင်းနိုင်ငံတခုအတွင်း လွပ်လပ်စွာ လှုပ်ရှားသွားလာခွင့်နှင့် တိုင်းနိုင်ငံတခုခုသို့ လွပ်လပ်စွာ ခရီးထွက် သွားလာခွင့် အခွင့်အရေးများသည် တိုင်းနိုင်ငံတခုအတွင်း တည်ရှိသော သူတို့၏ တရားဝင်မှုကို အလေးအနက်ထားစရာမလိုဘဲ တဦးတယောက်ဆိုင်ရာ အခွင့်အရေးများကို ကျယ်ပြန့်စွာ အသုံးချနိုင်ရန် ပြဌာန်းထားခြင်း ဖြစ်သည်။ လွပ်လပ်စွာ ပြန်လည်ဝင်ရောက်ခွင့် အခွင့်အရေးကို တိုင်းပြည်တွင်းရှိ နိုင်ငံသားများအား ရှင်းလင်းစွာပြဌာန်းထားပြီး တချိန်တည်းမှာပင် တိုင်းနိုင်ငံတခုနှင့် နီးကပ်မှု၊ အလှမ်းဝေးသောဆက်ဆံမှု မည်သို့ရှိသည် ဖြစ်စေ၊ နိုင်ငံသားတိုင်းအတွက် ဤအခွင့်အရေး သက်ရောက်မှုရှိရ ပေမည်။

---

၆၉။ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ကြားဝင်နှောက်ယှက်ခြင်းဟုဆိုရာ၌ ရုပ်ပိုင်းဆိုင်ရာအရ ကန့်သတ်တားမြစ်ခြင်းဟု အဓိပ္ပါယ်ဖွင့်ရုံမျှသာ မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာအရတား မြစ် ကန့်သတ်ခြင်းများလည်း ပါဝင်သည်။ ဥပမာအားဖြင့်– စောင့်ကြည့်နေခြင်းသည် လွတ်လပ်လပ်စွာ လှုပ်ရှားသွားလာခွင့် အတွက် ကျူးလွန်ချိုးဖောက် နှောက်ယှက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။ See: Cooper v. Union of India, 1 Supreme Court Reporter 512, 1971.

၇၀။ တိုင်းနိုင်ငံတခုခုသို့ လွပ်လပ်စွာ ထွက်ခွာသွားလာခွင့်တွင် အမြဲတမ်းဖြစ်စေ၊ ကာလအတိုင်းအတာ အကန့်အသတ်မရှိဘဲ တိုင်းနိုင်ငံတခုသို့ ထွက်ခွာခွင့် အခွင့်အရေးလည်း ပါဝင် ပါသည်။ ဤအခွင့်အရေးအရ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများနှင့် အခွင့်အရေးများကို စနစ်တကျသုံးစွဲနိုင်ရန် တိုင်းနိုင်ငံအစိုးရမှ ပေးအပ်ရမည်ဖြစ်သည်။ ဥပမာ– နိုင်ငံသားတိုင်းအား တိုင်းပြည်မှ နိုင်ငံကူးလက်မှတ် ထုတ်ပေးရန် လိုအပ်ခြင်း (See: Varela Núñez v. Uruguay, Communication No. 108/1981, U.N. Doc. CCPR/C/OP/2, 1990.)

## (င) မည်သည့်အခြေအနေတွင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အခွင့်အရေးများအား ကြားဝင်နှောက်ယှက်ခြင်း (ကန့်သတ်တား ဆီးမှု)သည် တရားဝင်သနည်း။

မိမိပိုင်ဆိုင်ရာ တိုင်းနိုင်ငံတခုခုအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်သာလျှင် အကန့်အသတ်မရှိ သည့် အခွင့်အရေး ဖြစ်သည်။ ဆိုလိုသည်မှာ တိုင်းနိုင်ငံတခုသည် ဤအခွင့်အရေးနှင့် ပတ်သက်၍မည်သည့် ကန့်သတ်တားဆီးခွင့်မှ တရားဝင် ထုတ်ပြန်ခွင့်မရှိပေ။ မိမိပိုင်ဆိုင်ရာ တိုင်းနိုင်ငံအတွင်းသို့ လူတယောက်ကို ဝင်ရောက်ခွင့်အပေါ် ကန့်သတ်တားမြစ်ခြင်းသည် မည်သို့ ဆောင်ရွက်သည်ဖြစ်စေ၊ တရားမဝင်ပါ။ သို့ရာတွင် အခြားသောလွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် အခွင့်အရေးများသည် အကန့်အသတ်မဲ့ မဟုတ်ဘဲ တိုင်းနိုင်ငံအစိုးရများမှ နိုင်ငံတွင်းလှုပ်ရှားသွားလာမှုနှင့် နိုင်ငံပြင်ပသွားလာမှုအပေါ် တရားဝင်ကန့်သတ် တားဆီးနိုင်သည်။ ထိုသို့ဆိုရာတွင် အဆိုပါ ကန့်သတ်တားဆီးမှုများသည် သတ်မှတ်ထား သောအခြေအနေနှင့် လိုက်လျောညီ ထွေရှိမှသာလျှင် ပြဋ္ဌာန်းနိုင်သည်။ နိုင်ငံတကာ တရားဥပဒေအရ လှုပ်ရှားသွားလာခွင့်ကို ကန့်သတ်တားဆီးမှုသည် အောက်ဖော်ပြပါ အခြေအနေများ၌သာလျှင် တရားဝင်ပေသည်။[၇၁]

(၁) ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ချက် ဖြစ်ရမည်။

(၂) တရားဥပဒေနှင့်လျော်ကန်သော အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့်သော် ဆောင်ရွက်ရမည်။[၇၂]

- အမျိုးသား လုံခြုံရေးအရ[၇၃]
- ရပ်ရွာတည်ငြိမ်ရေးအရ
- ကိုယ်ကျင့် စာရိတ္တနှင့် ကျန်းမာရေး ကာကွယ်ရန် လိုအပ်ချက်အရ
- အခြားသူများ၏ လွပ်လပ်မှုနှင့် အခွင့်အရေးများကို ကာကွယ်ရန်အတွက်

၇၁။ ကုလသမဂ္ဂ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ-၁၂။ ၁၉၆၆။ UN International Covenant of Civil and Political Rights, Article 12, 1966

၇၂။ တရားဥပဒေနှင့် လျော်ကန်သော ရည်ရွယ်ချက်များဆိုသည်မှာ သီးသန့်သဘော ကန့်သတ်မှုရှိပါသည်။ ဆိုလိုသည်မှာ ဤအကြောင်းပြချက်များဖြင့်သာ တားမြစ်မှုကို ဆောင် ရွက်နိုင်ပြီး၊ အလားတူ အကြောင်းပြချက်မျိုးဖြင့် လွပ်လပ်စွာ ဆက�ထုတ်ဖော်ခွင့် အခွင့်အရေးများကိုလည်း ကန့်သတ်ကောင်း ကန့်သတ်နိုင်သည်။

၇၃။ အမျိုးသားလုံခြုံရေးကို အခြေခံ၍ လှုပ်ရှားသွားလာမှုများကို တိုင်းနိုင်ငံအစိုးရမှ ကန့်သတ်ချက် ထုတ်ပြန်ရန်အတွက်၊ ဤကန့်သတ်ချက်သည် “ ရှင်းလင်း ထင်ရှားခြင်း၊ ဖြစ်လုဆဲနှင့် စိုးရိမ်ကြောက်လန့်ဖွယ်ရာ” အခြေအနေမျိုးကို ၎င်းတိုင်းနိုင်ငံက ကာကွယ်ပေးရန် လိုအပ်သောကြောင့်သာ ထုတ်ပြန်ခြင်း ဖြစ်ရမည် Strasbourg Declaration, Art. 4 (d)

## (ဂ) တရားဝင်သော အကြောင်းပြချက်တခုခုအတွက် ထုတ်ပြန်လုပ်ဆောင်ခြင်းဖြစ်ရမည်။[၇၄]

နိုင်ငံတွင်းလှုပ်ရှားသွားလာမှုနှင့် နိုင်ငံပြင်ပ သွားလာမှုအခွင့်အရေးများအား တားဆီးကန့်သတ်မှုများသည် အထက်ဖော်ပြပါ အချက် (၃) ချက်မှ တခုခုနှင့် ကိုက်ညီမှသာလျှင် တရားဝင်ဖြစ်မည်။ လှုပ်ရှားသွားလာခွင့်အပေါ် တားဆီးကန့်သတ်မှုသည် အထက်ပါ စာသားများမှ တခုခုနှင့်ကိုက်ညီမှု မရှိလျှင် တရားမဝင်ဘဲ နိုင်ငံတကာ တရားဥပဒေ ပြဋ္ဌာန်းချက်များအပေါ်ချိုး ဖောက်ရာရောက်စေသည်။

## (စ) အစိုးရ၏ လုပ်ဆောင်ချက် ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာ တရားဥပဒေအရဆိုလျှင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်းမြောက်စေရန်အတွက် အစိုးရတစ်ရပ်က လုပ်ဆောင်ချက်မျိုး ဖြစ်ရန်လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ “နိုင်ငံတော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများနှင့် အရင်းအမြစ် များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသောအမျိုးသား (နိုင်ငံတော်အဆင့်) အဖွဲ့အစည်း” ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။[၇၅]

သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ (သို့မဟုတ်) ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပာယ်ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရအရာရှိတစ်ဦးက လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရ၏လုပ်ဆောင်ချက်တွင်တရားဝင်အသိအမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့် သော်လည်းကောင်း ဖြစ်ပွားသောချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကိုတားဆီးရန် သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့်ပတ်သက်၍လုံလောက်စွာအရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများ လည်းပါဝင်ပါသည်။[၇၆] သာဓကအားဖြင့်ဖော်ပြရပါလျှင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တား

---

၇၄။ “လိုအပ်ချက်အရ” ဆိုသောကန့်သတ်ချက်ဖြစ်ရန်အတွက်၊ ၎င်းသည် တရားဝင်သည့် ရည်ရွယ်ချက်နှင့် ကိုက်ညီရမည်။ တနည်းအားဖြင့် အကယ်၍ အခြားသောနည်းအားဖြင့် ၎င်းရည်ရွယ်ချက်အတွက်ကိုပင် ကန့်သတ်ချက်ပြုပါက၊ ပို၍အနှောင့်အယှက်နှင့် ဝင်ရောက်စွက်ဖက်မှု နဲမည်ဆိုပါက ယခုအဆို ပြုလာသော ကန့်သတ်ချက်သည် “လိုအပ်ချက် အရမဟုတ်” ဟု ဆိုနိုင်သည်။

၇၅။ Mary Callahan, Political Authority in Burma’s Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East–West Center Washington, 2007, p. vix ဤကိုးကားစကားကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

၇၆။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင်အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်းပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ်လက်နက်ကိုင်အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

ခြင်းကျူးလွန်သော ပုဂ္ဂိုလ်များတစ်ဦးချင်းကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရ အနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက် ပါသည်။[၇၇]

## ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA)ဆိုသည်မှာ တသီးပုဂ္ဂလ လူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခု ကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ် သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံ ပြည်သူ့စစ်များ နှင့် အစိုးရကဲ့သို့ပြု မူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမ ဟုတ်သော အခြား အင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက် နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အား စုများ (Non State Actors – NSA)သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုး တုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှု မျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့ အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူး လွန်သည်ဖြစ်စေ၊ အစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) က ကျူး လွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

---

၇၇။ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း-၂ ကို ကြည့်ပါ။

# လူကုန်ကူးခြင်း အစိပ္ပါယ်ကို သတ်မှတ်ခြင်း (Human Trafficking)



## (က) နိုင်ငံတကာဥပဒေအရ လူကုန်ကူးခြင်း၏ အင်္ဂါရပ်များကား အဘယ်နည်း။

လူကုန်ကူးခြင်းကို လူ့အခွင့်အရေး ချိုးဖောက်မှုတရပ်အဖြစ် မှတ်တမ်းပြုနိုင်ရန် အောက်ပါ အင်္ဂါရပ် (၄) ရပ် ထင်ရှားကြောင်း ဖေါ်ပြရပါမည်။[၇၈]

၁။ လူ (များကို) ရှာဖွေ စုဆောင်းခြင်း။[၇၉]

၂။ နိုင်ထက်စီးနင်းပြုခြင်း သို့မဟုတ် သဘောတူခွင့်ပြုချက် မပါရှိခြင်း။

၃။ အမြတ်ထုတ်လိုသောရည်ရွယ်ချက်ရှိခြင်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်။

---

၇၈။ လူကုန်ကူးရောင်းချမှုများ တားမြစ်ရေးနှင့်ပတ်သက်၍ အဓိကကျသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင်– ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း၊ ပုဒ်မ–၄။ UN Declaration of Human Rights, Article 4

– ကုလသမဂ္ဂ ကလေးများအခွင့်အရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ–၃၅။ UN Convention on the Rights of the Child, Article 35

– ကုလသမဂ္ဂအမျိုးသမီးများကို နည်းပေါင်းစုံဖြင့် ခွဲခြားဖိနှိပ် ဆက်ဆံနေမှုများ အဆုံးသတ်စေရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ–၆။ UN Convention on Elimination of All Forms of Discrimination against Women, Article 6

– ကုလသမဂ္ဂ လူကုန်ကူးရောင်းချမှု အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို ရောင်းချခြင်းကို ကာကွယ်ပေးရန်၊ နှိပ်ကွပ်ရန်နှင့် ပြစ်ဒဏ်ပေးရန် သဘော– တူညီချက်။ ပုဒ်မ –၃။ UN Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women an Children, Article 3

## ဝေါဟာရနှင့်ပတ်သက်၍ သတိပြုရန် – လူကုန်ကူးရောင်းဝယ်ခြင်းနှင့် လူခိုးသွင်းခိုးထုတ်ခြင်း။

လူမှောင်ခိုသွင်းထုတ်ခြင်း ဆိုသည်မှာ ငွေကြေးဆိုင်ရာ၊ သို့မဟုတ် ရုပ်ဝတ္ထုဆိုင်ရာအကျိုးအမြတ်အတွက် လူများကို နိုင်ငံ၏ နယ်နိမိတ်များကိုကျော်လျက် ရွှေ့ပြောင်းသယ်ယူခြင်းဖြစ်သည်။ လူကုန်ကူးခြင်းနှင့် လူမှောင်ခို သွင်းထုတ်ခြင်းတို့တွင် တူညီသောအင်္ဂါရပ်များ ရှိကြသော်လည်း ၎င်းတို့သည် တခုနှင့်တခု ကွာခြားသော လုပ်ရပ်များဖြစ်သည်။ ဤလုပ်ရပ် (၂) မျိုးစလုံးတွင် အမြတ်ရရေးအတွက် လူများကို ရွှေ့ပြောင်းခြင်းပါဝင်သည်။ သို့ရာတွင် လူကုန်ကူးခြင်း၌ သဘော တူခွင့်ပြုချက်မပါသော သို့မဟုတ် နိုင် ထက်စီးနင်းလုပ်သော နည်းလမ်းအပြင်၊ အမြတ်ထုတ်လိုသော ရည်ရွယ်ချက်တို့ ပါရှိသည်။ အချို့သော ဖြစ်ရပ်များ၌ ချိုးဖောက်မှုသည် လူမှောင်ခိုသွင်းထုတ်ခြင်းနှင့် စတင်တတ်ပြီး၊ နောက်ပိုင်းတွင် လူကုန်ကူးခြင်းခြင်းအဖြစ်သို့ ပြောင်းသွားသည်။ သာဓကအနေနှင့် ဖော်ပြရလျှင် လူတဦးကသူ့အား နိုင်ငံခြား သို့သယ်ပို့ပေးရန် သဘောတူခွင့်ပြုခြင်း ရှိနိုင်ပါသည်။ သို့ရာတွင်လူရောင်းဝယ်သူ၏ နိုင်ထက်စီးနင်း ပြုမှုကြောင့်လည်းကောင်း၊ လိမ်လည်လှည့်ဖြားမှုကြောင့် လည်းကောင်း၊ မတော်မတရားလုပ် ရပ်များကြောင့်လည်းကောင်း ဤခွင့်ပြုချက်သည် အရာမရောက်တော့ချေ။

---

– အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၊ ကလေးလုပ်သားများကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှု အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်။ အမှတ် ၁၈၂၊ ပုဒ်မ–၃။ ILO Worst Forms of Child Labor Convention No. 182, Article 3
ဥပဒေအရ စည်းနှောင်မှု မရှိသော်လည်း လူကုန်ကူးရောင်းချမှုကို တားမြစ်ပိတ်ပင်ထားသော အပြည်ပြည်ဆိုင်ရာမှတ်တမ်း၊ သဘောတူညီချက်များမှာ – ကုလသမဂ္ဂ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ အဆုံးသတ်စေရေး ကြေညာစာတမ်း၊ ပုဒ်မ–UN Declaration on the Elimination of Violence Against Women (Art. 2),

ကုလသမဂ္ဂ၏ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ အဆုံးသတ်စေရေး ကြေညာစာတမ်း၊ ပုဒ်မ–၈။ UN Declaration on the Elimination of Discrimination Against Women (Art. 8) )နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ လူ့အခွင့်အရေးနှင့် လူကုန်ကူးရောင်းချမှုဆိုင်ရာ မူဝါဒများနှင့် လမ်းညွှန်အကြံပြုချက်များ Recommended Principles and Guidelines on Human Rights and Human Trafficking of the United Nations High Commissioner for Human Rights စသည်တို့ ပါဝင်သည်။

ဤမှတ်တမ်းများကို အင်တာနက်စာမျက်နှာမှ ရယူနိုင်ပါသည်see http://www2.ohchr.org/english/law/ (last visited 27 July 2008).

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL) ကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်းမရှိပါ။ (CIL) သည် အစိုးရ၏ ယေဘုယျ လုပ်ဆောင်ချက်မှ လာသည့် ဥပဒေကျောရိုး တခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှုမရှိပါ။

လူကုန်ကားရောင်းချခြင်းကို ခေတ်သစ်ကျေးကျွန်းပြုမှု၏ အဆိုးရွားဆုံး ပုံစံအဖြစ် လူအများက အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေများအောက်တွင် အသိအမှန်မပြုထားကြပါသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီများကို လက်မှတ်ရေးထိုးမထား သော်လည်း ဤအပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင်ဆက်နွယ်မှုရှိသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရ အစည်းနှောင်းမှုမရှိ စေရန် အစဥ်အဆက် ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည်ဖြစ်သည်။ လူအများက ယူဆကြရာတွင် လူကုန်ကူးရောင်းချမှုကို တားမြစ်ခြင်းသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ ယေဘုယျ အစိတ်အပိုင်းတခုအဖြစ်ဆောင်ရွက်ရုံမျှသာမကဘဲ တန်ဖိုးထားရမည့် jus cogens norm လည်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ဤအချက်သည်အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများ၏ အခြေခံတန်းဖိုးထားချက်တခုဖြစ်ပြီး၊ မည့်သည့်နိုင်ငံကမျှ (အကယ်၍ စဉ်ဆက်တလျှောက်လုံး ကန့်ကွက်လာခဲ့လျှင်သော်မှ) ချိုးဖောက်ခွင့်မရှိပါ။တနည်းဆိုရသော် နိုင်ငံများက ဤတန်ဖိုးထားချက်ကို ချိုးဖောက် ရောင်းစားခွင့်မရှိပါ။

၇၉။ လူကုန်ကူးရောင်းဝယ်မှုနှင့် ပတ်သက်၍ လူ(လူများ)ကို ရယူ စုဆောင်းခြင်းဆိုသည်မှာ လူစည်းရုံးစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်လွှဲပြောင်းခြင်း၊ လက်ခံနေထိုင် စေခြင်း၊ သို့မဟုတ် ထိုလူကို လက်ခံရယူခြင်း လုပ်ရပ်များပါဝင်ပါသည်။

## (ခ) နိုင်ထက်စီးနင်းပြုသော သို့မဟုတ် သဘောတူခွင့်ပြုချက်မပါရှိသော အခြေအနေများဆိုသည်မှာ မည်သို့သော အခြေအနေများဖြစ်ပါသနည်း။

နိုင်ထက်စီးနင်းပြုသော သို့မဟုတ် သဘောတူ ခွင့်ပြုချက်မပါရှိသော အခြေအနေများဆိုသည်မှာ အရောင်းအဝယ်လုပ်ခံရသူ၏ လွတ်လပ်စွာရွေးချယ်ခွင့်မရှိသည့် အခြေအနေများဖြစ်သည်။[၈၀] ဤအခြေအနေများတွင် အောက်ပါအခြေအနေတို့အပါ အဝင်ဖြစ်သည်။[၈၁]

- ◆ ခြိမ်းခြောက်ခြင်း
- ◆ အင်အားသုံးခြင်း
- ◆ တရားမဝင် ချုပ်နှောင်ထားခြင်း (ပြန်ပေးဆွဲခြင်း)
- ◆ လိမ်ညာလှည့်ဖြားခြင်း
- ◆ လိုအပ်နေသော အကျိုးခံစားခွင့်ကို ပေးမည်မဟုတ်၊ သို့မဟုတ် လုပ်ပေးစရာရှိသည်ကို လုပ်ပေးမည်မဟုတ်ဟု ခြိမ်းခြောက်ခြင်း၊ မိမိကိုသော်လည်းကောင်း အခြားသူများကို သော်လည်းကောင်း ထိခိုက်နစ်နာအောင်လုပ်မည် တကဲကဲ ခြိမ်းခြောက်ခြင်း
- ◆ ကိုယ်ခန္ဓာ သို့မဟုတ် စိတ်ဓါတ်အရ ချိနဲ့ခြင်း။ သာဓကအားဖြင့် မသန်မစွမ်း ဖြစ်နေခြင်း၊ အသက်အရွယ် ငယ်လွန်းခြင်း၊ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ အခြားဆေးဝါးများဖြစ်စေ တိုက်ကျွေးထားခြင်း။

## (ဂ) အမြတ်ထုတ်လိုသောရည်ရွယ်ချက် ဆိုသည်မှာ မည်သို့သောရည်ရွယ်ချက်များဖြစ်ပါသနည်း။

မတရား သို့မဟုတ် လွှမ်းမိုးချယ်လှယ်သည်ဟု ယူဆရသော ရည်ရွယ်ချက်တစ်စုံတရာအတွက် လူကုန်ကူး ခြင်းကို နိုင်ငံတကာဥပဒေအရ ချိုးဖောက်မှုမြောက်သော အမြတ်ထုတ်မှုအဖြစ် ယူဆနိုင် ပါသည်။ သာဓကအနေနှင့်ဖော်ပြရလျှင်၊ အောက်ပါတို့သည် လူကုန်ကူးခြင်းအမှုများတွင် တွေ့ရလေ့ရှိ

---

၈၀။ နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒပါရှိခြင်းဆိုသည်မှာ ပြစ်မှုကျူးလွန်သူ၏ အမြင်ဖက်မှ မဟုတ်ဘဲ နစ်နာရသူ ကာယကံရှင်ဘက်မှ အမြင်သာဖြစ် သည်။ ကျူးလွန်သူဘက်က နိုင်ထက်စီးနင်းပြုခြင်းမရှိဟု ယူဆနိုင်သော်လည်း၊ နစ်နာရသူ ဘက်ကမူ နိုင်ထက်စီးနင်း အတင်းအကျပ်ပြုသည်ဟု မြင်နိုင်သည်။ ဤအတွက်ကြောင့် နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိခြင်းဆိုသည်မှာ နစ်နာရသူ ကာယကံရှင်၏ အတွေ့အကြုံကံအရသာ ဆုံးဖြတ်ရမည်။

၈၁။ လူကုန်ကူးရောင်းချမှု အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို ရောင်းချခြင်းကို ကာကွယ်ပေးရန်၊ နှိပ်ကွပ်ရန်နှင့် ပြစ်ဒဏ်ပေးရန် သဘောတူညီချက်။ ပုဒ်မ ၃ (က)Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women an Children, Article 3(a).

သော အမြတ်ထုတ်မှုသဏ္ဍာန် အချို့ဖြစ်သည်။[၈၂]

- ◆ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း
- ◆ အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်း
- ◆ ကျွန်ပြုခြင်း သို့မဟုတ် ကျွန်ပြုခြင်းနှင့် အလားတူ လုပ်ရပ်များ
- ◆ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ဖြတ်တောက်ပစ်ခြင်းတို့ ဖြစ်သည်။

လူကုန်ကူးခြင်းပြုသည်ဆိုလျှင် အမြတ်ထုတ်လိုသော ရည်ရွယ်ချက်ရှိရမည်ဟု ဆိုသော်လည်း နိုင်ငံတကာဥပဒေ ချိုးဖောက်မှုတရပ်အဖြစ်ဖော်ပြရာ၌ ဤရည်ရွယ်ချက်များကို ပြည့်ပြည့်စုံစုံဖော်ပြ နေစရာမလိုပါ။ အမြတ်ထုတ်လိုသော ရည်ရွယ်ချက် တရပ်ရပ်ဖြင့် လူတယောက်ယောက်ကို ရောင်း ဝယ်ရန် ရည် ရွယ်သည်ဟုဆိုလျှင် လုံလောက်ပါသည်။[၈၃]

## (ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေအရ လူကုန်ကူးမှုမြောက်စေရန်အတွက် အစိုးရတရပ်ကလုပ်ဆောင် ချက်မျိုးဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများနှင့် အရင်းအမြစ်များကိုချုပ်ကိုင်ရန်နှင့်စီစဉ်နေရာချထား ရန်ကြိုးပမ်းသော အမျိုးသား (နိုင်ငံတော်အဆင့်) အဖွဲ့အစည်း"ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။သို့ဖြစ် ရာ အစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင်တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပာယ်ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရအရာရှိ တဦးက လူကုန်ကူးမှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည် များကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိအမှတ်ပြုမှုဖြင့်သော် လည်းကောင်း၊ ခွင့်ပြုမှုဖြင့် သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်

၈၂။ ဤစာရင်းသည်အပြည့်အစုံမဟုတ်သလိုမဆုံးနိုင်အောင်ရှိပါသည်။လူကုန်ကူးရောင်းချမှုအထူးသဖြင့်အမျိုးသမီးများနှင့်ကလေးငယ်များကိုရောင်းချခြင်းကိုကာကွယ်ပေးရန်၊ နှိပ်ကွပ်ရန်နှင့် ပြစ်ဒဏ်ပေးရန် သဘောတူညီချက Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children, Article 3(a).

၈၃။ ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးအဖွဲ့မှ ထုတ်ဝေသည့် ကုလသမဂ္ဂ၏ လူကုန်ကူးရောင်းဝယ်မှု ထိန်းချုပ်ရေးဆိုင်ရာလမ်းညွှန် အပြည့်အစုံ Annotated Guide to the Complete UN Trafficking Protocol, Global Rights, http://www.globalrights.org/site/DocServer/Annotated_Protocol.pdf?docID=2723 (last visited 19 Aug. 2008)

မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍ လုံလောက်စွာ အရေးယူရန် သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်းပါဝင်ပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ လူကုန်ကူးရောင်းချမှု ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထား လျှင် အစိုးရအနေနှင့် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာရောက်ပါသည်။

## ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီး ပုဂ္ဂလ လူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခု ကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံ ပြည်သူ့စစ်များ နှင့် အစိုးရကဲ့သို့ပြု မူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမ ဟုတ်သော အခြား အင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေ မှုများအတွက် တာဝန်ခံ ရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုး ရ မဟုတ်သော အခြားအင်အားစု များ (Non State Actors – NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုး တုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှု မျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့ အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည် ဖြစ်စေ၊ အစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

# လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ကို ပိတ်ပင်တားမြစ်ခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း
## (Obstruction of Freedom of Expression Assembly)



**(က) နိုင်ငံတကာ ဥပဒေအရ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်ကို ပိတ်ပင်တား မြစ်ခြင်းကို မည်သည့် အင်္ဂါရပ်များဖြင့် သတ်မှတ်ထားသနည်း။**

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်ကို ပိတ်ပင်တားမြစ်ခြင်းကို လူ့အခွင့်အရေးချိုး ဖောက်မှုတခုအဖြစ် မှတ်တမ်းတင်နိုင်ရန် အတွက် အောက်ဖော်ပြပါ အင်္ဂါရပ် (၃) ရပ် ထင်ရှားကြောင်း သက်သေတင်ပြရပါမည်။[၈၄]

၁။ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ကို ကြားဝင်နှောင့်ယှက်ခြင်း

၂။ တရားမဝင် ဆောင်ရွက်မှု

၃။ အစိုးရ၏ ဆောင်ရွက်မှု တို့ ဖြစ်သည်။

၈၄။ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကာကွယ်မှုပေးထားသော အဓိကကျသည့် နိုင်ငံတကာ ဥပဒေများတွင် အောက်ပါတို့ ပါဝင်သည်။
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ပုဒ်မ ၁၉။ Universal Declaration of Human Rights, Article 19
- ကုလသမဂ္ဂ နိုင်ငံသားနှင့်နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ ၁၉။ UN International Covenant on Civil and Political Rights (ICCPR), Article 19
- ကုလသမဂ္ဂကလေးများအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ-၁၃။ UN Convention on the Rights of the Child (CRC), Article 13
- ကုလသမဂ္ဂ လူမျိုးရေးအရ နည်းပေါင်းစုံနှင့် ခွဲခြားဖိနှိပ် ဆက်ဆံမှုများကို အဆုံးသတ်စေရေး နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ- ၅ (ဃ) (၈) UN International Convention on the Elimination of All Forms of Racial Discrimination (CERD), Article 5(d)(viii)

## (ခ) မည်သည့်အချက်များက ကြားဝင် နှောက်ယှက်မှု မြောက်ပါသနည်း။

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်အပေါ် ဖိနှိပ်ရန်အလို့ငှာ အစိုးရဌာန၊ အဖွဲ့အစည်း တခုခုက ပြုလုပ်သော မည်သည့် ဆောင်ရွက်မှုမဆို "ကြားဝင်နှောက်ယှက်ခြင်း"အဖြစ် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှု မြောက်စေပါသည်။ "ကြားဝင်နှောက်ယှက်ခြင်း" ၏ပမာဏ အတိုင်းအဆ အနဲအများနှင့် သက်ဆိုင်မှုမရှိပါ။ လွတ်လပ်စွာ ဖော်ပြခွင့်နှင့် စုဝေးခွင့် အခွင့်အရေးများကို တနည်းနည်းဖြင့် အနဲအကျဉ်း အနှောက်အယှက် ဖြစ်စေသည်ဖြစ်စေ၊ လုံးလုံးလျားလျား တင်းကြပ် ကန့်သတ်သည်ဆိုသည့် အတိုင်းအတာဖြစ်စေ ကြားဝင်နှောက်ယှက်ခြင်းမြောက်သည်။ "ကြားဝင် နှောက်ယှက်ခြင်း" ပုံစံသည်လည်း အလားတူ သက်ဆိုင်မှုမရှိပါ။ ကန့်သတ်ထားသော ဥပဒေများ၊ ဒီဂရီများ၊ အမိန့်များ၊ တရားရုံးဆုံးဖြတ်ချက်များနှင့် ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ လုပ်ဆောင်ချက်များစသဖြင့် အားလုံးပါဝင်သည်။[၈၅]

## (ဂ) လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်တွင် မည်သည့် အခွင့်အရေးများ ပါဝင်သနည်း။

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများတွင် ပြဋ္ဌာန်းထား ရာ၌ – မည်သို့သော အယူအဆ (အိုင်ဒီယာ)များနှင့် သတင်းများကို မဆို

- ◆ မည်သည့် နေရာ၊ အခြေအနေမျိုးတွင်မဆို
- ◆ မည်သို့သော သတင်းမီဒီယာများမှတဆင့်

---

ဒေသဆိုင်ရာ သဘောတူညီမှုများသည်လည်း လွတ်လပ်စွာဖော်ပြပြောဆိုခွင့် ချိုးဖောက်ထိပါးခြင်းကို ကာကွယ်မှုပေးထားပါသည်။ ဥပမာအားဖြင့်–အမေရိကတိုက်တွင် အမေရိကန်နိုင်ငံများ လူ့အခွင့်အရေးသဘောတူညီချက်၊ ပုဒ်မ–၁၃ American Convention on Human Rights "Pact of San Jose, Costa Rica," (Art. 13) ဥရောပတိုက်တွင် ဥရောပလူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (ပုဒ်မ–၁၀) European Convention on Human Rights (Art. 10) လွတ်လပ်စွာဖော်ပြပြောဆိုခွင့်ဆိုင်ရာ အခြေခံမူများ ထုတ်ပြန်ကြေညာစာတမ်း။ အမ်စတာဒမ် အကြံပြုချက်များနှင့် ဘီရှက် ထုတ်ပြန်ကြေညာချက် Declaration on Principles of Freedom of Expression, Amsterdam Recommendations and Bishkek Declaration/ အာဖရိကတိုက်တွင် အာဖရိကတိုက် လူသားနှင့်ပြည်သူ့အခွင့်အရေးဆိုင်ရာ African Declaration of Principles on Freedom of Expression in Africa အာဖရိကတိုက်တွင်း လွတ်လပ်စွာ ဖော်ပြပြောဆိုခြင်းဆိုင်ရာမူများ ထုတ်ပြန်ကြေညာချက် f Declaration of Principles on Freedom of Expression in Africa တို့ဖြစ်ပါသည်။ အာဆီယံအဖွဲ့တွင် အလားတူ သဘောတူညီမှုများ ရှိသော်လည်း လက်မှတ်ရေးထိုးရခြင်းမပြုရသေးပါ။
ဥပဒေအရ စည်းနှောင်မှုမရှိသော နိုင်ငံတကာစာချုပ် မှတ်တမ်းများသည်လည်း လွတ်လပ်စွာဖော်ပြ ပြောဆိုခွင့် ချိုးဖောက်ထိပါးခံရခြင်းကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ထားကြပါသည်။ ၎င်းတို့မှာ– ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာအကြား နားလည်မှု ပိုမို အားကောင်းလာစေရန်၊ လူမျိုးရေး သီသန့်ဝါဒများ အသားအရောင် ခွဲခြားဖိနှိပ်မှုနှင့် စစ်ပွဲအတွက် လှုံ့ဆော်ခြင်းကို ဆန့်ကျင်ရန်နှင့် လူ့အခွင့်အရေးများ မြှင့်တင်နိုင်ရန်အတွက် လူထုသတင်းမီဒီယာများကို ပံ့ပိုးသည့်အခြေခံမူများ ထုတ်ပြန်ကြေညာချက် Declaration on Fundamental Principles concerning the Contribution to the Mass Media to Strengthening Peace and International Understanding, to the Promotion of Human Rights and to Countering Racialism, Apartheid and Incitement to War နှင့် အမျိုးသားလုံခြုံရေး၊ လွတ်လပ်စွာဖော်ပြပြောဆိုခွင့်နှင့် သတင်းများ ရယူပိုင် ခွင့်ဆိုင်ရာ Johannesburg Principles on National Security, Freedom of Expression and Access to Information တို့ ဖြစ်ပါသည်။

၈၅။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) ကလည်း စုဝေးခွင့်နှင့် ပတ်သက်၍ ကာကွယ်မှုပေးသော သဘောတူညီချက် အများဆုံးဖြတ်ထာ ရှိပြီး ဖြစ်ပါသည်။ ၎င်းတို့တွင်–
- (အိုင်အယ်လ်အို) သဘောတူညီချက် (၁၁)။ အသင်းအပင်း ဖွဲ့စည်းခြင်းဆိုင်ရာ အခွင့်အရေး ILO Convention No. 11 concerning the Right of Association
- (အိုင်အယ်လ်အို)သဘောတူညီချက် (၈၇)။ အသင်းအပင်း လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးလှုပ်ရှားခွင့ ILO Convention No. 87 concerning Freedom of Association and Protection of the Right to Organize
- (အိုင်အယ်လ်အို) သဘောတူညီချက် (၉၈)။ စုဝေးလှုပ်ရှားခွင့်နှင့် စုပေါင်း၍ ညှိနှိုင်းတောင်းဆိုခွင့်ဆိုင်ရာ အခွင့်အရေးမူများကိုအသုံးချခြင်း ILO Convention No. 98 concerning the Application of the Principles of the Right to Organize and to Bargain Collectively

◆ ရှာဖွေ၊ လက်ခံရယူ၊ သတင်းပို့ခွင့် အခွင့်အရေး ရှိရမည်ဟု ဆိုပါသည်။

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်တွင် အခွင့်အရေးမျိုးစုံ ပါဝင်ပါသည်။ လွတ်လပ်စွာ ဖော်ပြပြောဆို ခွင့်တွင် သတင်းများကို ဖော်ပြပေးပို့ခွင့်သာမက၊ သတင်းနှင့် အယူအဆ (အိုင်ဒီယာ)များကို လက်ခံရယူခွင့်၊ ရှာဖွေခွင့်လည်း ပါဝင်ပါသည်။ သာဓကအားဖြင့် ဖော်ပြရလျှင်– နိုင်ငံတော် အစိုးရအနေနှင့် ရှာဖွေ ရယူနိုင်မည့်ဌာန၊ ပစ္စည်းများ ပံ့ပိုးထောက်ပံ့ ပေးရမည့်အပြင်၊ သတင်း၊ မှတ်တမ်းများ တောင်းဆိုလာပါ ကလည်း တုံ့ပြန်ပေးရန် တာဝန်ရှိပါသည်။[၈၆] ထိုမှုမက ပါဝင်သည့် အကြောင်းအရာနှင့် ဖော်ပြသည့် မီဒီယာ(ကြားခံ)ကိုလည်း ကာကွယ်မှုမျိုးစုံ လုပ်ဆောင်ပေးရန် တာဝန်ရှိပါသည်။[၈၇] ဤသို့ ဖော်ပြပြောဆိုမှုများကို နိုင်ငံတကာနယ်နိမိတ်များဖြင့် ပိုင်းခြားကန့်သတ်မှု မရှိစေသင့်ပါ။ ဆိုလိုသည်မှာ နိုင်ငံတော် အစိုးရတခုအနေနှင့် အခြားနိုင်ငံများနှင့် ဆက်သွယ်လက်ခံ၊ ပေးပို့ခွင့်ကိုခွင့်ပြုရ မည်ဖြစ်ပါသည်။[၈၈]

---

– (အိုင်အယ်လ်အို) သဘောတူညီချက် (၁၅၁)။ စုစည်းလှုပ်ရှားခွင့်နှင့် အစိုးရဌာနများတွင် အလုပ်နေရာ ခန့်ထားခြင်းဆိုင်ရာ အခြေအနေနှင့် လုပ်ငန်းစဉ်များ ILO Convention No. 151 concerning Protection of the Right to Organize and Procedures for Determining Conditions of Employment in the Public Service

– (အိုင်အယ်လ်အို) ၏ အလုပ်လုပ်ပိုင်ခွင့်ဆိုင်ရာ အခြေခံမူများ ထုတ်ပြန်ကြေညာချက် ILO Declaration on Fundamental Principles and Rights at Work တို့ဖြစ်ပါသည်။

ဒေသဆိုင်ရာ သဘောတူညီချက်များသည်လည်း လွတ်လပ်စွာစုဝေးခွင့်ကို ချိုးဖောက်ထိပါးခြင်းကို ကာကွယ်မှုပေးထားကြပါသည်။ ဥပမာအားဖြင့်– အမေရိကတိုက်တွင် အမေရိ ကန်နိုင်ငံများ လူ့အခွင့်အရေး သဘောတူညီချက်၊ ပုဒ်မ–၁၅ နှင့် ၁၆ (၁) American Convention on Human Rights “Pact of San Jose, Costa Rica,” (Art. 15 and 16(1)) ဥရောပတိုက်တွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ–၁၁ (၁) နှင့် (၂)convention for the Protection of Human Rights and Fundamental Freedoms (Art. 11(1) and (2)) ဥရောပလူမှုရေး ပဋိညာဉ်ကြေညာစာတမ်း၊ ပုဒ်မ ၅ နှင့် ၆ European Social Charter (Art. 5 and 6) /
ဥရောပသမဂ္ဂ၏ အခြေခံအခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာတမ်း၊ ပုဒ်မ–၁၁ Charter of Fundamental Rights of the European Union (Art. 12)အာဖရိကတိုက်တွင် အာဖရိကလူသားနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်ကြေညာစာတမ်း၊ ပုဒ်မ–၁၀ နှင့် ၁၁ African Charter on Human and Peoples' Rights (Art. 10 and 11) အာဖရိက ကလေးများ အခွင့်အရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ပဋိညာဉ်စာတမ်း၊ ပုဒ်မ–၈ African Charter on the Rights and Welfare of the Child(Art. 8) တို့ ဖြစ်ပါသည်။ အာဆီယံအဖွဲ့တွင် အလားတူသဘောတူညီချက်များ ရှိသော်လည်း လက်မှတ်ရေးထိုးခြင်း မပြုရသေးပါ။ ဤမှတ်တမ်းများကို အောက်ဖော်ပြပါ အင်တာနက်စာမျက်နှာတွင် ရယူနိုင်ပါသည်။ (၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၂၇ နောက်ဆုံး ကြည့်ရှုချက်အရ) http://www2.ohchr.org/english/law

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL) ကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်းမရှိပါ။ (CIL) သည် အစိုးရ၏ ယေဘုယျ လုပ်ဆောင်ချက်မှ လာသည့် ဥပဒေကျောရိုး တခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှု မရှိပါ။ Leon E. Irish and Karla W. Simon, Freedom of Association: Recent Developments Regarding the “Neglected Right,” American Society of International Law Human Rights Interest Group Newsletter, Vol. 9. No. 1 and 2, p.37.

၈၆။ Central Asian Pocketbook on Freedom of Expression, Article 19, October 2006.
လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်တွင် တိကျသည့်အမြင်၊ အိုင်ဒီယာများ ပါဝင်ပါသည်။ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ စီးပွား ကုန်သွယ်ရေး၊ အနုပညာဖော်ပြချက်များလည်းပါဝင်သည်။

၈၇။ ထိုမျှမက လူအများအကြား သဘောမတူအငြင်းအခုံ ဖြစ်ဖွယ်ရှိသည့်၊ မှားယွင်းသည့်၊ ထိတ်လန့်ဖွယ်ဖြစ်သည့် အကြောင်းချင်းရာများလည်း ပါဝင်နိုင်သည်။ ဖော်ပြမှုဆိုလိုသည်မှာလည်း မည်သည့် မီဒီယံကြားခံအဖြစ် ကန့်သတ်ထားမှုမရှိပေ။ ရေးသားသည့် အသွင်ဖြစ်စေ၊ အသံ၊ ရုပ်မြင် စသည်ဖြင့် နည်းမျိုးစုံဖြင့် ဖော်ပြမှုကို ဆိုလိုသည်။

၈၈။ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ဆိုင်ရာ အလယ်ပိုင်း အာရှနိုင်ငံများ လက်စွဲစာအုပ်၊ ၁၉ အောက်တိုဘာလ၊ ၂၀၀၆ ခုနှစ်ထုတ် Central Asian Pocketbook on Freedom of Expression, Article 19, October 2006.

### (ဃ) လွတ်လပ်စွာ စုဝေးခွင့်တွင် မည်သည့် အခွင့်အရေးများ ပါဝင်သနည်း။

လွတ်လပ်စွာ စုဝေးခွင့်ကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများတွင် ပြဋ္ဌာန်းထားရာ၌ အကြောင်းကိစ္စတခုခုအတွက် အခြားသူများ ပါဝင်စုဝေးခွင့်ပင်ဖြစ်ပါသည်။[၈၉] လွတ်လပ်စွာ စုဝေးခွင့်တွင် အခွင့်အရေးပေါင်းစုံ ပါဝင်ပါသည်။ သာဓက ဖော်ပြရလျှင်– လွတ်လပ်စွာ စုဝေးခွင့်တွင် စုဝေးခွင့် အခွင့်အရေးကို ကာကွယ်မှု ပေးရုံမျှသာမကဘဲ၊ အဖွဲ့အစည်း၊ အုပ်စုများ ဖွဲ့စည်းခွင့်၊ အဖွဲ့တခု၊ အသင်းအပင်းတခုတွင် အဖွဲ့ဝင်ဖြစ်ရန် လက်ခံခွင့်၊ ငြင်းပယ်ခွင့်များလည်း ပါဝင်ပါသည်။ လွတ်လပ်စွာ စုဝေးခွင့်တွင် သက်ဆိုင်ရာ အခွင့်အရေးများလည်း ပါဝင်ပါသည်။ အထူးသဖြင့် အလုပ်သမား သမဂ္ဂများတွင် ပါဝင်ဆောင်ရွက်ခွင့် နှင့် စုပေါင်း၍ အပေးအယူပြုရန် တောင်းဆိုခွင့်များလည်း ပါဝင်ပါသည်။[၉၀]

### (င) မည်သည့်အချိန်တွင် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် အခွင့်အရေးများအား ကြားဝင်နှောက်ယှက်ခြင်း တရားဝင် သနည်း။

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့် အခွင့်အရေးများသည် အကန့်အသတ်မရှိ၊ အကြွင်းမဲ့ အခွင့်အရေးမဟုတ်ပေ။ ဆိုလိုသည်မှာ နိုင်ငံတော်အစိုးရ တခုသည် ဤအခွင့်အရေးများ နှင့်ပတ်သက်၍ ကန့်သတ်တားဆီးမိန့် ထုတ်ပြန်နိုင်သည်။ သို့ရာတွင် ကန့်သတ်ထားသည့် အခြေအနေ များအောက်၌သာလျှင် ဤတားမြစ်ချက်များကို ထုတ်ပြန်ခွင့်ရှိသည်။ နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့်များကို အောက်ပါအခြေအနေများအောက်၌ ကန့်သတ် တားမြစ်မှသာ ဥပဒေအရ တရားဝင်သည်။[၉၁]

(၁) ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ချက် ဖြစ်ရမည်။

(၂) တရားဥပဒေနှင့်လျှော်ကန်သော အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့်သော် ဆောင်ရွက်ရမည်။[၉၂]

---

၈၉။ ကုလသမဂ္ဂ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ ၂၁ နှင့် ၂၂။ UN International Covenant of Civil and Political Rights, Article 21 and 22.

၉၀။ See, Universal Declaration of Human Rights (Art. 23(4)), UN International Covenant on Civil and Political Rights (Art. 22(1)), UN International Covenant on Economic, Social and Cultural Rights (Art. 8(1)), Preamble of the Constitution of the International Labor Organization (ILO), ILO Declaration on Fundamental Principles and Rights at Work (para. 2(a)), ILO Conventions No. 87 and 98.

၉၁။ UN International Covenant of Civil and Political Rights, Article 19, 1966

၉၂။ တရားဥပဒေနှင့် လျော်ကန်သော ရည်ရွယ်ချက်များဆိုသည်မှာ သီးသန့်သဘော ကန့်သတ်မှုရှိပါသည်။ ဆိုလိုသည်မှာ ဤအကြောင်းပြချက်များဖြင့်သာ တားမြစ်မှု ဆောင်ရွက်နိုင်ပြီး၊ အလားတူ အကြောင်းပြချက်မျိုးဖြင့် လွပ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့် အခွင့်အရေးများကိုလည်း ကန့်သတ်ကောင်း ကန့်သတ်နိုင် သည်။

- ◆ အမျိုးသား လုံခြုံရေးအရ၊ လူအများ၏ လုံခြုံရေးအရ
- ◆ ရပ်ရွာတည်ငြိမ်ရေးနှင့် ရာဇဝတ်မှုများကို ကာကွယ်နိုင်ရန်အတွက်
- ◆ ကိုယ်ကျင့် စာရိတ္တနှင့် ကျန်းမာရေး ကာကွယ်ရန် လိုအပ်ချက် အရ
- ◆ အခြားသူများ၏ လွပ်လပ်မှုနှင့် အခွင့်အရေးများကို ကာကွယ်ရန်အတွက်

(၃) တရားဝင်သော အကြောင်းပြချက်တခုခုအတွက် ထုတ်ပြန်လုပ်ဆောင်ခြင်း ဖြစ်ရမည်။[၉၃]

လွတ်လပ်စွာဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့် အခွင့်အရေးများကို တားဆီးကန့်သတ်မှုများသည် အထက်ဖော်ပြပါ အချက်(၃) ချက် စာသားများမှ တခုခုနှင့် ကိုက်ညီမှသာလျှင် တရားဝင်ဖြစ်မည်။ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့် အခွင့်အရေးများအပေါ် တားဆီးကန့်သတ်မှုသည် အထက်ပါစာသားများမှ တခုခုနှင့် ကိုက်ညီမှု မရှိလျှင်တရား မဝင်ဘဲ နိုင်ငံတကာ တရားဥပဒေ ပြဋ္ဌာန်းချက်များအပေါ် ဆန့်ကျင်ချိုးဖောက်ရာရောက်စေသည်။

နိုင်ငံတော် အစိုးရတခုအနေနှင့် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်သည် စစ်ပွဲများတိုက်ခိုက်စေရန် ဝါဒဖြန့် ချိနေခြင်း၊ အမုန်းတရားပွားစေသော မိန့်ခွန်းများဖြစ်လာပါက တရားဝင်ဥပဒေကြောင်းအရ တားမြစ်နိုင်သည်။[၉၄]

### (စ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် လွတ်လပ်စွာစုရုံးခွင့်နှင့် အသင်းပင်းဖွဲ့စည်းခွင့်ကို ချိုးဖောက်မှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ် ဆောင်ချက်မျိုး ဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ “နိုင်ငံတော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာအသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများနှင့်အရင်း အမြစ် များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား (နိုင်ငံတော်အဆင့်) အဖွဲ့အစည်း”[၉၅] ကို ရည်ညွှန်း ခြင်းဖြစ်ပါသည်။ သို့ ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤ

---

၉၃။ “လိုအပ်ချက်အရ” ဆိုသောကန့်သတ်ချက်ဖြစ်ရန်အတွက်၊ ၎င်းင်းသည် တရားဝင်သည့် ရည်ရွယ်ချက်နှင့် ကိုက်ညီရမည်။ အခြားစကားဖြင့်ဆိုရလျှင် အကယ်၍ အခြားသော နည်းအားဖြင့် ၎င်းရည်ရွယ်ချက်အတွက်ကိုပင် ကန့်သတ်ချက်ပြုပါက၊ ပို၍အနှောင့်အယှက်နှင့် ဝင်ရောက်စွက်ဖက်မှု နည်းမည်ဆိုပါ က ယခုအဆိုပြုလာသော ကန့်သတ်ချက်သည် “လိုအပ်ချက်အရမဟုတ်” ဟူ၍ ဆိုနိုင်သည်။

၉၄။ UN International Covenant of Civil and Political Rights, Article 19, 1966. လူ့အခွင့်အရေး ကော်မီတီ၏ အဆိုအရ နိုင်ငံတော်အစိုးရများကို စစ်ပွဲအတွက် လှုံ့ ဆော်မှုများနှင့် အမုန်းတရားပွားစေသော မိန့်ခွန်း ပြောဆိုမှုများကို တားမြစ်ရန် ခွင့်ပြုထားရုံမျှမက၊ နိုင်ငံတော်အစိုးရများသည် အထက်ပါဖော်ပြပြောဆိုခွင့်ကို ပိတ်ပင်တားမြစ်ရန် လိုအပ်ပါသည်။ Human Rights Committee, General Comment 11, Article 20, 19th Session, 1983.

၉၅။ Mary Callahan, Political Authority in Burma’s Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East–West Cen– ter Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (State) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

အဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့် ကို ချိုးဖောက်ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၉၆] အစိုးရလုပ်ဆောင်ချက်တွင် တရားဝင် အသိအမှတ်ပြုမှုဖြင့်သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့် သော်လည်းကောင်း ဖြစ်ပွားသောချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့်ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်းပါဝင်ပါသည်။[၉၇] သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်ကို ချိုးဖောက်ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။

### ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာ ကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံ ပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ပြု မူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံ ရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှု

၉၆။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ ဖြစ်သည်။

၉၇။ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

မျိုးအဖြစ် သတ်မှတ်ရှုရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည်ဖြစ်စေ၊ အစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors – NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။